# အသံတိတ် ထိုးစစ်

## မြန်မာတပ်မတော်၏ နည်းဗျူဟာကြောင့် ကချင်ဒေသများတွင် မူးယစ်ဆေးဝါးပြဿနာ ကြောက်ခမန်းလိလိ ကြီးထွားလာခြင်း



# အသံတိတ် ထိုးစစ်ဆင်ခြင်း

## မြန်မာတပ်မတော်၏ နည်းဗျူဟာကြောင့် ကချင်ဒေသများတွင် မူးယစ်ဆေးဝါးပြဿနာ ကြောက်ခမန်းလိလိ ကြီးထွားလာခြင်း

## ကျေးဇူးတင်လွှာ

အစီရင်ခံစာ ထုတ်ဝေနိုင်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များကို သတ္တိရှိရှိ အမှန်အတိုင်း ဖြေကြားပေးသူ အယောက်စီတိုင်းကို ကျေးဇူးအထူးတင်ရှိသလို၊ အခက်အခဲအမျိုးမျိုးတွေရှိနေသည့် ကြားမှ ကြိုးစားပြီး သွားရောက် သတင်းယူခဲ့ကြသည့် KWAT ဝန်ထမ်းများနှင့် ကွင်းဆင်းလုပ်သားသူများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာ လက်တွေ့ပေါ်ထွက်လာရေးအတွက် လိုအပ်တဲ့ နည်းပညာပိုင်းအပါအဝင်၊ တည်းဖြတ် ပေးသော Burma Relief Center ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာ ထုတ်ဝေနိုင်ရန်အတွက် လိုအပ်တဲ့ငွေကြေးထောက်ပံ့ပေးသော Ophidian Research Institute (ORI) နှင့် Open Society Foundation (OSF) တို့ကိုလည်း များစွာကျေးဇူးတင်ပါသည်။

OPEN SOCIETY FOUNDATIONS

OPHIDIAN

BRC
Burma Relief Centre

# မာတိကာ


အစီရင်ခံစာ အကျဉ်းချုပ် ---------------------------------------------------------------------------------- ၆

နိဒါန်း ------------------------------------------------------------------------------------------------ ၁၁

သုတေသပြုလုပ်သည့် နည်းနာ ------------------------------------------------------------------------ ၁၁

၁။ ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှု ----------------------------------------------- ၁၂

နိုင်ငံရေးအခြေအနေ ---------------------------------------------------------------------------------- ၁၃

ကချင်ပဋိပက္ခ နောက်ခံသမိုင်း

မြန်မာအစိုးရ၏ ပြည်သူ့စစ်များ မူးယစ်ဆေးဝါးကိစ္စနှင့် ပတ်သက်ပြီး လုပ်ပိုင်ခွင့်ရထားမှု ----- ၁၄

စစ်ပွဲများကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုအပေါ် သက်ရောက်မှုများ ---------------------- ၁၇

မြန်မာအစိုးရ၏ နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်များမှ မူးယစ်းဆေးဝါး ပိုမိုထုတ်လုပ်နိုင်မှု

၁။ ကချင်ပြည်နယ်အရှေ့ပိုင်းရှိ နယ်ခြားစောင့်တပ်များ ထိန်းချုပ်၊ လွှပ်ရှားသည့် နယ်မြေများ

၂။ ရှမ်းပြည်မြောက်ပိုင်းတွင် ပြည်သူ့စစ်များ ထိန်းချုပ်ထားသည့် နယ်မြေများ

UNODC ၏ ဘိန်းတိုင်းတာရေး စစ်တမ်းအား မေးခွန်းထုတ်ခြင်း ----------------------------- ၂၁

လယ်သမားများအနေဖြင့် စစ်ပွဲများကြောင့် တခြား အသက်မွေးဝမ်းကျောင်း လုပ်ငန်းများထက် ဘိန်းပိုမို စိုက်ပျိုးလာရခြင်း ---------------------------------------------------------------- ၂၂

၂။ ကချင်ဒေသများတွင် မူးယစ်ဆေးဝါးသုံးစွဲမှုများ ------------------------------------------------ ၂၃

စစ်ပွဲကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှုအပေါ် သက်ရောက်မှုများ

ဘိန်းစိုက်ပျိုးသည့် ဒေသခံလူထုအတွင်း မူးယစ်ဆေးဝါး ပိုမိုသုံးစွဲလာခြင်း

မြို့ပေါ်ဒေသများတွင်လည်း ကြောက်ခမန်းလိလိ ဖြစ်နေသည့် ဘိန်းဖြူသုံးစွဲမှုနှုန်း ------------ ၂၄

ကျောင်းသားများအကြား မူးယစ်ဆေးအကြောတွင်း ထိုးသွင်း သုံးစွဲပြုမှု ------------------------ ၂၆

မိုင်းတွင်းများတွင်လည်း ဘိန်းဖြူသုံးစွဲမှု ကျယ်ကျယ်ပြန့်ပြန့်ဆက်လက်ဖြစ် ပေါ်နေခြင်း

ကုန်သွယ်ရေး လမ်းကြောင်းများတလျှောက် ဘိန်းဖြူနှင့် "ရာမ" စိတ်ကြွဆေးသုံးစွဲမှု ပျံ့နှံ့လာခြင်း

မူးယစ်ဆေးဝါးပြဿနာပျံ့ နှံ့မှုက အမျိုးသမီးများအပေါ် သက်ရောက်ပုံ ------------------------------၃၀

မူးယစ်ဆေးအလွဲသုံးမှုကြောင့် မိသားစုဝင် မိန်းကလေးများအပေါ် သက်ရောက်မှုများ

ဘဏ္ဍာရေးအရ ပိုမိုကြပ်တည်းလာခြင်း
မကျန်းမာသည့် မူးယစ်ဆေးဝါးသုံးစွဲသူများအပေါ် စောင့်ရှောက်ရန် လိုအပ်ခြင်း
ကိုယ်ထိလက်ရောက် ကျူးလွန်မှု ခံရခြင်း။
ရက်ရွံ့ခြင်းနှင့် စိတ်ဒဏ်ရာများ
အဝေးသို့ သွားရောက်အလုပ်လုပ်ရခြင်းနှင့် ကလေးများနှင့် ကွဲကွာသွားခြင်း
အမျိုးသမီးအများအပြား မူးယစ်ဆေး သုံးစွဲသူများ ဖြစ်လာကြခြင်း --------------------------- ၃၆
အမျိုးသမီးများ တရုတ်ပြည်တွင် အလုပ်လုပ်ရာမှ ဘိန်းဖြူနှင့် ရာမ စတင်သုံးစွဲခြင်း ------------------- ၃၇
ဆင်းရဲခြင်းကြောင့် ရပ်တည်ရေးအတွက် အမျိုးသမီးများ မူးယစ်ဆေးဝါး ရောင်း
ဝယ်ဖောက်ကားမှုတွင် ပတ်သက်လာရခြင်း ------------------------------------------------ ၃၉
လားရှိုးအချုပ်ခန်းအတွင်း မူးယစ်ဆေးဝါးမှုဖြင့် အရေးယူခံထားရသည့် အမျိုး
သမီးများ အခြေအနေ ------------------------------------------------------------------- ၄၀
၃။ မူးယစ်ဆေးဝါးပြဿနာအား ကိုင်တွယ်ဖြေရှင်းခြင်း ------------------------------------------------ ၄၂
မြန်မာအစိုးရဥပဒေအရ တားဆီးခြင်း
မြန်မာ စစ်ထောက်လှမ်းရေးမှ ကချင်လူငယ်များအား မူးယစ်ဆေးဝါးရောင်းချပေးရန် စီစဉ်ပုံ -- ၄၃
မူးယစ်ဆေးဝါး အနည်းအကျဉ်းရောင်းဝယ်သူနှင့်သုံးစွဲသူများသာဖမ်းဆီးခံ နေရခြင်း
နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ထိခိုက်မှုများ လျော့နည်းအောင်ဆောင်ရွက်ခြင်း ၄၅
ဒေသခံကချင်အသိုင်းအဝိုင်းမှ ကိုင်တွယ်ဖြေရှင်းချက်များ ------------------------------------------ ၄၆
KIO မှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးလုပ်ငန်း
ဘုရားကျောင်းများမှ မြို့ပေါ်တွင် ဆောင်ရွက်နေသည့် ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ ၄၇
ကျေးလက်တောရွာများရှိ လူထုမှ မူးယစ်ဆေးဝါးဆန့်ကျင်ရေး လှုပ်ရှားမှု ------------------- ၄၉
မုန်ဘော်ရှိ အမျိုးသမီးများဦးဆောင်ပြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးလှုပ်ရှားမှု
၄။ နိဂုံးနှင့် အကြံပြုချက်များ -------------------------------------------------------------------------- ၅၁
နောက်ဆက်တွဲ ------------------------------------------------------------------------------- ၅၄
- ယခုအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သူများစာရင်း
- တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့သည့် ဒေသများ၏မြေပုံ ------------------------------------------ ၅၈

# အစီရင်ခံစာ အကျဉ်းချုပ်

ယခုအစီရင်ခံစာသည် မြန်မာပြည်မြောက်ဖျားရှိ မြို့နယ် (၈) ခုအတွင်းမှ ကချင် မူးယစ်ဆေးဝါးသုံးစွဲသူများ၊ ၎င်းတို့၏ မိသားစုဝင်များ၊ မူးယစ်ဆေးဝါး ရောင်းဝယ်သူများနှင့် လူထုခေါင်းဆောင်များကို တွေ့ဆုံမေး ထားမှုများအပေါ် အခြေခံပြီး ကချင်ပြည်နယ်အတွင်း စိုးရိမ်စရာဖြစ်နေသည့် မူးယစ်ဆေးဝါးပြဿနာကို ပုံဖော်ထားခြင်းဖြစ်ပါသည်။ ဇွန်လ ၂၀၁၁ မှစပြီး ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် တိုက် ပွဲများ ပြန်လည်ဖြစ်ပေါ်ခြင်းက ကချင်လူထုအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်မှုကို မည်သို့ တိုးပွားလာ စေပြီး ဆိုးဆိုးရွားရွား မူးယစ်ဆေးဝါး အလွဲသုံးမှုများ ဖြစ်ပေါ်စေကြောင်းကိုပြသနေသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှု တိုးပွားလာခြင်း၏ အဓိကအချက်မှာ KIA အား တိုက်ခိုက်နိုင်ရန်အတွက် မြန်မာအစိုးရ လက်အောက်ခံ ပြည်သူ့စစ်များအား ဘိန်းစိုက်ပျိုးခြင်းနှင့် ဘိန်းဖြူအပါအဝင် တခြား သော မူးယစ်ဆေးဝါးထုတ်လုပ်မှုများကို ခွင့်ပြုထားသည့် မူဝါဒကြောင့်ပင်ဖြစ်သည်။ မြန်မာစစ်တပ်နှင့် ၎င်းတို့၏ မဟာမိတ်များ ကချင်ဒေသများအား တဖြည်းဖြည်းခြင်း သိမ်းပိုက်၊ ထိန်းချုပ်လာသည်နှင့် အမျှ မူးယစ်ဆေးဝါး ထုတ်လုပ်မှုမှာလည်း ပိုမို၍ တိုးပွားလာသည်။

ကချင်ပြည်နယ်ရှိ ဝိုင်းမော်နှင့် ချီဖွေမြို့နယ်များမှာ ဘိန်းအဓိက စိုက်ပျိုးမှုဒေသများ ဖြစ်လာပြီး၊ ၎င်းဒေ သကို မြန်မာစစ်တပ်နှင့် ကချင် အပစ်အခတ်ရပ်စဲရေး အဖွဲ့ခေါင်းဆောင်ဟောင်းနှင့်၊ လက်ရှိ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဇခုန်တိန့်ယိန်း ဦးဆောင်သည့် နယ်ခြားစောင့်တပ် အမှတ် (၁၀၀၁)၊ (၁၀၀၂)၊ (၁၀၀၃) နှင့် (၁၀၀၄) တို့ ထိန်းချုပ်ထားခြင်း ဖြစ်သည်။

ထူးဆန်းစွာပင် ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (UNODC) မှ ချီဖွေ ဒေသအား ဘိန်းစိုက် ပျိုးမှု "အထူး စိုးရိမ်ရဆုံး" ဒေသအဖြစ် သတ်မှတ်မထားခြင်းဖြစ်သည်။ ကချင်ပြည်နယ်အတွင်းရှိ ဝိုင်းမော် နှင့် တနိုင်းတို့ကိုသာ "အထူးစိုးရိမ်ရ" ဒေသအဖြစ် သတ်မှတ်ခဲ့ပြီး UNODC ၏ ၂၀၁၃ ဘိန်း စိုက်ပျိုးမှု စစ်တမ်းတွင် ပါဝင်ခဲ့သည်။ ကချင်ပြည်နယ်အတွင်း ၂၀၁၂ ခုနှစ်မှစ၍ ဘိန်းစိုက် ပျိုးမှု ၁၀ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု UNODC ၏ ခန့်မှန်းခြေမှာ သံသယဝင်စရာ ဖြစ်နေသည်။

ကချင်လူမျိုးများ နေထိုင်ရာဒေသဖြစ်သည့် ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်ခရိုင် အတွင်းရှိ ဘိန်းအဓိက စိုက်ပျိုးသော ဒေသများအား မြန်မာစစ်တပ်နှင့် ရှမ်းပြည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃ ဦး ဦးဆောင်သည့် တပ်ရင်းအပါအဝင်၊ ပြည်သူ့စစ် တပ်ရင်း ၁၃ ရင်းက ထိန်းချုပ်ထားသည်။ အဆိုပါဒေ သရှိ တချို့နယ်မြေများကို KIA မှ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းမှုများ ပြုလုပ်ခဲ့ဖူးသည်။

ဧကသောင်းနှင့်ချီသည့် ဘိန်းစိုက်ခင်းများ အစိုးရလက်အောက်ခံ ပြည်သူ့စစ်များ ထိန်းချုပ်ထားသည့် ဒေသတွင် စိုက်ပျိုးကြပြီး ပြည့်သူ့စစ်နှင့် တခြားအစိုးရ အာဏာပိုင်များမှလည်း အခွန်ကောက်ယူ သည်။ အခွန်ကောက်ယူမှုများရှိသော်လည်း ရွာသားများအနေဖြင့် ဘိန်းစိုက်ပျိုးမှုကို ပြောင်းလဲလုပ် ကိုင်ရခြင်းမှာ စစ်ပွဲများကြောင့် တခြားသီးနှံများစိုက်ပျိုးရန်နှင့် ဈေးကွက်သို့တင်ပို့ရန် အတားအဆီး၊ အခက်အခဲများ

ရှိနေ၍ဖြစ်သည်။ ရွှေပြောင်းနေထိုင်ရသည့် ရွာသားများ မိမိတို့ စိုက်ခင်းသို့ အရဲစွန့် ပြန်လာပြီး ဘိန်းစိုက်ပျိုးခြင်း သို့မဟုတ် တခြားရွာသားများ၏ စိုက်ခင်းတွင် ဝင်ရောက်လုပ်ကိုင်ခြင်း တို့လည်း အပါအဝင်ဖြစ်သည်။

အစိုးရလက် အောက်ခံ ပြည်သူ့စစ်များ ထိန်းချုပ်သည့်ဒေသများတွင် ဘိန်းစိုက်ပျိုးမှုသာမက၊ ဘိန်းဖြူ ချက်လုပ်ခြင်းနှင့် စိတ်ကြွဆေးထုတ်လုပ်ခြင်းတို့သည်လည်း အရေးယူမှု တစုံတရာမရှိဘဲ လုပ်ကိုင်နိုင်ကြသည်။ အဆိုပါ မူးယစ်ဆေးဝါးများမှာ ဘိန်းစိုက်သည့် ဒေသများတွင်သာမက၊ မြို့ပေါ်ဒေသများ၊ မိုင်းတွင်းများနှင့် ကုန်သွယ်လမ်းတလျှောက်ရှိ ကချင်လူထုထံ ရောက်ရှိသွားကြပြီး မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် ဘိန်းစွဲမှုပြဿနာကို ပိုမိုဆိုးရွားစေသည်။

ဆယ်စုနှစ်များစွာ ကချင်ရွာသားများမှာ အစဉ်အလာအရ ဘိန်းစိုက်ပျိုး၊ သုံးစွဲမှုရှိခဲ့သော်လည်း ယခုအခါ တွင် ဘိန်းစိုက်တောင်သူများထဲတွင် ဘိန်းသုံးစွဲသူဦးရေ ယခင်ကထက် ပိုမိုများပြားလာသည်။ တချို့ ဘိန်းစိုက်သည့်ရွာများတွင် အသက် ၅ နှစ်ခန့် ကလေးများပင်လျှင် ဘိန်းရှူကြသည်ကို တွေ့ရသည်။ ဘိန်းစိုက်ခင်းတွင် သွားရောက်လုပ်ကိုင်သည့် စစ်ပြေးဒုက္ခသည်များမှာလည်း ဘိန်းစားများဖြစ်လာကြ သည်။

မြစ်ကြီးနား၊ ဗန်းမော်၊ လားရှိုးစသည့် မြို့များနှင့် အနီးတဝိုက်တွင်လည်း ဘိန်းဖြူသည် ဘိန်းစိမ်းထက် ဈေးသက်သက်သာသာ ရနိုင်ပြီး၊ လူငယ်ထုအတွင်း ဘိန်းဖြူသုံးစွဲမှုနှုန်း ကြောက်ခမ်းလိလိ များပြား လာသည်။ ခန့်မှန်းခြေအားဖြင့် မြစ်ကြီးနားနှင့် ဗန်းမော် တက္ကသိုလ်ကျောင်းသား သုံးပုံ တပုံခန့်သည် ဘိန်းဖြူအကြောတွင်း ထိုးသွင်းသူများဖြစ်သည်။

မိုင်းတွင်းများတွင်လည်း ဘိန်းဖြူသုံးစွဲသူများ များပြားသည်။ ကျောက်တွင်းနှင့် ရွှေတွင်းများတွင် လာရောက် အလုပ်လုပ်ကိုင်သည့် မြို့ပေါ်မှ ကချင်၊ လူကြီး၊ လူငယ်တို့မှာလည်း အလုပ်ပင်ပန်းမှုနှင့် အထီးကျန်ဆန်မှုတို့ကြောင့် မူးယစ်ဆေးသုံးစွဲသူများအဖြစ်သို့ ရောက်ရှိကုန်သည်။ ခန့်မှန်းခြေအား ဖြင့် ဖားကန့်ကျောက်တွင်းတူး အလုပ်လုပ်နေသူ ၈၀ ရာခိုင်နှုန်းမှာ မူးယစ်ဆေး သုံးစွဲသူများ ဖြစ်သည်။ ၂၀၁၂ ခုနှစ်မှစ၍ ကြီးမားသည့် မိုင်းတွင်းဖြစ်လာသည့် ဖားကန့်တွင် စစ်ပွဲများ ဖြစ်နေသော်လည်း မူးယစ်ဆေးဝါးမှာမူ အမြဲ အဆင်သင့်ရှိနေသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုမှာ ကုန်သွယ်ရေးစခန်းများနှင့် တရုတ်နယ်စပ် လမ်းကြောင်းတလျှောက် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသည်။ ထိုသို့သုံးစွဲမှုမှာ ဘိန်းနှင့် ဘိန်းဖြူသာမက "ရာမ" ခေါ် စိတ်ကြွဆေးသုံးစွဲမှုမှာလည်း မြင့်တက်လာသည်။ ဗန်းမော်အနီးရှိ သစ်ရောင်းဝယ်ရေး စခန်းအနီးတွင် ခန့်မှန်းခြေအားဖြင့် လူငယ် ၅၀ ရာခိုင်နှုန်းမှာ မူးယစ်ဆေး အကြောတွင်း ထိုးသွင်းသူများဖြစ်သည်။ တရုတ် နိုင်ငံနှင့် အဓိကကုန်သွယ်ရေး လမ်းကြောင်းဖြစ်သည့် မူဆယ်-မန္တလေးလမ်းရှိ ယဉ်မောင်းသူ အတော် များများမှာ ဘိန်းဖြူနှင့် "ရာမ" ကို သုံးစွဲကြသည်။ မူဆယ်ရှိ တချို့ ဓာတ်ဆီဆိုင်များတွင် ဆေးထိုးအပ် နှင့် မိုးရေ (ပေါင်းခံရည်) ကို အကြွေအစား ပြန်အမ်းလေ့ရှိကြသည်။

အထူးသဖြင့် ကုန်သွယ်ရေးဒေသများတွင် အမျိုးသမီးများ "ရာမ" သုံးစွဲမှု မြင့်တက်လာသော်လည်း ကချင် မူးယစ်ဆေးဝါးသုံးစွဲသူ အများစုမှာ အမျိုးသားများဖြစ်သည်။ ဤသို့ ဖြစ်နေမှုက ကချင်လူ့အဖွဲ့အစည်းအတွင်း ကျား၊ မ တန်းတူညီမျှမှု မရှိသည့် မိသားစုဝင်များအတွက် ပြဿနာ များ

ဖြစ်ပေါ်စေသည်။ အရင်ကတည်းက အိမ်ထောင်စုတာဝန်များ ပိနေသည့် အမျိုးသမီးများသည် မိမိတို့၏ ခင်ပွန်းနှင့် သားများထံမှ မိသားစုအတွက် ထောက်ပံ့ငွေမရရှိခြင်း၊ မိသားစု ပိုင်ဆိုင်သည့် ပစ္စည်းများ ထုခွဲ ရောင်းချခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအတွက် ခိုးယူခြင်းများ ပြုလုပ်လာကြ၍ ပိုမို ကြပ်တည်းစွာ ရုန်းကန်ကြရသည်။ အမျိုးသမီးများသည် မူးယစ်ဆေးစွဲသူများ နာမကျန်းဖြစ်လျှင် ပြုစု ရခြင်းနှင့် ရုပ်ပိုင်း၊ စိတ်ဆိုင်းဆိုင်ရာအရ စော်ကားခံရသည်။

တချို့ မူးယစ်ဆေးစွဲသူများ၏ ဇနီးတို့သည် တရုတ်နိုင်ငံသို့သွားရောက် အလုပ်လုပ်ပြီး မိသားစုအား ပြန်လည် ထောက်ပံ့၊ ကူညီကြရသည်။ KWAT မှ ယခင်ထုတ်ဝေခဲ့သည့် အစီရင်ခံစာများအရ၊ တရုတ် နိုင်ငံသို့ သွားရောက် အလုပ်လုပ်ရသည့် ကချင်အမျိုးသမီးများမှာ လူကုန်ကူးမှု အန္တရာယ်ကို အကြီးအ ကျယ် ကြုံတွေ့ရသည်။ KWAT မှ တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီးများအဆိုအရ ၄င်းတို့သည် တ ရုတ်ပြည် ရောက်မှ မူးယစ်ဆေးဝါး စတင်သုံးစွဲကြခြင်းဖြစ်သည်။

ဆင်းရဲမွဲတေမှုနှင့်စစ်ပွဲကြောင့် အခြေအနေများပိုမိုဆိုးရွားလာစေ မှုတို့က အမျိုးသမီးများအား မူးယစ် ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု လောကသို့ ရောက်ရှိသွားစေသည်။ လယ်မြေအတွင်း မိုင်းထောင် ထားသောကြောင့် ထွန်ယက်စိုက်ပျိုးမှု မလုပ်နိုင်သည့် ဇန်းမော်ရှိ အမျိုးသမီးတဦးသည် သူ့သားအ တွက် ဆေးဝါးကုသစားရိတ်ကို "ရာမ" စတင်ရောင်းချခြင်းဖြင့် ရှာဖွေရသည်။ နောက်ထပ် အမျိုးသမီး တဦးမှာလည်း ဘိန်းဖြူစွဲနေသည့် ယောကျ်ားဖြစ်သူ၏ ဆေးရုံစားရိတ်အတွက် ဘိန်းဖြူစတင် ရောင်းချ ရှာဖွေရသည်။

အစိုးရအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိုလိုလိုလားလား ဆောင်ရွက်ရန် ဆန္ဒမရှိမှုကြောင့် လာဘ်ပေးလာဘ်ယူများ တိုးပွားလာပြီး မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုအား ဥပဒေအရ တင်းကြပ်စွာ တားဆီးအရေးယူခြင်းလည်း မရှိပေ။ မူးယစ်ဆေးဝါး အနည်းအကျဉ်း ရောင်းဝယ်သူနှင့် သုံးစွဲသူများသာ အရေးယူခံနေရသည်။ မိသားစုစီးပွားရေးအရ မူးယစ်ဆေးဝါးနှင့် ပတ်သက်လာရ သည့် အမျိုးသမီးများမှာလည်း သူတို့ လွတ်မြောက်ရေးအတွက် လာဘ်မထိုးနိုင်ပါက နှစ်ရှည်ထောင် ဒဏ်များ ချမှတ်ခံရသည်။ KWAT မှ မှတ်တမ်းတင်ထားသည့် ဖြစ်ရပ် သုံးခုတွင် ကိုယ်ဝန်ဆောင် အမျိုးသမီးသုံးဦးကို မူးယစ်ဆေးဝါး သုံးစွဲမှု သို့မဟုတ် ရောင်းဝယ်မှုဖြင့် ထောင်ဒဏ် ၄ နှစ်မှ ၁၈ နှစ် အသီးသီးချမှတ်ခဲ့ပြီး၊ ၄င်းတို့မှာ ထောင်တွင်းတွင်ပင် ကလေးမွေးဖွားခဲ့သည်။

နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအနေဖြင့် မူးယစ်ဆေးဝါးကိစ္စကို အဓိက ကိုင်တွယ် ကူညီပေးသည့်အနေဖြင့် ဆေးထိုးအပ်များ ပေးဝေခြင်း အပါအဝင် ထိခိုက်မှုလျော့နည်းရေး အစီအစဉ် အား ဆောင်ရွက်ခြင်းဖြစ်သည်။ ဒေသခံပြည်သူများအတွင်း ထိုလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး ဒွိဟပွား နေကြပြီး ဆေးထိုးအပ်များ ပေးဝေခြင်းသည် မူးယစ်ဆေးဝါးသုံးစွဲစေရန် အားပေးအား မြောက်ပြုရာ ရောက်သည်ဟု စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျှက်ရှိသည်။

ထို့ကြောင့် လူ့အဖွဲ့အစည်းများအတွင်း မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် ပတ်သက်ပြီး ကြီးထွားလာသည့် ပြဿနာကို ၄င်းတို့အစီအစဉ်ဖြင့်ပင် ဖြေရှင်းနိုင်ရန် ကြိုးပမ်းလာကြသည်။ မြို့ကြီးများတွင် ဘုရား ကျောင်းများက ပြန်လည်ပြုစု ပျိုးထောင်ရေးစခန်းများ ဖွင့်လှစ်ကြပြီး၊ ကျေးလက်ဒေသများတွင် မူးယစ်ဆေးဝါးဆန့်ကျင်ရေး လှုံ့ဆော်စည်းရုံးမှုများ ပြုလုပ်လာကြသည်။

ထိုသို့ လူ့အဖွဲ့အစည်းအသီးသီးမှ ကြိုးပမ်းအားထုတ်ကြရာတွင် အမျိုးသမီးများသည် ဦးဆောင်မှု အခန်းမှ ပါဝင်သည်။ လွန်ခဲ့သည့် ၂နှစ်ခန့်က အက်စ်သာဟုခေါ်သည့် ကချင်သူနာပြုဆရာမ တဦး သည် မူးယစ်ဆေးဝါးဆန့်ကျင်ရေး လှုံ့ဆော်သည့် လူထုအဖွဲ့အစည်း တခုကို မူဆယ်ခရိုင်၊ မုန်းပေါ်တွင် စတင်ပြဖွဲ့စည်းခဲ့သည်။ သူ၏အဖွဲ့တွင် အဖွဲ့ဝင်အင်အား ၂၀၀ ခန့်ရှိပြီး၊ ကျေးရွာပေါင်း ၂၀ ကျော်တွင် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်အကြောင်း လူထုဟောပြောပွဲများ ကျင်းပခြင်း၊ ဆေးစွဲသူ များ ဆေးကုသခွင့်နှင့် ပြန်လည်ပြုစုပျိုးထောင်ရေးစခန်းတွင် စောင့်ရှောက်ခံနိုင်စေရန် ကူညီသည်။ သူတို့အဖွဲ့သည် မူးယစ်ဆေးဝါး ဖြန့်ဖြူး၊ ရောင်းချသူများအား ဆက်လက်မရောင်းချရန် ဖိအားပေး သည့် အနေဖြင့် ဒဏ်တပ်ခြင်းနှင့် ရဲလက်အပ်ခြင်းတို့ကိုလည်း ဆောင်ရွက်သည်။ အဆိုပါအဖွဲ့၏ အောင်မြင်မှု အချို့အနေဖြင့် မူးယစ်ဆေးဝါးရောင်းချသူ အနည်းဆုံး ၁၂ ဦးအား ဆက်လက် မရောင်းချ ရန် ဖျောင်းဖျနိုင်ခဲ့သည်။ သို့သော်လည်း ထိုသို့လုပ်ဆောင်ရာတွင် အလွန်အန္တရာယ်ကြီးမားသည်ကို တွေ့ရသည်။ အက်စ်သာ အနေဖြင့် အသတ်ခံရမည်ဟု ခြိမ်းခြောက်ခံရခြင်းနှင့် သူ၏အိမ်တွင် ဗုံး ထောင်ထားခြင်းများ ကြုံတွေ့ရသည်။

KWAT အနေဖြင့် စိုးရိမ်သည်မှာ နိုင်ငံတကာ အလှူရှင်အဖွဲ့အစည်းများအနေဖြင့် စစ်ပွဲများ ဖြစ်ပေါ်နေသည့် အပေါ် အာရုံမစိုက်ခြင်းနှင့် အထူးသဖြင့် အစိုးရ၏ သောင်းကျန်းသူဆန့်ကျင်ရေး မူဝါဒက မြန်မာနိုင်ငံရှိမူးယစ် ဆေးဝါးပြဿနာကို မီးလောင်ရာလေပင့် ဆိုသကဲ့သို့ ပိုမိုဆိုးရွားစေသည်ကို ဖြစ်သည်။ အလှူရှင်များအနေဖြင့် မူးယစ်ဆေးဝါး တန်ပြန်ဆန့်ကျင် လှုပ်ရှားမှုများ အပါအဝင် အကူအညီများကို အစိုးရထံ ပိုမို၍ တိုက်ရိုက် ထောက်ပံ့ပေးနေသည်။ သို့သော်လည်း ထိုသို့ ဖြစ်ပေါ်နေမှုက မြန်မာ အုပ်ချုပ်သူများကို ကချင်အပါအဝင် တိုင်းရင်းသားများအပေါ် စစ်ရေးအရ ဆက်လက် ထိုးစစ်ဆင်ရန်၊ စစ်ပွဲနှင့်ပတ်သက်ပြီး ကျူးလွန်သူများ၊ မူးယစ်ဆေးဝါးပြဿနာ ကျူးလွန်သူများအဖြစ် အလွယ်တကူပင် အားပေးအားမြှောက်ပြုရာ ရောက်နေသည်။

ထို့ကြောင့်KWATအနေဖြင့်နိုင်ငံတကာအလှူရှင်များအပါအဝင်ရင်းနှီးမြှုပ်နှံသူ များအားပဋိပက္ခများ ပြေလည်စေရန်နိုင်ငံရေးအရ တွေ့ဆုံအဖြေရှာသကဲ့သို့ မြန်မာနိုင်ငံရှိ မူးယစ် ဆေးဝါးပြဿနာကို အထူးဦးစားပေး အလေးထားဖြေရှင်းပေးရန် တိုက်တွန်းပါသည်။

မိမိတို့အနေဖြင့် အောက်ပါအတိုင်း အကြံပြုတိုက်တွန်းပါသည်။

## မြန်မာအစိုးရသို့

- စစ်ရေးအရ ကျူးကျော်နေမှုများ အဆုံးသတ်ရန်၊ မြန်မာပြည်ရှိ တိုင်းရင်းသားဒေသ အသီးသီးမှ စစ်တပ်များရုပ်သိမ်းရန်နှင့် ဖက်ဒရယ် ဒီမိုကရေစနစ် တည်ဆောက်ရေး အပေါ် အခြေခံသည့် စစ်မှန်သော နိုင်ငံရေးတွေ့ဆုံမှုများကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် စတင်ရန်။ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် အာမခံချက်ပေးရန်။
- တိုင်းရင်းသား ပဋိပက္ခအား နိုင်ငံရေးအရ ပြေလည်စေရန် ညှိနှိုင်းဆွေးနွေးရာတွင် မြန်မာပြည်ရှိ မူးယစ် ဆေးဝါး အမြစ်ပြတ်ချေမှုန်းရေးကိစ္စအားလည်း မဖြစ်မနေထည့်သွင်းဆွေးနွေးရေးအတွက် အသိအမှတ်ပြု လက်ခံရန်

- တော်လှန်ရေးအဖွဲ့အစည်းများအား တိုက်ခိုက်နိုင်ရန်အတွက် အစိုးရလိုလားသည့်၊ ဒေသခံ ပြည်သူ့စစ် များအား လွတ်လပ်စွာ မူးယစ်ဆေးဝါး ထုတ်လုပ်ခွင့်ပေးနေသည့် မူဝါဒအား ရပ်ဆိုင်းရန်။
- ဒေသခံ လူမှုအဖွဲ့အစည်းများမှ ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အစီအစဉ်များအား အစိုးရမှ နှောင့်ယှက်ခြင်း မပြုလုပ်ရန်။
- မူးယစ်ဆေးဝါး အလွဲသုံးမှုများ နောက်ထပ် ပျံ့နှံ့မှုမှ တားဆီးကာကွယ်ရန်အတွက် လူသားချင်း စာနာထောက်ထားသည့် အကူအညီများ ပေးနေသည့် အဖွဲ့အစည်းများ နေရာဒေသအသီး သီးရှိ စစ်ပြေးဒုက္ခသည်များအား ကူညီထောက်ပံ့ခွင့်ပြုရန်။

## နိုင်ငံတကာအစိုးရများအနေဖြင့်

- မြန်မာအစိုးရမှ စစ်ရေးအရ ကျူးကျော်နေမှုများ အဆုံးသတ်ရန်၊ မြန်မာပြည်ရှိ တိုင်းရင်းသားဒေသ အသီးသီးမှ စစ်တပ်များရုပ်သိမ်းရန်နှင့် ဖက်ဒရယ် ဒီမိုကရေစနစ် တည်ဆောက်ရေး အပေါ် အခြေခံသည့် စစ်မှန်သော နိုင်ငံရေးတွေ့ဆုံမှုများကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် စတင်ရန်။ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် အာမခံချက်ပေးရန်တို့အတွက် ဖိအားပေးရန်။
- တော်လှန်ရေးအဖွဲ့အစည်းများအား တိုက်ခိုက်နိုင်ရန်အတွက် ပြည်သူ့စစ် များအား လွတ်လပ်စွာ မူးယစ်ဆေးဝါး ထုတ်လုပ်ခွင့်ပေးနေသည့် မူဝါဒအား လူသိရှင်ကြား ပြစ်တင်ရှုံ့ချရန်။
- အစိုးရနှင့် KIA တို့ နှစ်ဖက်လုံးမှ ထိန်းချုပ်ထားသည့် မြန်မာပြည် မြောက်ပိုင်းရှိ စစ်ပြေးဒုက္ခသည်များ အား လုံလောက်သည့် လူသားချင်းစာနာသည့် အကူအညီများ အလျင်အမြန် ထောက်ပံ့ရန်။ အဆိုပါ အကူအညီများအား အကုန်အကျသက်သာစေရန်နှင့် ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် ဒေသခံ လူမှုအဖွဲ့အစည်းများသို့ တိုက်ရိုက် ထောက်ပံ့ရန်။

## ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (UNODC) အနေဖြင့်

- UNODC မှ နှစ်စဉ်ဘိန်းတိုင်းတာရေးလုပ်ငန်း နည်းနာကို ပြန်လည်ဆန်းစစ်ရန်၊ သို့မှသာ အောက်ခြေတွင် လက်တွေ့ ဘိန်းစိုက်ပျိုးမှု အခြေအနေမှန်ကို ထင်ဟပ်ဖော်ပြနိုင်မည်ဖြစ်ပြီး တိုင်းတာရေးလုပ်ငန်းတွင် အစိုးရ၏ ပြည်သူ့စစ်များ ထိန်းချုပ်ထားသည့် ဒေသများပါ ပါဝင်စေရန်။
- UNODC ၏ ဘိန်းတိုင်းတာရေးနှင့် အခြားသော မူးယစ်ဆေးဝါး အစီရင်ခံစာများတွင် ဘိန်းစိုက်ပျိုးသည့် ဒေသများတွင် မည်သူက နိုင်ငံရေးအရ ထိန်းချုပ်ထားသည်ကို မြေပုံဖြင့် ဖော်ပြမှုမျိုးအပါအဝင် နိုင်ငံရေး အရင်းခံအကြောင်းများကြောင့် ဘိန်းထုတ်လုပ်မှုအပေါ် ဩဇာသက်ရောက်မှုကို သုံးသပ် ထည့်သွင်းဖော်ပြရန်။
- UNODC အနေဖြင့် လုပ်ငန်းများ တိုးတက်လာစေသင့်ပြီး ၎င်း၏ လုပ်ငန်းစဉ်များအား ဒေသခံ လူထုအခြေပြုအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားရန်။

# နိဒါန်း

ကချင်မိသားစုအားလုံးနီးပါးပင် မူးယစ်ဆေးဝါးပြဿနာကို တွေ့ကြုံခံစားနေရသည်။ မူးယစ်ဆေးဝါးကြောင့်ပင် KWAT အဖွဲ့ဝင် အများအပြားသည်လည်း သူတို့၏ မိသားစုဆွေမျိုးများ ဆုံးရှုံးကြရသည်။ ထို့ကြောင့်ပင် မိမိတို့သည် ယခု အစီရင်ခံစာပြုစုရန်အတွက် ဆန္ဒပြင်းပြစွာဖြင့် သုတေသနပြုလုပ်ခဲ့ကြ ပြီး၊ မူးယစ်ဆေး အကြပ်အတည်းပြဿနာကို မည်သို့ စတင် ဖော်ထုတ်ရမည်ကို ရှာဖွေခြင်းဖြစ်သည်။

ယခုအခါတွင် မူးယစ်ဆေးဝါးပြဿနာသည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ စားပွဲပေါ်သို့ ရောက်ရှိလာသည်။ထိုသို့ ဖြစ်လာရခြင်းအပေါ် လူထုဆန္ဒ၊ အသံအား ထည့်သွင်း ဆွေးနွေးရန် မလွဲမသွေ လိုအပ်ပြီး သို့မှသာ အောက်ခြေလူထု၏ ပကတိ လက်တွေ့ ခံစား၊ စိုးရိမ်မှုများကို ထင်ဟပ်သည့် မူဝါဒများ ချမှတ်နိုင်မည်ဟု မိမိတို့အနေဖြင့် မှတ်ယူသည်။

ယခုအစီရင်ခံမှ တွေ့ရှိချက်များကစိုးရိမ်ဖွယ်ရာ မူးယစ်ဆေးဝါးပြဿနာကို စုပေါင်းကြိုးပမ်းကိုင်တွယ်ဖြေရှင်းရန် လိုအပ်နေကြောင်း ဖော်ထုတ် ပေးနိုင်မည်ဟု မိမိတို့အနေဖြင့် ရိုးသားစွာ မျှော်လင့်ပါသည်။

# သုတေသနပြုသည့် နည်းနာ

၂၀၁၇ ခုနှစ်မှ ၂၀၁၄ ခုနှစ် အစောပိုင်းအထိမူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ၎င်းတို့၏ မိသားစုများ၊ မူးယစ်ဆေးဝါး ရောင်းချသူ၊ ဘုရားကျောင်း အဖွဲ့ဝင်များ၊ ရပ်ရွာလူကြီးများနှင့် KIO မှ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ကော်မတီဝင်များအား KWAT မှ တွေ့ဆုံမေးမြန်းမှု ၇၅ ခု ပြုလုပ်ခဲ့သည်။ တွေ့ဆုံမေးမြန်းမှုများကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ မြို့နယ် ၈ မြို့နယ်တွင် ပြုလုပ်ခဲ့သည်။ (တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့သည့် မြေပုံအား စာမျက်နှာ ၅၄ တွင် ကြည့်ပါ)။ တွေ့ဆုံမေးမြန်းခွင့်ပြုသူများအား ၎င်းတို့၏ မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ ဒေသတခုချင်းစီတွင် ရရှိပုံနှင့် သုံးစွဲပုံ အတွေ့အကြုံများ အပြင်၊ စစ်ပွဲများက မူးယစ်ဆေးဝါးအပေါ် မည်သို့သက်ရောက်ပုံကိုပါ မေးမြန်းခဲ့သည်။





# ၁။ ကချင်ဒေသများအတွင်းမူးယစ်ဆေးဝါးထုတ်လုပ်မှု

## နိုင်ငံရေး အခြေအနေ

*"၁၉၆၀ ခုနှစ်တွေအထိ၊ ကျမရွာမှာ လမ်းတွေမရှိသေးပါဘူး၊ (တာမိုးညဲ) မြို့ပေါ်ကို မြင်းနဲ့ ဘိန်းစိမ်းထုတ်တွေတင်ပြီး သွားရတယ်။ ဈေးရောက်တော့ ဘိန်းတွေရောင်းပြီး မေမြို့မှာ ကျောင်းတက် ဖို့ ကျောင်းစားရိတ်ရှာရတယ်။ ကျမတို့ရွာမှာဆိုရင် လူကြီးတွေဘဲ ဘိန်းရှူကြတယ်၊ လူငယ်တွေက မရှူကြ ဘူး။ အဲဒီအချိန်တုန်းက ဘိန်းဖြူဆိုတာ တယောက်မှ ကြားတောင် မကြားဖူးသေးဘူး" (ရှမ်းပြည် မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်မှ ကချင်အမျိုးသမီးတဦး)*

လွန်ခဲ့သည့် နှစ်ပေါင်း တရာကျော်ခန့်ကပင် ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းရှိ တောင်ပေါ်ဒေ သများတွင် ဘိန်းစိုက်ပျိုးကြခြင်းဖြစ်သည်။ အစဉ်အလာအားဖြင့် ဘိန်းစိမ်းကို ကောက်ပဲ၊ သီးနှံကဲ့ သို့ ရွာနီးချုပ်စပ်တဝိုက်တွင် ရောင်းချကြပြီး အဓိကအားဖြင့် သက်ကြီးရွယ်အိုများ အတွက်သာ ဖြစ်သည်ဟု သတ်မှတ်ကာ သုံးစွဲမှုအား ကန့်သတ်၊ ထိန်းချုပ်ထားသည်။ ယနေ့အချိန်အခါတွင်မူ ယင်းတောင်တန်းဒေသများသည် ဘိန်းပိုမိုထွက်ရှိရာ အရင်းအမြစ်များ ဖြစ်လာရုံတင်မက ဒေသတွင်းနှင့် အခြားနေရာများတွင်ပါ အမြတ်အစွန်းများစွာရရှိစေသည့် ဘိန်းဖြူနှင့် ဓာတုဆေးဝါး ဈေးကွက်ဖြစ်လာနေပြီး ကချင်လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကို လျင်မြန်စွာ ကူးစက်၊ ပျံ့နှံ့စေသည်။

ယခုလို မူးယစ်ဆေးဝါးများ ဖောဖောသီသီ များပြားလာခြင်းနှင့် မည်သူတို့က ထိုအပေါ်မှ အကျိုးအမြတ် ဖြစ်ထွန်းနေသည်ဆိုသည့် အရင်းခံအကြောင်းတရားကို နားလည်သဘောပေါက်ရန်အတွက် ကချင်ဒေသများရှိ နိုင်ငံရေးအခြေအနေ၊ အထူးသဖြင့် လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခကို သုံးသပ်ရန် လိုအပ်သည်။

## ကချင်ပဋိပက္ခနောက်ခံသမိုင်း

မြန်မာပြည်တွင် ကချင်လူမျိုးများ ခန့်မှန်းခြေ ၁ သန်းမှ ၁.၅ သန်းရှိသည်။ ၎င်းတို့သည် အစဉ်အလာအားဖြင့် တောင်ပေါ်တွင် နေထိုင်ကြပြီး ကျေးရွာနှင့် လူမျိုးစုအကြီးအကဲများက အုပ်ချုပ်ခဲ့သည်။ မြန်မာနိုင်ငံအား ဗြိတိသျှတို့ အုပ်ချုပ်ခဲ့သည့် ကာလအတွင်း (၁၈၈၆-၁၉၄၈) ကချင်နယ်မြေများ သည် နယ်ခြားဒေသ အထူးစီရင်စုများအဖြစ် ရှိခဲ့သည်။ မြန်မာပြည်လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်မှစပြီး မြန်မာပြည် မြောက်ဖျားစွန်းဒေသများကို ကချင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့သည်။ သို့သော်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် အနည်းငယ်သာ ရခဲ့ခြင်းနှင့် မြန်မာဗဟိုအစိုးရ၏ တဘက်စောင်းနင်းပြုမူသည့် မူဝါဒတို့ကြောင့်၁၉၆၁ ခုနှစ်တွင် ကချင့်တော်လှန်ရေးကို စတင် ဖြစ်ပေါ်စေခဲ့ပြီး ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) နှင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် လက်နက်ကိုင် လှုပ်ရှားသည့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တို့ ပေါ်ပေါက်လာသည်။

မြန်မာ့တပ်မတော်အနေဖြင့် ၁၉၆၀ ခုနှစ်မှစပြီး နည်းအမျိုးမျိုးသုံးကာ မြန်မာပြည်မြောက်ပိုင်းရှိ KIA နှင့် တခြားတော်လှန်ရေးအင်အားစုများအား နှိမ်နင်းရန် ကြိုးပမ်းခဲ့သည်။ အရပ်သားများအား ပစ်မှတ်ထားပြီး တောင်ပေါ်ဒေသများမှ ကချင်မြေပြန့်ဒေသများသို့ အတင်းအကြပ်ရွှေ့ပြောင်း စေသည့် "မြေလှန်"စံနစ်ကျင့်သုံးမှုလည်း ပါဝင်သည်။ ယနေ့အချိန်အခါတွင် ပြည်နယ်တွင်းရှိ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ မြေပြန့်ဒေသများတွင် နေထိုင်ကြသည်။

အစိုးရ၏ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ကိုဆန့်ကျင်ရေး အဓိက နည်းပရိယာယ်တခုမှာ ဒေသခံ ပြည်သူ့စစ်များ ဖွဲ့စည်း ထူထောင်ပေးပြီး တော်လှန်ရေးအင်အားစုများအား တိုက်ခိုက်စေခြင်းဖြစ်သည်။ ၁၉၆၀ တဝိုက်တွင် အဆိုပါအဖွဲ့များကို ကာကွယ်ရေး ဟု ခေါ်ဝေါ်သည်။ ကာကွယ်ရေးအဖွဲ့များကို စီးပွားရေးလုပ်ပိုင်ခွင့် များပေးထားပြီး အပြန်အလှန်အားဖြင့် ထိုအဖွဲ့များမှ တော်လှန်ရေးအင်အားစုများကို တိုက်ခိုက်ကြရ သည်။

မြန်မာစစ်အုပ်စုမှကျင့်သုံးသည့်နောက်ထပ်နည်းပရိယာယ်တမျိုးမှာမည်သည့်နိုင်ငံရေးအခွင့်အရေးမှ မပါသည့် "ဖွံ့ဖြိုးရေး"နှင့် စီးပွားရေး မက်လုံးများပေးမည်ဟု ကတိပြုပြီး တော်လှန်ရေးအင်အားစုများ အားစည်းရုံးသိမ်းသွင်းကာ အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးစေခြင်းဖြစ်သည်။ ၁၉၈၉ ခုနှစ်တွင် မြန်မာပြည် လွတ်လပ်ရေးရရှိချိန်မှစ၍ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲခဲ့သည့် မြန်မာပြည် ကွန်မြူနစ်ပါတီ (CPB) ပြိုကွဲသွားသည့်အခါ၊ စစ်အုပ်စုသည် CPB ၏ ဒေသခံ စစ်တပ်များ ကို သီးခြားစီ အပစ်အခတ်ရပ်ရေး သဘောတူ လက်မှတ်ရေးထိုးစေရန် စည်းရုံးပြီး၊ ၎င်းတို့နယ်မြေများ အား ဆက်လက်အုပ်ချုပ်ပိုင်ခွင့်နှင့် စီးပွားရေးလုပ်ပိုင်ခွင့်များ ပေးခဲ့သည်။ ၎င်းတို့ထဲမှ တဖွဲ့မှာ ကချင်-တရုတ်နယ်စပ်တွင် လှုပ်ရှားသည့် ကချင်ဒီမိုကရက်တစ် တပ်မတော် (NDA-K) ဖြစ်သည်။

တခြားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှာလည်း အပစ်အခတ်ရပ်စဲရေး လက်မှတ် ရေးထိုးရန် ဖိအားပေးခြင်းခံရသည်။ ၁၉၉၁ ခုနှစ်တွင် ရှမ်းပြည်မြောက်ပိုင်းရှိ KIA မှ ခွဲထွက်အဖွဲ့ဖြစ်သည့် ကချင်ကာကွယ်ရေးတပ် (KDA) သည် စစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့ရပြီး KIA ကိုယ်တိုင်လည်း ၁၉၉၄ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာစစ်အုပ်စုသည် အပစ်အခတ်ရပ်စဲရေး သဘောတူမှုအပေါ် အခွင့်ကောင်းယူပြီး ကချင်ဒေသများ အတွင်း ၎င်းတို့ တပ်များအခြေစိုက်ခြင်းနှင့် အဓိကအားဖြင့် သစ်လုပ်ငန်း၊ ကျောက်စိမ်းနှင့် ရွှေတူးဖော် ခြင်းစသည့် သယံဇာတ ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်နှင့် အကျိုးအမြတ်များ ရရှိ အောင် လုပ်ဆောင်ခဲ့ကြသည်။ နေပြည်တော်မှ တိုင်းရင်းသား ပြည်နယ်များကို ဆက်လက်ထိန်းချုပ် ခွင့်ပြုထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ၊ တိုင်းရင်းသား အပစ်ရပ် တပ်များသည် မြန်မာ့ တပ်မတော်အောက်သို့ ဝင်ရောက်ပြီး နယ်ခြားစောင့်တပ် (BGF) များ ဖွဲ့စည်းရမည် (သို့မဟုတ်) အစိုး ရလိုလားသည့် ပြည်သူ့စစ်များ (PMF) အဖြစ် ပြောင်းလဲဖွဲ့စည်းရမည်ဖြစ်သည်။ NDA-K အနေဖြင့် နယ်ခြားစောင့်တပ် အမှတ် ၁၀၀၁၊ ၁၀၀၂၊ ၁၀၀၃ နှင့် ၁၀၀၄ အဖြစ် ပြောင်းလဲဖွဲ့စည်းရန် သဘောတူ ခဲ့ပြီး KDA သည်လည်း ပြည်သူ့စစ်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

သို့သော်လည်း KIO အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံရန် ဖိအားပေးခြင်းကို ငြင်း ဆန်ခဲ့သည်။ တင်းမာမှုများ ကြီးထွားလာပြီး အသစ်တက်လာသည့် အရပ်သားတပိုင်း မြန်မာအစိုးရ သည် တရုတ်အစိုးရ အကူအညီဖြင့် ဧရာဝတီမြစ်ပေါ်တွင် မြစ်ဆုံဆည်တည်ဆောက်ပြီး တရုတ်နိုင်ငံ သို့ လျှပ်စစ်ဓာတ်အားရောင်းချမည့် အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းကို အတင်းအကြပ်ဆက်လက်လုပ် ဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် မြန်မာစစ်တပ်သည် တာပိန် မြစ်ပေါ်တွင် တည်ဆောက်မည့် တရုတ်တို့၏ နောက်ထပ် လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း လုံခြုံရေးအတွက် ဝင်ရောက်အခြေချရာမှ KIA နှင့် တိုက်ပွဲများ ပြန်ဖြစ်ပြီး ၁၇ နှစ်ကြာ အပစ်အခတ် ရပ်စဲရေးသည်လည်း ကျိုးပျက်သွားခဲ့သည်။ ထိုအချိန်မှစ၍ တိုက်ပွဲများသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းသို့ ပြန့်နှံ့သွားပြီး ဒေသခံပြည်သူ ၁၂၀,၀၀၀ ကျော် စစ်ပြေးဒုက္ခသည်များအဖြစ် ပြောင်းရွှေ့နေထိုင်ကြရသည်။ မြန်မာစစ်တပ်သည် KIA ကို တိုက်ခိုက်ရန်အတွက် တခြားဒေသများမှ တပ်ဖွဲ့များကို ခေါ်ယူ အသုံးပြုသည်သာမက ၎င်းတို့၏ ဒေသခံ ပြည်သူ့စစ်များအားလည်း ထိုးစစ်ဆင် မှုအတွက် ကူညီအားဖြည့်စေသည်။

## မြန်မာအစိုးရ၏ ပြည်သူ့စစ်များအား မူးယစ်ဆေးဝါး လုပ်ပိုင်ခွင့် ပြုခြင်း

မြန်မာအစိုးရသည် မူးယစ်ဆေးဝါး ရောင်းဝယ်၊ ဖောက်ကားမှု၏ အဓိက လက်သည်တရားခံမှာ တိုင်းရင်းသား "သူပုန်" များဖြစ်သည်ဟု လုပ်ရိုးလုပ်စဉ်အတိုင်း ပြစ်တင်ပြောဆိုနေသော်လည်း၊ ယခု အခါတွင်ကချင်ဒေသများရှိမူးယစ်ဆေးဝါးလုပ်ငန်းတွင် အဓိကနေရာမှ ပါဝင်နေသည့် ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်အပါအဝင် မြန်မာစစ်သားများကိုယ်တိုင် ပါဝင်ပတ်သက်နေသည်။ အဆိုပါ အဖွဲ့များ၏ ဝင်ငွေအတွက် မူးယစ်ဆေးဝါး ထုတ်လုပ်ပိုင်ခွင့်ပေးထားသည်။ ယင်းအဖွဲ့များသည် ပင်ကိုယ်အားဖြင့် အခွန်ဘဏ္ဍာအတွက် အကျိုးအမြတ် အများဆုံးရသည့် အရင်းအမြစ်အဖြစ် ဝေးလံခေါင်သီသော တောင်တန်းဒေသများမှ မူးယစ်ဆေးဝါး ကုန်သွယ်မှုအပေါ် မှီခိုနေရသည်။ ၎င်းအဖွဲ့များသည် သူတို့ကိုယ်တိုင် မူးယစ်ဆေးဝါး စိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းဝယ်ဖောက်ကားခြင်း (သို့မဟုတ်) မူးယစ်ဆေးဝါး ကုန်သည်များထံမှ အခွန်ကောက်ခြင်းနှင့် လုံခြုံရေးယူပေးခြင်းတို့ကို လုပ်ကိုင်ကြသည်။ အဆိုပါအဖွဲ့များ၏ ခေါင်းဆောင်များမှာ အပြစ်ပေး၊ အရေးယူခံရခြင်း အလျဉ်းမရှိဘဲ မူးယစ်ဆေးဝါးလုပ်ငန်း လုပ်ကိုင်ခွင့်ရကြပြီး၊ အချို့မှာမူ လက်ရှိ မြန်မာ အစိုးရ၏ လွှတ်တော်ကိုယ်စားလှယ်များပင် ဖြစ်လာနေကြသည်။

ယခုအစီရင်ခံစာအတွက် စစ်တမ်းများအရ ကချင်ဒေသများအတွင်း အဓိက လှုပ်ရှားနေသည့် ပြည်သူ့စစ်များမှာ အောက်ပါအတိုင်းဖြစ်သည်။ မိမိတို့ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုများအရ အားလုံးသည် မူးယစ်ဆေးဝါးကုန်သွယ်မှုတွင် ပါဝင်ပတ်သက်နေကြသည်။

| စဉ် | ကျေးရွာ၊ မြို့နယ် | ပြည်သူ့စစ် စခန်းတည်နေရာများ | တပ်သားအင်အား (ခန့်မှန်းခြေ) | ခေါင်းဆောင်အမည် |
|---|---|---|---|---|
| | | ကချင်ပြည်နယ် | | |
| ၁ | ပန်ဝါ၊ ချီဖွေ မြို့နယ် | ပန်ဝါ နယ်ခြားစောင့်တပ် (၁၀၀၁) | ၁၀၀ ပတ်ဝန်းကျင် | ဇခုန်တိန့်ယိန်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| ၂ | ချီဖွေမြို့နယ် | ချီဖွေ နယ်ခြားစောင့်တပ် (၁၀၀၃) | ၁၀၀ ပတ်ဝန်းကျင် | ဇခုန်တိန့်ယိန်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| ၃ | ကန်ပိုင်တီ၊ ချီဖွေမြို့နယ် | ကန်ပိုင်တီ နယ်ခြားစောင့်တပ် (၁၀၀၂) | ၁၂၀ ပတ်ဝန်းကျင် | ဇခုန်တိန့်ယိန်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| ၄ | ဖိမော်၊ ဆော်လော်မြို့နယ် | ဖိမော် နယ်ခြားစောင့်တပ် (၁၀၀၄) | ၁၀၀ ပတ်ဝန်းကျင် | ဇခုန်တိန့်ယိန်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| | | ရှမ်းပြည်နယ်မြောက်ပိုင်း | | |
| ၅ | တာမုန်းညဲ၊ ကွတ်ခိုင်မြို့နယ် | မုန်းညဲ | ၁၀ (အရံ ၈၀) | ဝန်ကြိုင်တာ (ခ) မြင့်လွင် (ရှမ်းပြည်တော်ကိုယ်စားလှယ်) |
| ၆ | မုန်ဂျီ၊ ကွတ်ခိုင်မြို့နယ် | ၁။ မုန်ဂျီ<br>၂။ ဘန်လွမ်ဘမ် | ၃၀ (အရံ ၁၀၀) | |
| ၇ | နမ့်ဂွန်၊ မူဆယ်မြို့နယ် | ၁။ နမ့်ဂွန်<br>၂။ ဝေါ်ခိုင်း | ၃၀ | |
| ၈ | မုန်းဟာန်၊ မုန်ဂူမြို့နယ် | ၁။ မုန်ခေါ်န်<br>၂။ ဘန်ဖိတ်<br>၃။ ရှော့ဟော | ၄၀ | |
| ၉ | မန်ဂျေ၊ ကွတ်ခိုင်မြို့နယ် | ၁။ မန်ဂျေ<br>၂။ ဟူးဘရန် | ၄၀ | |

| စဉ် | ကျေးရွာ၊ မြို့နယ် | ပြည်သူ့စစ်<br>စခန်းတည်နေရာများ | တပ်သားအင်အား<br>(ခန့်မှန်းခြေ) | ခေါင်းဆောင်အမည် |
|---|---|---|---|---|
| ၁၀ | လုံထန်၊<br>ကျိုးကုတ်မြို့နယ် | ၁။ လုံ ထန်<br>၂။ ဒီမာ | ၄၀ | |
| ၁၁ | ကောင်းခါး၊<br>ကွတ်ခိုင်မြို့နယ် | ၁။ ဟူးဖျက်<br>၂။ ဖာခိတ်<br>၃။ မန်ရန်<br>၄။ မန်လုံ<br>၅။ နာတိ<br>၆။ ဟူးလိူင်<br>၇။ ဂါလန်(လ်)<br>၈။ ဂျာယန် | ၄၀၀ | |
| ၁၂ | မုန်းပေါ်၊ မူဆယ်မြို့နယ် | ၁။ မုန်းပေါ်<br>၂။ မုန်းဟွမ်<br>၃။ နမ့်ခေါင်<br>၄။ မိုင်ဖန်<br>၅။ မန်ကျမ်<br>၆။ မုန်ယာ | ၁၅၀ | ကိန်မိုင် (ရှမ်းပြည်နယ်<br>လွှတ်တော်အမှတ်) |
| ၁၃ | မုန်ဂူ မြို့နယ် | မုန်ဂူ | 40 | |
| ၁၄ | ဖောင်ဆိုင်း၊<br>ကွတ်ခိုင်မြို့နယ် | ဖောင်ဆိုင်း | 40 | |
| ၁၅ | ကွတ်ခိုင်မြို့နယ် | ၁။ ကွတ်ခိုင်<br>၂။ မုန်းရှူး<br>၃။ မော်ဟန်<br>၄။ မုန်ဂူ<br>၅။ ဂါလျှန်(လ်) | 150 | ဦးခွန်မြတ် နှင့် ဦးခွန်ဖုန်း<br>(ရှမ်းပြည်နယ် လွှတ်တော်<br>အမှတ်) |
| ၁၆ | ပန်ဆေး၊<br>ကွတ်ခိုင်မြို့နယ် | ၁။ ပန်ဆေးဘမ်<br>၂။ တာဂွမ်<br>၄။ မန်ဂျေ | ၁၀၀ | လီရှူယမ် (ခ) ကျော်မြင့်<br>ရှမ်းပြည်နယ်လွှတ်<br>တော်ကိုယ်စားလှယ်)၊<br>ဂျန်ဂွိုင်ချင် |
| ၁၇ | နမ့်ဖတ်ကာ၊<br>ကွတ်ခိုင်မြို့နယ် | နမ့်ဖတ်ကာ | ၁၀၀ | |

# စစ်ပွဲများကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုအပေါ် သက်ရောက်မှု

## မြန်မာအစိုးရ၏ နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်များမှ မူးယစ်ဆေးဝါး ပိုမို ထုတ်လုပ်နိုင်မှု

ကချင်ဒေသများတွင် တိုက်ပွဲများပြန်လည် ဖြစ်ပွားလာသည်နှင့်အမျှ မြန်မာအစိုးရသည် KIA အား တိုက်ခိုက်ရန်အတွက် ၄င်းတို့၏ နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်များကို ပိုမိုအားထားလာရသည်။ မြန်မာစစ်တပ်အနေဖြင့် KIA နယ်မြေပေါင်းများကို သိမ်းပိုက်ပြီးသည့်နောက်တွင် ၄င်းတို့၏ မဟာမိတ်များကို အဆိုပါဒေသများအား တိုးချဲ့ထိန်းချုပ်ခွင့်ပေးလိုက်သည်။ ထို့ကြောင့် အကန့်အသတ်ဖြင့် ဘိန်းစိုက်ပျိုးခွင့်ပေးသည့် KIA ၏ မူးယစ်ဆေးဝါးဆန့်ကျင်ရေး မူဝါဒနေရာတွင် ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်များ၏ ဘိန်းစိုက်ပျိုးမှု မြင့်တင်ခြင်းနှင့် မူးယစ်ဆေးအဖြစ် သန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်း တို့က အစားထိုးဝင်ရောက်လာ၍ ဘိန်းထုတ်လုပ်မှု များပြားလာစေသည်။

## ၁။ အစိုးရ၏ နယ်ခြားစောင့်တပ်များ ထိန်းချုပ်ထားသည့် ကချင်ပြည်နယ် အရှေ့ပိုင်းဒေသများ

စာမျက်နှာ-19 ရှိ မြေပုံက ပြသနေသည်မှာ  ကချင်ပြည်နယ်အရှေ့ပိုင်း ဘိန်းအဓိက စိုက်ပျိုးရာဒေသများမှာ ပိုင်းမော်နှင့် ချီဖွေမြို့နယ်တို့ဖြစ်ပြီး၊ ၄င်းဒေသများကို မြန်မာစစ်တပ်နှင့် ဇခုန်တိန့်ယိန်း ဦးဆောင်သည့် နယ်ခြားစောင့်တပ် အမှတ် ၁၀၀၁၊ ၁၀၀၂၊၁၀၀၃ နှင့် ၁၀၀၄ တို့က ထိန်းချုပ်ထား သည်။ ဇခုန်တိန့်ယိန်းသည် မြန်မာစစ်တပ်က KIA အား တိုက်ခိုက်ရာတွင် ကူညီခဲ့ပြီး၊ အထူးသဖြင့် တိုက်ပွဲများ ချီဖွေဒေသသို့ ပြန့်နှံ့လာသည့် ၂၀၁၂ ခုနှစ်မှ စတင်ကူညီခဲ့သည်။

ဒေသခံရွာသားတဦး ပြောပြချက်အရ ၂၀၁၀ ရွေးကောက်ပွဲအတွက် ဇခုန်တိန့်ယိန်း စည်းရုံးမှုလုပ်ခဲ့သည့် အချိန်မှစ၍ ၄င်းတို့အနေဖြင့် ဘိန်းကို လွတ်လပ်စွာ စိုက်ပျိုးခွင့်ရလာသည်။ သို့သော်လည်း ၂၀၁၁ ခုနှစ် ကချင်ပဋိပက္ခ ပြန်လည်ဖြစ်ပေါ်လာချိန်မှစ၍ ဘိန်းထုတ်လုပ်မှု မြင့်မားလာခြင်းဖြစ်သည်။


ဆဒုံမှ ဘိန်းတောင်သူတဦး အပြောအရ ဒေသတွင်းရှိ ကျေးရွာ ၁၇ ရွာမှာ ဘိန်းစိုက်ပျိုးခြင်းအပေါ် မှီခိုအားထားခဲ့ရသည်။ "ဘိန်းခင်းတွေဟာ မြန်မာအစိုးရ လက်အောက်ခံ နယ်ခြားစောင့်တပ် စခန်းအမှတ် ၁၀၀၃ လက်အောက်မှာရှိတယ်။ မိသားစုတစုကို ၂ဧက၊ ၃ ဧကလောက် ဘိန်းစိုက်ကြတယ်။ ဘိန်းမျိုးကောင်းတယ်ဆိုရင် ကျနော်တို့ရွာက တနှစ်ကို ကီလို ၁၅၀၊ ၂၀၀ လောက်ထွက်တယ်။ ဘိန်းခြစ်ရာသီရောက်ရင် တရုတ်တွေလာဝယ်ကြတယ်။ တကီလိုကို ယွမ် ၃,၀၀၀ လောက် ရတယ်"

ဘိန်းခွန်အား နယ်ခြားစောင့်တပ်တွင်သာမက မြန်မာအစိုးရ အာဏာ ပိုင်များမှလည်း ကောက်ယူသည် ဟု ဘိန်းတောင်သူက ရှင်းပြသည်။ "နယ်ခြားစောင့်တပ်၊ ရဲနဲ့ သစ်တောဌာနက ဘိန်းစိုက်တဲ့အချိန် အခွန်လာကောက်တယ်။ မိသားစုအားလုံး သူတို့ကို ပိုက်ဆံပေးရတယ်။ အခွန်ကောက်တဲ့သူတွေက ဘိန်းခင်းကိုကြည့်ပြီး ယွမ် ၁၀,၀၀၀ ဒါမှမဟုတ် ၂၀,၀၀၀ ကောက်တယ်"

အခွန်ကောက်ယူသည့်အတွက် ဘိန်းစိုက်ခြင်း တမျိုးတည်းနှင့်ပင် ရပ်တည်ရေးအတွက် ဝင်ငွေမလုံလောက်ဟု သူက မကျေမနပ်ပြောသည်။ "ကျနော့်မှာ ဘိန်းခင်း ၂ဧက၊ ၃ ဧက လောက်ရှိတယ်။

ဒါပေမယ့် ဝင်ငွေက မိသားစုအတွက် မလောက်ဘူး။ ဘာလို့လဲဆိုတော့ အစိုးရကိုလည်း အခွန်ပေးရ တယ်၊ ဘိန်းခင်းမှာလုပ်ဖို့ အလုပ်သမားလည်း ငှားရသေးတယ်။ ဒီအလုပ်က အရမ်းပင်ပန်းတယ်။ ကျနော့်အနေနဲ့ တခြားသီးနှံတွေလည်း စိုက်ချင်ပေမယ့် ပိုက်ဆံကမရှိဘူး။ တကယ်လို့ အစိုးရအနေနဲ့ တခြားသီးနှံတွေ စိုက်ပျိုးဖို့ အကူအညီပေးပြီး အဲဒီသီးနှံတွေရောင်းချဖို့ ဈေးတခုဖွင့်ပေးမယ်ဆို အရမ်းကောင်းမှာဘဲ”

စစ်ပွဲများပြန်လည်မဖြစ်ပွားမီက၊တရုတ်နယ်စပ်ဘက်မှလူအများအပြားဘိန်းစိုက်ပျိုးသည့်ဒေသများ တွင် လာရောက်အခြေချပြီး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြသည်။ သို့သော်လည်း တိုက်ပွဲများ ပြန်လည် ဖြစ်ပွားလာပြီးနောက် အများစုမှာ တရုတ်ပြည်ဘက်သို့ ပြန်သွားကြသည်။ ဒေသခံရွာသားများက ဘိန်းခင်း များအား ကြည့်ရှုပေးရပြီး၊ ဘိန်းခြစ်ရာသီ ရောက်သည့်အချိန်တွင်မှ ဘိန်းဝယ်ရန် ပြန်လာကြ သည်။





ကချင်ပြည်နယ်အရှေ့ပိုင်း ဘိန်းအဓိက စိုက်ပျိုးရာ ဒေသပြ မြေပုံ

## ၂. ရှမ်းပြည်မြောက်ပိုင်းရှိ အစိုးရလက်အောက်ခံ ပြည်သူ့စစ်များ ထိန်းချုပ်ထား သည့် နေရာများ

စာမျက်နှာ ၂၁ ရှိ မြန်မာစစ်တပ်နှင့် ပြည်သူ့စစ်တို့ထိန်းချုပ်ထားသည့် မူဆယ်ခရိုင်အတွင်းရှိ အဓိက ဘိန်းစိုက်ပျိုးသည့် ဒေသများကို တွေ့ရမည်ဖြစ်သည်။ ၂၀၁၁ ခုနှစ် တိုက်ပွဲများ ပြန်လည်ဖြစ် ပွားချိန်မှစပြီး ဘိန်းခင်းများ သိသိသာသာ များပြားလာသည်ဟု အဆိုပါဒေသများမှ ရွာသားများက ပြောဆိုသည်။ ၁၉၉၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အပစ်ရပ်ကာလအတွင်း ရှမ်းပြည်မြောက်ပိုင်းတွင် KIA တပ်မဟာ ၄ (ဌာနချုပ်မှာ ကွတ်ခိုင်မြို့နယ်၊ ဒီးမားတွင်ရှိသည်) တရားဝင်လှုပ်ရှားခဲ့စဉ်က၊ KIO သည် ဘိန်းစိုက်ပျိုးမှု တားဆီးသည့် မူဝါဒတရပ်ချမှတ်ပြီး ပမာဏ အနည်းငယ်ကိုသာ ကန့်သတ်ခွင့်ပြု စိုက်ပျိုးစေခဲ့သည်။


သို့သော်လည်း တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာချိန်မှစပြီး၊ မြန်မာစစ်တပ်သည် ဒေသခံပြည်သူ့စစ်များ ကို KIA ထိန်းချုပ်ခဲ့ရာ နေရာဟောင်းများကို တိုးချဲ့ထိန်းချုပ်ခွင့်ပြုခဲ့ရာ၊ ဘိန်းစိုက်ပျိုးမှု၊ ဘိန်းဖြူနှင့် စိတ်ကြွဆေးထုတ်လုပ်မှုများ မြင့်တက်လာသည်။ ဥပမာအနေဖြင့် ကွတ်ခိုင်နှင့် မူဆယ်အကြားရှိ အဓိကလမ်းမကြီးပေါ်တွင် တည်ရှိပြီး၊ မြန်မာစစ်တပ် တပ်ရင်း ၁၂၃နှင့် ဦးအေးမောင် ဦးဆောင်သည့် ပြည်သူ့စစ်များ ထိန်းချုပ်ထားရာနမ့်ဖက်ကာမြို့တဝိုက်တွင် ဘိန်းစိုက်ပျိုးမှု အကြီးအကျယ် မြင့်တက် လာသည်။ ဤဒေသမှာ KIA မှ ယခင်က မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဆောင်ရွက်ခဲ့သည့် နေရာဖြစ် သည်။ "ကျနော်မိသားစုအနေနဲ့ အရင်က ဘိန်းစိုက်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ၂၀၀၂ ရောက်တော့ မစိုက်တော့ပါဘူး၊ KIA က တားမြစ်ထားလို့ပါ" ဟု နမ့်ဖက်ကာမှ အမျိုးသမီးတဦးက ပြောသည်။ သို့သော်လည်း ယခုအခါ မိသားစု ၁၀၀ ခန့်သည် နမ့်ဖတ်ကာ တဝိုက်တွင် ဘိန်းစိုက်ပျိုးနေကြသည်ဟု ဒေသခံများ အဆိုအရ သိရသည်။ တချို့ဘိန်းခင်းများသည် ရွာနှင့် တမိုင်ခရီးခန့်ပင် မဝေးသည့် နေရာ တွင် ရှိကြသည်။ ဒေသခံများ ခန့်မှန်းသည်မှာနမ့်ဖတ်ကာ ဒေသတခုတည်းတွင်ပင် ဘိန်းခင်း ဧက ၁,၀၀၀ ကျော် စိုက်ပျိုးကြသည်။ ရွာသားများအပြောအရ ဘိန်းခင်းပိုင်ရှင်များသည် တရုတ်များ ဖြစ်ကြပြီး၊ တချို့မှာ တရုတ်မှဖြစ်ကာ၊ တချို့မှာ မန္တလေး၊ တောင်ကြီးနှင့် လားရှိုးမှဟု သိရသည်။ "ဘယ်နှစ်ကေရှိလဲ အတိအကျကတော့ ပြည်သူ့စစ်တွေဘဲသိမယ်။ သူတို့က အခွန်ကောက်နေကြတာ ကိုး။ သူတို့ကဘဲ ဘိန်းစိုက်တောင်သူတွေကို အကာအကွယ်ပေးနေတာ" ဟု ဘုရားကျောင်း ခေါင်းဆောင် တဦးမှပြောသည်။

ဘိန်းစိုက်ပျိုးမှု ကြီးမားများပြားသည့် နောက်ထပ်၊ နယ်မြေတခုမှာ တာမိုးညဲ ဖြစ်ပြီး မြန်မာစစ်တပ် တပ်ရင်း ၂၉၀နှင့် တရုတ်လူမျိုး စီးပွားရေးသမား ဝမ်ကွေးတာ (ခ) ဦးမြင့်လွင် ဦးဆောင်သည့် ဒေသခံပြည်သူ့ စစ်အဖွဲ့က ထိန်းချုပ်ထားသည်။ ဦးမြင့်လွင်သည် ရှမ်းပြည်နယ် လွှတ်တော်၏ လက်ရှိ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်။




ရှမ်းပြည်နယ်မြောက်ပိုင်း ဘိန်းအဓိက စိုက်ပျိုးရာ ဒေသပြ မြေပုံ

ကချင် နှင့် ရှမ်းပြည်နယ် ဘိန်းခင်းပြမြေပုံ (၂၀၁၃ UNODC မှ ရှာတွေ့ချက်များ)




UNODCတွင် မဖော်ပြသော အထူးစိုးရိမ်ရသည့် ဒေသများ နှင့် KWAT မှ ကောက်ယူစုဆောင်းခဲ့သည့်အထူးစိုးရိမ်ရသည့် ဘိန်းစိုက်ပျိုးမှုဒေသများ အချက်အလက်ခြားနား

## UNODC ၏ ဘိန်းတိုင်းတာရေး စစ်တမ်းအား မေးခွန်းထုတ်ခြင်း

KWAT မှ ကောက်ယူစုဆောင်းခဲ့သည့် ဘိန်းစိုက်ပျိုးမှုဒေသများ အချက်အလက်နှင့် UNODC ၏ ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှတွင်း ဘိန်းစစ်တမ်း အချက်အလက်များသည် ကွဲပြား၊ ခြားနားလျှက်ရှိသည်ကို တွေ့ရသည်။ စိုးရိမ်စရာကောင်းသည်မှာ UNODC ဘိန်းစစ်တမ်းကို မြန်မာပြည်၏ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် လားရာကို ယုံကြည်စိတ်ချရဆုံး အကဲဖြတ်ချက်အဖြစ် နိုင်ငံတကာမှ လက်ခံထားပြီး နိုင်ငံတကာ အလှူရှင်များ၏ ဩဇာလွှမ်းမိုးမှုအရ ပုံဖော်ထားသည့် မူဝါဒ များကြောင့်ဖြစ်သည်။

အထက်တွင်ဖော်ပြထားသည့် မြေပုံအရ UNODC မှ သတ်မှတ်ထားသော ကချင် ပြည်နယ်ရှိ "အထူး စိုးရိမ်ရသည့်" ဘိန်းစိုက်ပျိုးသည့် ဒေသများတွင် ဘိန်းအဓိက စိုက်ပျိုးသည့်ဒေသ အဖြစ် နာမည်ကျော်ကြားသည့် ချီဖွေမြို့နယ် ပါဝင်ခြင်းမရှိပေ။

UNODC သည် ဂြိုလ်တု ဓာတ်ပုံများ အသုံးပြု၍ ကချင်ပြည်နယ်ရှိ ဘိန်းစိုက်ပျိုးမှု "အထူးစိုးရိမ်ရသည့်" ဒေသများကို အကဲဖြတ် သတ်မှတ်သည် (သို့သော်လည်း "ဖြစ်ပွားနေဆဲ စစ်ပွဲများကြောင့်" မြေပြင်တိုင်းထွာမှုများ မလုပ်ခဲ့ပေ)။ ကချင်ပြည်နယ်အတွင်း ၂၀၁၂ ခုနှစ်မှစပြီး ဘိန်းစိုက်ပျိုးမှု ၁၀

ရာခိုင်နှုန်းလျော့ကျသွားသည်ဟု (၅,၁၀၀ ဟက်တာမှ ၄,၆၀၀ ဟက်တာသို့) UNODC က ခန့်မှန်းသည်။ KWAT အနေဖြင့် အဆိုပါ ခန့်မှန်းချက်ကို သံသရဖြစ်သည်မှာ ၄င်းတို့၏ စစ်တမ်းတွင် ချီဖွေမြို့နယ် ပါဝင်ခြင်းမရှိ၍ဖြစ်သည်။

ရှမ်းပြည်မြောက်ပိုင်းရှိ အံ့သြစရာကောင်းသည့် အချက်မှာ အစိုးရ၏ ပြည်သူ့စစ်များ ထိန်းချုပ်ထားသည့် မူဆယ်ခရိုင်တွင် ဘိန်းစိုက်ပျိုးမှု များပြားလာသော်လည်း၊ UNODC က "အထူးစိုးရိမ်ရသည့်" ဒေသအဖြစ် ဖော်ပြမထားခြင်းဖြစ်သည်။

## လယ်သမားများအနေဖြင့် စစ်ပွဲများကြောင့် တခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများထက် ဘိန်းပိုမို စိုက်ပျိုးလာရခြင်း

တချို့ဒေသများတွင်၊ စစ်ပွဲများ၏ အကျိုးသက်ရောက်မှုအဖြစ် ရွာသားများသည် အသက်ရှင်ရပ်တည်မှု အတွက် ယခုအခါတွင် ဘိန်းကို ပိုမိုစိုက်ပျိုးလာရသည်။ ဥပမာအနေဖြင့် ရှမ်းပြည်မြောက်ပိုင်း မုန်းပေါ်ရှိ ရပ်ရွာလူကြီးများက ဒေသခံ လယ်သမားများအနေဖြင့် တခြားသီးနှံများထက် မည်သည့်အတွက်ကြောင့် ဘိန်းစိုက်ပျိုးလာရသည်ကို ယခုလို ရှင်းပြသည်။ "စစ်ဖြစ်နေတော့၊ လယ်သမားတွေလည်း အရင်ကလို ထွန်ယက်စိုက်ပျိုးရေး မလုပ်နိုင်တော့ဘူး။ သူတို့အနေနဲ့ စပါး၊ လက်ဖက်နဲ့ ပြောင်းဖူးတွေ စိုက်ခဲ့ကြတယ်။ မီးသွေးလည်း ဖုတ်ကြတယ်။ ဒါပေမယ့် တိုက်ပွဲတွေ ဖြစ်လာတော့ ထွန်ယက်စိုက်ပျိုးဖို့ သူတို့လယ်ယာတွေကို မသွားနိုင်ကြတော့ဘူး။ လယ်ယာထွက်ကုန် တွေကိုလည်း ဈေးကို သယ်ယူပို့ဆောင်ဖို့လည်း အခက်အခဲရှိတယ်။ ဘိန်းကျတော့ စိုက်ရ၊ ရောင်းရ လွယ်တယ်။ ဒါကြောင့် တိုက်ပွဲတွေ ပြန်ဖြစ်လာကတည်းက ဘိန်းကိုပိုစိုက်လာကြတာဘဲ"

ဘိန်းစိုက်ဒေသအနီးသို့ ရွှေ့ပြောင်းလာကြသည့် ရွာသားများသည်လည်း ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုလာ ရသည်။ ၄င်းတို့သည် လုံလောက်သည့် အရင်းအနှီးဖြင့် ၄င်းတို့ကိုယ်တိုင် ဘိန်းစိုက်နိုင်ကြသည်။ မြစ်ကြီးနားရှိ စစ်ပြေးဒုက္ခသည်စခန်းတွင် နေထိုင်သည့် အမျိုးသမီးတဦးက သူနှင့် တခြားသူများသည် ဆဒုံသို့ ပုံမှန်ပြန်ပြီး ဘိန်းခင်းကို ပြုစုကြသည်ဟု ပြောသည်။

သို့သော်လည်း စစ်ပြေးဒုက္ခသည် အများအပြားမှာမူ အလုပ်သမားများအဖြစ်သာ လုပ်ကိုင်ကြသည်။ ဆဒုံအနီးရှိ တရုတ်-မြန်မာနယ်စပ်ရှိ စစ်ပြေးဒုက္ခသည်စခန်းမှ လူမှုရေးလုပ်သားတဦးက "စစ်ပြီးတဲ့ အခါ၊ NDA-K (ယခုအခါ နယ်ခြားစောင့်တပ်) ထိန်းချုပ်ထားတဲ့ တောင်ပေါ်က ဘိန်းခင်းတွေဟာ အကြီးအကျယ် များပြားလာတယ်။ သူတို့အနေနဲ့ လုပ်ခနည်းနည်းဘဲပေးရတဲ့ အလုပ်သမားတွေကို အလွယ်တကူရနိုင်တယ်။ စစ်ပြေးဒုက္ခသည်စခန်းက ရွာသားတွေဟာ အခုဆိုရင် ဘိန်းခင်းတွေမှာ အလုပ်လုပ်နေကြရတယ်" ဟု ပြောသည်။




## စစ်ပွဲများက မူးယစ်ဆေးဝါး သုံးစွဲမှုအပေါ် သက်ရောက်မှုများ

စစ်ပွဲများကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု မြင့်တက်လာခြင်းက ကချင်လူမှုအသိုင်းအဝိုင်း အတွင်း ရှိနေသည့် မူးယစ်ဆေးဝါးအလွဲသုံးမှု ပြဿနာကို ပိုမိုကြီးထွားလာစေသည်။ ဘိန်းစိုက်ပျိုးသည့် ဒေသများတွင် ဘိန်းစွဲသူဦးရေ စိုးရိမ်ဖွယ်ရာ များပြားလာနေချိန်တွင်၊ ဘိန်းဖြူစွဲသူ မြင့်တက်နှုန်းက မြို့ကြီးပြကြီးများနှင့် မိုင်းတွင်းဒေသများအတွက် အဓိကပြဿနာတရပ်ဖြစ်လာနေသည်။ ရာမ ခေါ် စိတ်ကြွဆေးပြား ပြဿနာသည်လည်း ကုန်သွယ်မှုဒေသများနှင့် လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်းတလျှောက် တိုးပွားလာသည်။

## ဘိန်းစိုက်ပျိုးသည့် ဒေသခံလူထုအတွင်း မူးယစ်ဆေးဝါး ပိုမိုသုံးစွဲလာခြင်း

*"အသက် ၅ နှစ်ကနေ ၇ နှစ်အတွင်း ကလေးတွေလည်း ဆေးတံနဲ့ ဘိန်းရှုကြတယ်။ သူတို့ဟာ ဘိန်းရှူ၊ မိန်းမောပြီး သူတို့ဘဝရဲ့ တခြားကိစ္စတွေကို မေ့ထားလိုက်ကြတယ်။ သူတို့ကျောင်းမတက်တော့ဘူး။ သူတို့မိဘတွေလည်း မူးယစ်ဆေးဝါး သုံးစွဲကြပြီး၊ မူးယစ်ဆေးသုံးစွဲဖို့ သူတို့တတ်နိုင်တဲ့နည်းမျိုးစုံနဲ့ ငွေရှာကြတယ်" (မူဆယ်ရှိ ရွာသားတဦး)*

ဆယ်စုနှစ်များစွာ ကချင်ရွာသားများမှာ အစဉ်အလာအရ ဘိန်းစိုက်ပျိုး၊ သုံးစွဲမှုရှိခဲ့သော်လည်း ယခုအခါတွင် ဘိန်းစိုက်တောင်သူများထဲတွင် ဘိန်းသုံးစွဲသူဦးရေ ယခင်ကထက် ပိုမိုများပြားလာသည်။ ဘိန်းတောင်သူအများအပြားသည် ၎င်းတို့စိုက်ပျိုးသည့် ဘိန်းကို ၎င်းတို့ကိုယ်တိုင် ပြန်လည်သုံးစွဲမှု မြင့်မားလာသည်ဟု ကချင်ပြည်နယ်အရှေ့ပိုင်းမှ ဘိန်းတောင်သူတဦးက ရှင်းပြသည်။ *"ဘိန်းရောင်းလို့ ရတဲ့ငွေက မိသားစု စားဝတ်နေရေးအတွက် လုံလောက်မှုမရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကိုယ်တိုင်ကလည်း ဘိန်းသုံးလို့လေ။ သူတို့ရတဲ့ ဘိန်းအတော်များများကို သူတို့ဘာသာ ပြန်သုံးစွဲကြတာ*

*ဘဲ။ မိသားစုထဲမှာ အနည်းဆုံးတော့ မိဘတွေရယ်၊ အဖိုး၊ အဖွားတွေရယ်က ဘိန်းသုံးတဲ့အလေ့အထ က ရှိပြီးသားဘဲလေ။ အများအားဖြင့်တော့ ဘိန်းမဲကို သုံးကြတယ်။ ဘိန်းဖြူကိုတော့ မြို့ပေါ်က လူတွေ သုံးကြတယ်"။*

ကချင်ပြည်နယ်အရှေ့ပိုင်းရှိ စစ်ပြေးဒုက္ခသည်များသည်လည်း ဘိန်းခင်းများတွင် အလုပ်လုပ်ရင်း ဘိန်းစားများ ဖြစ်လာနေကြသည်။ ဒုက္ခသည်စခန်းတခုမှ လူမှုရေးလုပ်သားတဦးက ယခုလို ရှင်းပြ သည် "စခန်းထဲက လူတွေ ဘိန်းခင်းတွေမှာ သွားအလုပ်လုပ်ကြတယ်။ ဒါပေမယ့် ဘိန်းခင်းတွေမှာ သွားလုပ်ကြပြီးတဲ့နောက် လူငယ်တွေအနေနဲ့ဘိန်းကို စသုံးလာကြတယ်။ အခုအချိန်မှာတော့ စခန်း ထဲက လူအတော်များများကတော့ မူးယစ်ဆေးဝါးတွေ သုံးစွဲနေကြပြီ"။

ဘိန်းစိုက်ပျိုးမှုဒေသအနီး နေထိုင်သူအားလုံး ဘိန်းစိုက်ပျိုးမှုတွင် ပါဝင်ပတ်သက်နေသည် မဟုတ် သော်လည်း ဘိန်းနှင့် ဘိန်းဖြူအား အလွယ်တကူရရှိနိုင်မှု များပြားလာသည့်အတွက် မြို့ပေါ်နှင့် ကျေး လက်ဒေသများအနီးတွင် မူးယစ်ဆေးဝါးသုံးစွဲမှုများ စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်လာနေသည်။

ဘိန်းစိုက်ပျိုးသည့် ဒေသဖြစ်သည့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်ရှိ မုန်းပေါ်တွင် ဒေသ ခံ လူမှုအဖွဲ့အစည်းများက ၂၀၁၂ ခုနှစ်တွင် ကျေးရွာ ၂၀ ကျော်မှ ရွာသား ၁၀,၇၅၅ ဦးနှင့် တွေ့ဆုံ၊ စစ်တမ်းယူခဲ့ရာ၊ မူးယစ်ဆေးဝါးသုံးစွဲသူ ၄၃၈ ဦးရှိခဲ့သည် (လူဦးရေ၏ ၄ ရာခိုင်နှုန်း)။ အသက် ၂၀ မှ ၆၀ အရွယ်ရှိ အမျိုးသားအားလုံးနီးပါး မူးယစ်ဆေးဝါး သုံးစွဲကြပြီး၊ အမျိုးသမီး ၃ ဦးသာ ပါဝင်သည်။ ၎င်း အမျိုးသမီးများမှာလည်း မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် အိမ်ထောင်ပြုထားသူများ ဖြစ်သည်။ မူး ယစ်ဆေးဝါးသုံးစွဲမှုကြောင့် အနည်းဆုံး လူ ၂၀ ဦးသေဆုံးပြီး၊ လူ ၂၀ ဦးမှာ HIV/AIDS ကြောင့် သေဆုံးရခြင်းဖြစ်သည်။

အလားတူ စစ်တမ်းကောက်မှုကို ရှမ်းပြည်မြောက်ပိုင်းရှိ ဘိန်းစိုက်ပျိုးရာဒေသဖြစ်သည့် နမ့်ဖတ်ကာ တွင် ဘုရားကျောင်းခေါင်းဆောင်တဦးမှ ပြုလုပ်ခဲ့သည်။ သူ၏ ခန့်မှန်းတွက်ချက်မှုအရ စုစုပေါင်း လူဦး ရေ ၁၀,၀၀၀ တွင် လူ ၅၀၀ (၅ ရာခိုင်နှုန်း) မှာ ဘိန်းသုံးစွဲသူများ ဖြစ်ပြီး နှစ်စဉ် လူ ၅၀ ခန့်မှာ ဘိန်းဖြူ သုံးစွဲမှုကြောင့် သေဆုံးနေကြသည်။

## မြို့ပေါ်ဒေသများတွင်လည်း ကြောက်ခမန်းလိလိ ဖြစ်နေသည့် ဘိန်းဖြူသုံး စွဲမှုနှုန်း

*"မြစ်ကြီးနားမြို့မှာ နေရာတိုင်း မူးယစ်ဆေးဝါးရတယ်။ ကျနော် ခန၊ ခန အဖမ်းခံရတယ်။ ကျနော့်မှာ အကို ၄ ယောက်ရှိပေမယ့် အားလုံး မူးယစ်ဆေးကြောင့် သေဆုံးကုန်ကြပြီ" (မြစ်ကြီးနားရှိ၊ ဘိန်းမူးယစ်ဆေးဝါး သုံးစွဲခဲ့ ဖူးသူတဦး)*

*"မူးယစ်ဆေး အကြောထဲ ထိုးသွင်း၊ သုံးစွဲတဲ့လူတွေ များသထက်၊ များလာနေတယ်။ ဒီရပ်ကွက်ထဲမှာ ကလေးတွေ ဆေးထိုးအပ်နဲ့ ကစားနေတာ တွေ့နိုင်တယ်"။ (လားရှိုးရှိ ခရစ်ယာန် သင်းအုပ်ဆရာ)*

*"ကချင်လူမျိုးတွေဆီက ကျနော် မူးယစ်ဆေးဝါးတွေ ဝယ်ပြီး၊ ကချင်လူမျိုးတွေကိုဘဲ ပြန်ရောင်းပါ*

*တယ်။ တရက်ကို "ပန်နီစီလင်" ၉ ပုလင်းလောက် (ဘိန်းဖြူ) ရောင်းရတယ်၊ တပုလင်းကိုတော့ ကျနော်ကိုယ်တိုင်သုံးပါတယ်။ မူးယစ်ဆေးဝါးတွေကို ရှဒေါင်၊ အူဘစ် နဲ့ ဝါရောင် (မြစ်ကြီးနား အနီးရှိ) တွေမှာ ဝယ်ပါတယ်။ ကျနော်ကတော့ ခြေထောက်၊ လက်မောင်း၊ လက်၊ ပေါင်အတွင်းပိုင်းနဲ့ ကျနော့်တ ကိုယ်လုံး ထိုးသွင်း သုံးစွဲပါတယ်။ တခါတလေ အကြောတွေ ရှာမတွေ့တော့ဘူးဆိုရင်၊ ကျနော့် နားထင်ကို လှီး၊ မူးယစ်ဆေးတွေ သိပ်ထည့်ပြီး ပလာစတာနဲ့ ပြန်ပိတ်ထားတယ်" (မြစ်ကြီးနားရှိ မူးယစ်ဆေးဝါးသုံးစွဲသူတဦး)*

မြစ်ကြီးနား၊ ဖန်းမော်နှင့် လားရှိုးကဲ့သို့ မြို့ကြီးများနှင့် အနီးတဝိုက်တွင် နေထိုင်သူ ကချင်လူငယ် အများအပြားသည် ဘိန်းဖြူသုံးစွဲကြသည်။ ဖန်းမော်ရှိ လူမှုဝန်ထမ်းတဦးက "အသက် ၁၅ နှစ်ကနေ ၂၅ နှစ်ကြားရှိ (ဖန်းမော်မှ) လူငယ်အတော်များများ ဘိန်းဖြူသုံးစွဲကြတယ်။ နှစ်တိုင်းလည်း မူးယစ် ဆေးသုံးစွဲသူတွေ များလာနေတယ်" ဟု ပြောသည်။

ဘိန်းဖြူသုံးစွဲသူများသည် ဘိန်းရှူခြင်းဖြင့် မူးယစ်ဆေးစတင်သုံးစွဲခဲ့ကြပြီး၊ ဘိန်းရှူခြင်းက ဘိန်းဖြူ အကြောထဲ ထိုးသွင်းခြင်းထက် ဈေးကြီးသဖြင့်၊ ဆေးစွဲသည့် အဆင့်သို့ ရောက်သည့်အခါ အများအား ဖြင့် အကြောထဲ မူးယစ်ဆေးဝါး ထိုးသွင်း၊ အသုံးပြုကြတော့သည်။ ထိုသို့သုံးစွဲမှုကြောင့် မသန့်ရှင်း သည့် ဆေးထိုးအပ် (သို့) ဆေးထိုးအပ်ကို မျှဝေသုံးစွဲမှုကြောင့် ကူးစက်ရောဂါရခြင်း၊ ဆေးအလွန် အကျွံထိုးသွင်းမှုဖြစ်ခြင်း (သို့) မသန့်ရှင်းသည့် ဘိန်းဖြူကြောင့် ရှော့ခ်ဖြစ်ခြင်းများ ဖြစ်ပေါ်စေသည်။

မြစ်ကြီးနားမြို့ရှိ အမျိုးသမီးတဦးက သူ့သူအနေဖြင့် မူးယစ်ဆေးကြောင့် မည်သို့ သေဆုံးရသည်ကို ယခုလိုပြောသည် "သူ့သူငယ်ချင်းတွေကြောင့်၊ သူ အသက် ၁၃ နှစ်လောက်ကစပြီး ဘိန်းသုံးစွဲတယ်။ သူ့မိဘတွေလည်း မူးယစ်ဆေးဝါးမှုနဲ့ဘဲ ထောင်ကျကုန်တယ်။ သူဆေးဝယ်ဖို့ ပိုက်ဆံလိုရင် အဖွားဆီ က ခိုးတယ်။ နောက်တော့ သူ နံပတ်ဖိုး (ဘိန်းဖြူ) စသုံးလာတယ်။ သူ့သူငယ်ချင်းရဲ့ ဆေးထိုးအပ်နဲ့ နံပတ်ဖိုး အကြောထဲသွင်းရာကနေ HIV ကူးစက်ပြီး သေဆုံးသွားတယ်"

ဖန်းမော်ရှိ လူမှုရေးဝန်ထမ်းတဦးက သူ့နယ်မြေအတွင်းရှိ မူးယစ်ဆေးသုံးစွဲသူ ၈၀ ရာခိုင်နှုန်းမှာ HIV ရောဂါ ကူးစက်ခံနေရသည်ဟု ခန့်မှန်းပြောဆိုသည်။

မူးယစ်ဆေးဝါးသုံးစွဲသူအားလုံးက မူးယစ်ဆေးဝါးများကို မြို့ပေါ်နှင့် အနီးတဝိုက်တွင် အလွယ်တကူရ နိုင်သည်ဟု ပြောသည်။ ရပ်ကွက်တိုင်းရှိ မူးယစ်ဆေးဝါးရောင်းချသူများသည် သူတို့၏ နေအိမ်များ (သို့) ဆိုင်တွင် ရောင်းချကြသည်။ လားရှိုးဒေသခံတဦးမှ သူ၏ရပ်ကွက်တခုတည်းတွင်ပင် မူးယစ်ဆေး ဝါးရောင်းချသည့်အိမ် ၅ အိမ်ရှိသည်ဟု ပြောသည်။

မြစ်ကြီးနား မြို့စွန်ရှိ စီတာပူ အမျိုးသမီးတဦးက သူ့သား ၃ ယောက်လုံး ဘိန်းဖြူစွဲသူများ ဖြစ် လာကြခြင်းမှာ ရပ်ကွက်အတွင်းရှိ အိမ်နီးနားချင်း မူးယစ်ဆေးရောင်းချ သူတို့က သူ့သားများအား ဆေးရောင်းရန် စည်းရုံးသိမ်းသွင်းရာမှ ဆေးစွဲသွားကြသည်ဟု ပြောသည်။ သူ့သား ၂ ယောက်မှာ မူးယစ်ဆေးမှုကြောင့် ထောင်ဒဏ် ကျခံနေရသည်။ အဆိုပါအမျိုးသမီးသည် သူ၏ အိမ်နီးချင်းများအ ကြောင်း ရဲကိုတိုင်ကြားသော်လည်း၊ ၎င်းတို့မှာ လာဘ်ပေးခြင်းဖြင့် ပြန်လည်လွတ်မြောက်လာ ကြသည်။ မူးယစ်ဆေး သုံးစွဲသူများသည် သူမ၏ အိမ်နီးနားချင်းများထံတွင် မူးယစ်ဆေးဝါး ဝယ်ယူ၊ ထိုးသွင်းနိုင်ကြသည်ဟု

ပြောသည်။ "အိမ်သာထဲမှာဆိုရင် ဆေးထိုးအပ်တွေနဲ့ ပြည့်နေတာဘဲ။ မိုးရာသီ ဆိုရင် ဆေးထိုးအပ်တွေဟာ ရပ်ကွက်တခုလုံး ပေါလောမျောနေတာဘဲ။ အိမ်သာထဲက ဆေးထိုးအပ်တွေကို ထည့်ဖို့ ပုံးတွေလည်း ရှိနေပြီ" ဟုလည်း သူမက ပြောသည်။

မြို့ကြီးများ အနီးတဝိုက်ရှိ ကျေးရွာများသည်လည်း မူးယစ်ဆေးဝါးသုံးစွဲမှု မြင့်မားသည်ဟု နာမည်ကျော်ကြားသည်။ ဥပမာအနေဖြင့် မြစ်ကြီးနားမြို့၏ အရှေ့ဘက် ၁၅ ကီလိုမီတာရှိ ဝါရှောင်တွင် မူးယစ်ဆေးဝါး အလွယ်တကူ ဝယ်ယူရရှိသည်ဟု သိထားကြသည်။ ဝါရှောင်သည် တရုတ်နယ်စပ်ရှိ ဘိန်းစိုက် ပျိုးသည့် ဒေသများသို့သွားရာ လမ်းပေါ်တွင်ရှိသည်။ KIO မှ ဝါရှောင်နှင့် ဗိုင်းမော်ရှိ ဗိုင်ယန် တို့မှ လူငယ် ၁,၆၀၀ တို့နှင့် တွေ့ဆုံ ကောက်ယူသည့် စစ်တမ်းများအရ လူငယ် ၁,၄၀၀ မှာ မူးယစ်ဆေးဝါး သုံးစွဲကြပြီး ၁,၀၄၀ မှာ ဆေးစွဲသူများ ဖြစ်ကြသည်။

## ကျောင်းသားများအကြား မူးယစ်ဆေးအကြောတွင်း ထိုးသွင်းအသုံးပြုမှု

မြစ်ကြီးနားနှင့် ဗန်းမော်တက္ကသိုလ်ရှိ ကျောင်းသားများအကြား မူးယစ်ဆေးအကြောတွင်း ထိုးသွင်း အသုံးပြုမှုနှုန်း မြင့်မားလာသည်။ မြစ်ကြီးနားတက္ကသိုလ်ရှိ ကျောင်းသား ၃၀ ရာခိုင်နှုန်းသည် မူးယစ်ဆေး အကြောတွင်း ထိုးသွင်းအသုံးပြုသူများဖြစ်သည်ဟု ကျောင်းသားတဦးက ခန့်မှန်းသည်။ သူ့အတွေ့အကြုံကို ပြောပြရာတွင် "ဆေးထိုးအပ် အများအပြားကို အိမ်သာထဲမှာ တွေ့နိုင်တယ်။ အများအားဖြင့်တော့ ယောကျ်ားလေး အိမ်သာမှာပေါ့။ တချို့ကျောင်းသားတွေဆိုရင် ဆေးထိုးအပ်တွေ လွယ်အိတ်ထဲထည့်ပြီး ကျောင်းကို ယူလာရဲကြတယ်။ တခါတုန်းကဆိုရင် ကျောင်းသားတယောက်က လွယ်အိတ်ထဲက ဘောပင်ထုတ်လိုက်တာ၊ မှားပြီး ဆေးထိုးအပ်ကို ထုတ်လိုက်တာ ကျနော်တွေ့လိုက် တယ်။ ကျောင်းသားတွေ တက္ကသိုလ်ထဲမှာ မူးယစ်ဆေးဝါး ရောင်းဝယ်နေကြတာ ဈေးထဲမှာလိုဘဲ။ သူတို့အနေနဲ့ လျို့ဝှက် သင်္ကေတတွေသုံးကြတယ်။ တခြားလူတွေလည်း ကျောင်းသားတွေလို ဟန်ဆောင်ပြီး ကျောင်းထဲမှာ မူးယစ်ဆေးဝါး လာရောင်းကြတယ်"

ဗန်းမော်တက္ကသိုလ်မှ ကထိကတဦးက ကျောင်းသား ၃၅ ရာခိုင်နှုန်း ဘိန်းဖြူသုံးစွဲကြ ပြီး၊ အများစုမှာ ကချင်လူငယ်များဖြစ်သည်ဟု ခန့်မှန်းသည်။ "မူးယစ်ဆေးဝါးကို အလွယ်တကူ၊ ဈေးပေါပေါနဲ့ သုံးစွဲ နိုင်ကြတယ်။ အသက် ၁၆ နှစ်နဲ့ ၁၇ နှစ် လူငယ်တွေ မူးယစ်ဆေးဝါးကို စမ်းသပ်တဲ့ အနေနဲ့ သုံးကြည့် ကြတယ်။ မူးယစ်ဆေးဝါးရောင်းတဲ့သူတွေက တက္ကသိုလ်ကျောင်းသားတွေဟာ သူတို့အတွက် မူးယစ်ဆေးဝါး ဈေးကွက်ချဲ့ထွင်ဖို့ အခွင့်အလန်းဘဲဆိုတာ သိကြတယ်။ သူတို့က တက္ကသိုလ်ကို မူးယစ်ဆေးဝါးဈေးကွက်ဖြစ်အောင် လုပ်ကြတယ်။ ဒါပေမယ့် ကျနော်တို့ ဆေးထိုးအပ် အများအပြား ကိုတော့ မတွေ့မိကြဘူး။ တက္ကသိုလ်တွေက မြို့နဲ့ဝေးတော့၊ ကျောင်းသားတွေက တောထဲသွားပြီး မူးယစ်ဆေးဝါး ထိုးသွင်းကြတယ်"။

ယခုအခါ ဘိန်းဖြူကို အထက်တန်းကျောင်းများတွင်ပါ အသုံးပြုနေကြပြီဟု သတင်းများ ထွက်ပေါ်နေ သည်။ ယခုအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် မြစ်ကြီးနားမှ ကျောင်းသားများက ကျောင်း အိမ်သာမှာ သုံးပြီးသားဆေးထိုးအပ်တွေကို တွေ့နေရသည်ဟု ပြောသည်။

## မိုင်းတွင်းများတွင်ဘိန်းဖြူသုံးစွဲမှု ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဖြစ်ပေါ် နေခြင်း

အထူးသဖြင့် ၁၉၉၄ ခုနှစ်တွင် KIA နှင့် စစ်အစိုးရတို့ အပစ်အခတ်ရပ်စဲပြီးချိန်မှစ၍ ဖားကန့်ဒေသရှိ ကျောက်စိမ်းတွင်းများသာ မက၊ ကချင်ပြည်နယ်တဝှမ်း ရွှေတူးဖော်သည့် မိုင်းတွင်းများ အကြီးအကျယ် များပြားလာသည်။ အလုပ်ရရှိနိုင်သည့် အခွင့်အလမ်း အနည်းငယ်ကြောင့် ကချင်၊ လူကြီး၊ လူငယ်တို့သည် မြို့ပေါ်၊ ကျေးလက်ဒေသတို့မှ ဝေးလံခေါင်ပါးသည့် တောင်တန်းဒေသ မိုင်းတွင်းများဆီသို့ ပြောင်းရွှေ့လာကြသည်။ ၎င်းနေရာများတွင် အလုပ်ပင်ပန်းမှုနှင့် အထီးကျန်ဆန်မှုတို့ကြောင့် မူးယစ်ဆေးဝါးသုံးစွဲရန် လှုံ့ဆော်အားပေး သကဲ့သို့ ဖြစ်နေသည်။

KWAT မှ ပြုလုပ်ထားသည့် တွေ့ဆုံမေးမြန်းမှုများအရ လူကြီးနှင့် ကလေးများသည် မိုင်းတွင်းဒေသများတွင် မူးယစ်ဆေးဝါးကို စတင်အသုံးပြုကြသည်ဟု ပြသနေသည်။ ၎င်းတို့သည် ဘိန်းစတင်ရှုကြ ပြီးနောက် နောက်ပိုင်းတွင် ဘိန်းဖြူသုံးစွဲလာကြသည် အဘယ်ကြောင့်ဆိုသော် ဘိန်းဖြူသည် ဈေး သက်သာပြီး လွယ်လင့်တကူ ရရှိနိုင်သည့် အတွက်ကြောင့်ဖြစ်သည်။ ဘိန်းရှုလျှင် ၅,၀၀၀ ကျပ် (၅ ဒေါ်လာခန့်) ကုန်ကျသော်လည်း ဘိန်းအနည်းငယ်ထိုးသွင်းလျှင် ၂,၀၀၀ ကျပ် (၂ဒေါ်လာခန့်) သာ ကုန်ကျသည်။

မူးယစ်ဆေးဝါး သုံးစွဲသူတဦး၏ ဇနီးက ယခုလို ဖြစ်လာသည့် ပုံစံကို "ကျမ ယောကျ်ားက မိုးကောင်းမှာနေတယ်။ အဲဒီ အချိန်တုန်းက သူမူးယစ်ဆေးဝါး မသုံးသေးဘူး။ သူ ဖားကန့်က ကျောက်စိမ်းတွင်းတွေမှာ အခြေချတော့မှ မူးယစ်ဆေးဝါး စသုံးတတ်လာတယ်။ ပထမဆုံး သူ ဘိန်းမဲသုံးတယ်။ နောက်တော့ ဘိန်းဖြူ ပြောင်းသုံးတယ်။ ဘိန်းမဲကိုရဖို့ခက်သလို ဈေးလည်းကြီးတယ်။ ဘိန်းဖြူကတော့ ဈေးလည်းပေါ အလွယ်တကူလည်း ဝယ်လို့ရတယ်လေ" ဟု ရှင်းပြသည်။

နောက်ထပ် မူးယစ်ဆေးဝါးသုံးစွဲသူ တဦး၏ ဇနီးကလည်း "ကျမတို့ မိသားစုမှာ၊ ကျမယောကျ်ား၊ သားနဲ့ သားမက်တို့က မူးယစ်ဆေးဝါးသုံးစွဲသူတွေပေါ့။ သူတို့တွေ မြစ်ကြီးနား အနီးမှာရှိတဲ့ မရမ်းရွာမှာနေ တုန်းက မူးယစ်ဆေး မသုံးတတ်သေးဘူး။ ဒါပေမယ့် သူတို့ ကျောက်စိမ်းတွင်းတွေဘက်ရောက်တော့ မူးယစ်ဆေးဝါး စသုံးလာကြတယ်။ သား၊ အဖ နှစ်ယောက်လုံး မိုင်းတွင်းတွေဘက်ရောက်ပြီးမှ မူးယစ် ဆေးဝါး စသုံးလာတာ။ ကျမသားက အသက် ၁၅ နှစ်လောက်ကတည်းက မူးယစ်ဆေးဝါးသုံးနေပြီ။ ပထမတော့ ဘိန်းပေါ့၊ နောက်ပိုင်းတော့ ဘိန်းဖြူသုံးလာတယ်။ ဘိန်းက ဈေးကြီးပြီး ရဖို့လည်း ခက်လို့လေ" ဟု ပြောသည်။

ဖားကန့်ဒေသခံတဦးမှ ခန့်မှန်းသည်မှာ ကျောက်စိမ်းတွင်းများတွင် အလုပ်လုပ်ကြသူများ၏ ၉၀ ရာခိုင်နှုန်းမှာ မူးယစ် ဆေးဝါးသုံးစွဲကြပြီး အများစုမှာ ကချင်လူမျိုးများဖြစ်သည်။ မူးယစ်ဆေးသုံးစွဲသူ တဦး၏ ဇနီး၏အပြောအရ "မိုင်းတွင်းတွေဘက်က လူအတော်များများ မူးယစ်ဆေး သုံးကြတယ်။ အသက် ၁၅ နှစ် ဒါမှမဟုတ် ၁၆ နှစ်လောက် လူငယ်တွေလည်း မူးယစ်ဆေး သုံးကြတယ်။ မူးယစ်ဆေး ရောင်းတာ၊ ဝယ်တာကို ပြောင်ဘဲ ခွင့်ပြုတားတယ်။ အစိုးရအနေနဲ့ မိုင်းဒေသတွေမှာ မူးယစ်ဆေးဝါးရောင်းဖို့ ခွင့်ပြုထားပုံရတယ်"။

ဘိန်းဖြူသုံးစွဲသူတဦးကလည်း "ဖားကန့်တဝိုက်မှာတော့ ဘိန်းဖြူကို လွယ်လွယ်ရောင်းလို့ရတယ်။ လွန်ခွန်၊ မော်စီဇာ၊ မော်ဝမ်း၊ ဆိုင်းတောင် ရွာတွေက ဈေးဆိုင်တွေမှာ ဘိန်းဖြူကို အလွယ်တကူ ဝယ်လို့ ရတယ်။ ကချင်တွေရော ဗမာတွေပါ မူးယစ်ဆေး ရောင်းကြတယ်" ဟု ပြောသည်။

လူများသည် ဝင်ငွေရရန်အတွက် ကျောက်စိမ်းတွင်းများသို့ သွားကြသည်။ သို့သော်လည်း မူးယစ်ဆေး သုံးပြီးသည့်နောက် ဆေးစွဲသည့် သံသရာတွင်း စုပ်ယူခြင်းခံရပြီး၊ နောက်ဆုံးတွင် မူးယစ်ဆေးဝါး သုံးစွဲရန်အတွက်သာ အလုပ်လုပ်သည့်ဘဝမျိုးရောက်သွားသည်။ အသက် ၃၄ နှစ်ရှိ မူးယစ်ဆေးဝါး သုံးစွဲသူတဦးက "ဘိန်းဖြူဝယ်ဖို့ တနေ့ကို ကျပ် ၅,၀၀၀ ကနေ ၁၀,၀၀၀ လောက်လိုတယ်။ တနေ့ကို ဘိန်းဖြူ ၄ ခါကနေ ၅ ခါလောက် သုံးတယ်။ ကျနော် ပိုက်ဆံ ပိုပိုပြီး လိုလာတယ်။ ကျောက်စိမ်းရှာပြီး မူးယစ်ဆေး ပြန်ဝယ်တယ်။ တခါတလေ တခြားအလုပ်တွေလည်း လုပ်ရတယ်။ တခါတလေ ကျနော့် သူဌေးဆီက ပိုက်ဆံတောင်းရတယ်။ မူးယစ်ဆေးဝါး စွဲနေတဲ့သူတွေဟာ ဆေးမသုံးဘဲ ဘာအလုပ်မှ မလုပ်နိုင်ကြတော့ဘူး" ဟုပြောသည်။

၂၀၁၂ ခုနှစ်မှစပြီး တိုက်ပွဲများပြန်လည်ဖြစ်သည့်အတွက်ကြောင့် ဖားကန့်ရှိ မိုင်းတွင်းကြီးများ ရပ်ဆိုင်း သွားပြီး ဒေသခံ ပြည်သူများ စစ်ပြေးဒုက္ခသည်စခန်းများသို့ ရွှေ့ပြောင်းသွားသော်လည်း မူးယစ်ဆေးဝါး များမှာ အဆင်သင့်ပင် ဆက်လက် ရရှိနေသေးသည်။ ဒုက္ခသည်စခန်းရှိ ၎င်းတို့၏ လင်ယောကျ်ားများ မူးယစ်ဆေးဝါး သုံးစွဲလာကြသည့်အတွက် တအိမ်သားလုံး စားဝတ်နေရေးအတွက် အဓိက တာဝန်ယူလာကြရသည့် အမျိုးသမီးတချို့က၊ ဒုက္ခသည်စခန်းတွင်ပင် ၎င်းတို့၏ ယောကျ်ားများ မူးယစ်ဆေးဝါး သုံးစွဲနိုင်ရန် ဆက်လက် ဖြည့်ဆည်းပေးနေရသည်ဟု မကျေမနပ်ပြောဆိုသည်။

## ကုန်သွယ်ရေး လမ်းကြောင်းများတလျှောက် ဘိန်းဖြူနှင့် "ရာမ" စိတ်ကြွဆေး သုံးစွဲမှု ပျံ့နှံ့လာခြင်း

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ကုန်သွယ်ရေး အချက်အချာနေရာများနှင့် တရုတ်နယ်စပ်သို့ ဖောက် ထားသည့် လမ်းကြောင်းတလျှောက် ကျယ်ပြန့်လာနေသည်။ ဘိန်းနှင့် ဘိန်းဖြူကိုသာမက ရာမ ကိုပါ သုံးစွဲမှု မြင့်မားလာခြင်းဖြစ်သည်။

ဗန်းမော်အနီးရှိ သစ်လုပ်ငန်းခွင်မှ မူးယစ်ဆေးဝါး သုံးစွဲသူတဦးက လူငယ် ၅၀ ရာခိုင်နှုန်းသည် အကြောတွင်း မူးယစ်ဆေးဝါးထိုးသွင်း သုံးစွဲသူများဖြစ်သည်ဟု ခန့်မှန်းသည် "ကျနော်တို့ ဝင်ငွေရဖို့အတွက် သစ်နဲ့ ကျွန်းတွေ ရောင်း၊ ဝယ်ပါတယ်။ စီးပွားရေးလုပ်ငန်းကနေ ပိုက်ဆံတွေရပါတယ်။ ကုန်သွယ်ရေး ဈေးကွက်မှာ မူးယစ်ဆေးဝါးမျိုးစုံ ရှိပါတယ်။ မူးယစ်ဆေးဝါးကို ပြောင်ဘဲ ရောင်းပါတယ်။ အလုပ်လုပ်ဖို့

နိုးကြွနေဖို့လိုပါတယ်။ အဲဒီအချိန်မှာ မူးယစ်ဆေးဝါးသုံးဖို့ ဆွဲဆောင်ခံရတယ်။ တခါတလေမှာ အရောင်းအဝယ်လုပ်ရင်း သူငယ်ချင်းတွေ အချင်းချင်း မူးယစ်ဆေးဝါးတွေ ဝေပေးကြတယ်။ အဲဒါနဲ့ဘဲ စီးပွားရေးလုပ်ဖို့ ရည်ရွယ်ချက်နဲ့ ကျနော်တို့ မူးယစ်ဆေးဝါးကို မကြာ၊ မကြာသုံးဖြစ်ကြတယ်။ စီးပွားရေးလုပ်ရင်း၊ မူးယစ်ဆေးဝါးကို အထိန်းအချုပ်မရှိ မကြာမကြာသုံးဖြစ်ကြတယ်။ စီးပွားရေး အခွင့်အလမ်းတွေ ပျောက်ဆုံးသွားလို့ အိမ်ပြန်သွားတဲ့အခါ၊ ကျနော်တို့ဟာ မူးယစ်ဆေးစွဲသူတွေ ဖြစ်နေကြပြီ” ကချင်ပြည်နယ် အရှေ့တောင်ပိုင်းရှိ နောက်ထပ် နယ်စပ်ဒေသရှိ မူးယစ်ဆေးဝါးရောင်းသူ တဦးက လည်း သူ့နယ်မြေတွင် လူ ၁၀ဦးတွင် ၉ ဦးမှာ မူးယစ်ဆေးဝါး သုံးစွဲသူများဖြစ်သည်ဟု ခန့်မှန်းပြီး၊ ဘိန်းနှင့် ဘိန်းဖြူ သာမက ရာမ ကိုလည်း သုံးစွဲသည်ဟု ပြောသည်။ မူးယစ်ဆေးဝါးများ ရှမ်းပြည် မြောက်ပိုင်းမှ လာသည်ဟု ပြောသည်။ “မူးယစ်ဆေးဝါးသုံးသူတွေ တရက်တည်းကို ရာမ အများအပြား သုံးစွဲကြတယ်။ အဲဒီမှာ မူးယစ်ဆေးရောင်းတဲ့ဆိုင် ၄၀ လောက်ရှိတယ်။ မူးယစ်ဆေးသုံးပြီးတဲ့အခါ သက်တောင့်သက်သာဖြစ်သွားပြီး အလုပ်တွေလည်း ပိုပြီးဖြစ်နိုင်ဖို့ များလာတယ်လို့ ထင်တတ်ကြ တယ်။ အဲဒါကြောင့်ဘဲ သူတို့ သစ်သွားဝယ်တဲ့အခါ၊ အလုပ်မစခင် မူးယစ်ဆေးအရင်သုံးကြတယ်”။

တရုတ်နိုင်ငံနှင့် အဓိကကုန်သွယ်ရေး လမ်းကြောင်းဖြစ်သည့် လားရှိုး-မူဆယ် အဝေးပြေး ကားလမ်းတ လျှောက် ကုန်တင်ကားနှင့် မှန်လုံကားမောင်းသူများသည် အမြဲနိုးကြား နေစေရန်အတွက် ရာမ ကို သုံးစွဲကြသည်ဟု ကျော်ကြားသည်။ “ရာမ ဆေးတပြားကို ၁,၅၀၀ ကျပ်နဲ့ ဝယ်လို့ရတယ်။ တနေ့ကို ၃ လုံးလောက်ဘဲ သုံးဖို့လိုတယ်။ အရမ်းလည်း ဈေးပေါတယ်။ လားရှိုးမြောက်ပိုင်းမှာဆို ရာမ ဈေးက ပိုတောင် သက်သာသေးတယ်။ မြန်မာပြည်ဘက်ကို ဆင်းသွားတာနဲ့ ဈေးကကြီးလာတာဘဲ” ဟု မူဆယ်မှ ကားမောင်းသူတဦးက ပြောသည်။

မူးယစ်ဆေးဝါးများ အဆိုပါလမ်းတလျှောက်ရှိ ယာဉ်ရပ်နားစခန်းများတွင် အလွယ်တကူ ရရှိနိုင်သည်။ ရာမ သာမက ဘိန်းနှင့် ဘိန်းဖြူလည်း ရသည်။ ဘိန်းတခါရှူလျှင် ကျပ် ၅၀၀ သာ ကုန်ကျသည်။ ဘိန်း ရှူပြီးလျှင် ကားသမားများသည် တခါတရံတွင် လမ်းဘေးတွင် ကားရပ်ပြီး အိပ်လေ့ရှိပြီး၊ ခရီးသည်များ က စောင့်ဆိုင်းနေရသည်။

တချို့လူများက ပြောသည်မှာ လားရှိုးနှင့် ကွတ်ခိုင် (မူဆယ်သို့သွားရာ အဝေးပြေးလမ်းပေါ်တွင် တည်ရှိ) ရှိ တက္ကစီမောင်းသူများသည်လည်း ဘိန်းနှင့် ဘိန်းဖြူကို သုံးစွဲကြသည်။ “ကွတ်ခိုင်က တက္ကစီမောင်းသူတွေဟာ ခရီးသည် တယောက်ဘဲလိုတယ်။ ပြီးရင် ၅၀၀ ကျပ်လောက်ရပြီး၊ အဲဒါဟာ ဘိန်းရှူဖို့ လုံလောက်သွားပြီ” ဟု ကွတ်ခိုင် ဒေသခံ တဦးကပြောသည်။

*“လားရှိုးက သုံးဘီးမောင်းတဲ့သူတွေကို လူသူကင်းတဲ့နေရာတွေမှာ မူးယစ်ဆေး ထိုးသွင်းနေတာတွေ တွေ့နိုင်တယ်”* ဟု လားရှိုးမှ အမျိုးသမီးတဦးက ပြောသည်။


နောက်ထပ် ကားသမားတဦးက ပြောသည်မှာ မူဆယ်ရှိ ဓာတ်ဆီဆိုင်တချို့တွင် ဆီဖြည့်သူများသည် ငွေပြန်အမ်းစရာရှိလျှင် ငွေအစား ဆေးထိုးအပ်နှင့် ပေါင်းခံရည် (မိုးရေ) ကိုသာ ပြန်ပေးကြသည်။

# မူးယစ်ဆေးဝါးပြဿနာ ပျံ့နှံ့မှုက အမျိုးသမီးများအပေါ် သက်ရောက်ပုံ

## မူးယစ်ဆေး အလွဲသုံးမှုကြောင့် မိသားစုဝင် မိန်းကလေးများအပေါ် သက်ရောက်မှုများ

ကချင် မူးယစ်ဆေးဝါးသုံးစွဲသူများ၊ အထူးသဖြင့် ဘိန်းဖြူသုံးစွဲသူများသည် ယောကျ်ားလေးများ ဖြစ်ကြ သည်။ ထိုသို့ ဖြစ်ပေါ်နေမှုက ကျား၊ မ ခွဲခြားမှုရှိသည့် ကချင်အသိုင်းအဝိုင်းအတွင်း မိသားစုဝင် မိန်းက လေးများ အတွက် ပြဿနာများ ပိုမိုကြီးမားလာစေရန် ဖန်တီးရာရောက်သည်။ ယောကျ်ားများသည် အိမ်ထောင်ဦးစီးများဖြစ်ကြပြီး မိသားစုအတွက် အဓိက ရှာဖွေကျွေးမွေးသူလည်းဖြစ်သည်။ အမျိုးသမီး များ၏ အဓိကတာဝန်မှာ လင်ယောကျ်ားကို ပြုစု၊ ကလေးများကို ကြည့်ရှုစောင့်ရှောက်ရပြီး အိမ်မှုကိစ္စ များ အားလုံးလုပ်ရသည်။ တကယ့်တကယ်တွင်မူ အထူးသဖြင့် ဆင်းရဲသည့် မိသားစုများတွင် အမျိုးသမီးများသည် မကြာခန အပြင်ထွက် အလုပ်လုပ်ရသည်။ သို့သော်လည်း အိမ်မှုကိစ္စများ အားလုံးကိုလည်း လုပ်ရပြန်သည်။ ၎င်းတို့၏ လင်ယောကျ်ားများ မူးယစ်ဆေးသုံးစွဲသူများ ဖြစ်လာကြ သည့်အခါ၊ မိသားစုအတွက် ဝင်ငွေရှာဖွေ မပေးတော့သည်သာမက၊ မိသားစုပိုင် ပစ္စည်းများ ထုခွဲရောင်းချ၍ မူးယစ်ဆေးဝယ်ယူကြသဖြင့်၊ အမျိုးသမီးများအတွက် ဝန်ထုတ်၊ ဝန်ပိုးပိုမိုကြီးမားလာသည်။ အစဉ်အလာအရပင် ကချင်လူမျိုးများသည် အမျိုးသားများသာ အမွေဆက်ခံပိုင်ခွင့်ရှိသည်ဟု ကျင့်သုံးမှုကြောင့် အမျိုးသမီးများသည် ၎င်းတို့၏ လင်ယောကျ်ားများ၊ သားများက မိသားစုဝင် ပစ္စည်း များ ထု၊ ခွဲရောင်းချပြီး မူးယစ်ဆေးဝယ်ယူမှုကို တားဆီးရန်အတွက် အဟန့်အတား ဖြစ်စေသည်။ လူမှုရေး ဂုဏ်သိက္ခာအရလည်း လင်မယား ကွာရှင်းခွင့်ကို အတင်းအကြပ် ပိတ်ပင်ထားသည့်အတွက်၊ အမျိုးသမီးများသည် အိမ်ထောင်ရေးအဆင်မပြေဘဲ နေထိုင်ကြရသည်။






*ရာမ* ဆေးမှုန့် နှင့် ဘိန်းဖြူထည့်ထားသော *ပန်နီစီလင်ဗူး*

# ဘဏ္ဍာရေးအရ ပိုမိုကြပ်တည်းလာခြင်း

*"ကျမယောကျ်ားက မူးယစ်ဆေးသုံးတယ်။ သူ့ရှာသမျှဝင်ငွေက သူ့အတွက် မူးယစ်ဆေးဝါး ဝယ်တာနဲ့ ကုန်တာဘဲ။ ကျမ ကလေးမီးဖွားတုန်းကဆိုရင် အဟာရရှိတဲ့ အစားအစာတွေတောင် မဝယ်နိုင်ခဲ့ဘူး။ ကျမကလေးတွေလည်း အဝတ်အစားချို့ချို့တဲ့တဲ့နဲ့နေရတယ်။ သူ ကျမကို ပိုက်ဆံတောင်းလို့၊ ကျမက သူ့ကိုမပေးရင် ဒေါသဖြစ်သေးတယ်။ ဆန်တွေ၊ သီးနှံတွေ အိတ်လိုက်ခိုးတယ်။ မျှစ်တွေ၊ ငှက်ပျောခိုင်တွေလည်း ရောင်းပစ်တယ်။ သူအိမ်မှာရှိနေရင် ကျမ ဘုရားကျောင်းလည်း မသွားနိုင်ဘူး၊ ကျမလစ်တာနဲ့ မီးဖိုချောင်က ပစ္စည်းတွေ သူသွားရောင်းတာဘဲ။ ကျမတို့ အမြဲတန်း စကားများ၊ ရန်ဖြစ်ကြ တယ်။ ကျမကလေးတွေအတွက် ကျမလည်း ငွေမရှာနိုင်ဘူး။ တခါတလေဆို ဟင်းချက်ဖို့ ဆား တောင်မရှိဘူး။ ကျမသားကြီးကို ကောင်းကောင်း၊ မွန်မွန် မပြုစု၊ မစောင့်ရှောက်နိုင်လို့ သူ့အဖွားဆီ အပ်လိုက်ရတယ်"။ (မူဆယ်ရှိ မူးယစ်ဆေးသုံးစွဲသူတဦး၏ ဇနီး)*

မူးယစ်ဆေးသုံးစွဲသူများသည် ၎င်းတို့၏ ဝင်ငွေအားလုံးကို မူးယစ်ဆေးဝါး ဝယ်သုံးကြသည်။ ၎င်းတို့ လက်ထဲတွင် ငွေမရှိသည့်အခါ စားစရာ၊ မီးဖိုချောင်သုံးပစ္စည်း၊ အိပ်ယာ၊ မော်တော်ဆိုင်ကယ်နှင့် တခါတရံ မိသားစုပိုင်မြေ အပါအဝင် အိမ်ထောင်စု ပိုင်ဆိုင်မှုများကို ရောင်းချပစ်ကြသည်။ ၎င်းတို့သည် တခြားမိသားစုများထံမှ ငွေနှင့် လက်ဝတ်ရတနာများ ခိုးယူကြပြီး၊ အိမ်နီးနားချင်းများ၏ ပစ္စည်းဥစ္စာများကိုလည်း ခိုးယူရောင်းချကြသည်။

ထိုသို့ဖြစ်ပေါ်နေမှုကြောင့် အိမ်ထောင်စုရှိ မိခင်၊ ဇနီး (သို့) ညီအမများသည် မိသားစုအား အဓိကရှာ ဖွေကျွေးမွေးရသည့် တာဝန်သာမက၊ အကြွေးပြဿနာနှင့် တခါတရံတွင် ဆေးစွဲသူများ ကျူးလွန် သည့် ရာဇဝတ်မှုများပါ ဖြေရှင်းနေရသည့်အတွက် ၎င်းတို့အတွက် ကြီးမားသည့် အခက်အခဲများ ဖြစ်ပေါ်စေသည်။

တချို့အမျိုးသမီးများက ၎င်းတို့၏ လင်ယောကျ်ားများ အလုပ်လုပ်စေရန်အတွက် ငွေပြန်ပေးနေရသည်။ မူဆယ်ရှိ ဘိန်းစွဲနေသူတဦး၏ အသက် ၅၃ နှစ်အရွယ် ဇနီးသည် သူ၏ ယောကျ်ားအား မီးသွေးဖုတ်ရန်အတွက် ပြန်ငှားထားရသည်။ "ကျမယောကျ်ားက သူ့မြေကို ရောင်းလိုက်တယ် (မူးယစ်ဆေးသုံးရန်)။ အခုကျမတို့ မွေးသွေးဖုတ်နေရတယ်။ မီးသွေး တခါပို့စာရဖို့ ၁၅ ရက်လောက် စောင့်ရတယ်။ ကျမယောကျ်ားကို ထင်းရှာဖို့ ပိုက်ဆံပေးရတယ်။ ကျမပိုက်ဆံမပေးဘူးဆိုရင် သူအလုပ်လည်း မလုပ်တော့ဘူး၊ အိမ်ကစ္စည်းတွေလည်း သူခိုးလိမ့်မယ်။ မီးသွေးရရင်တော့ ကျမယောကျ်ားက သွားရောင်းပေးတယ်။ မိသားစု တာဝန်က ကျမပေါ်ရောက်လာတာပေါ့။ ကျမယောကျ်ားသာ အားကိုးနေရင်၊ ကလေးတွေ ကျောင်းတောင် နေနိုင်မှာ မဟုတ်ဘူး"။

သက်ကြီးရွယ်အို မိခင်များသည်လည်း သူ့သားများကြောင့် တင်ရှိနေသည့် အကြွေးများ ပေးဆပ်ရန်အတွက် အလုပ်၊ လုပ်နေရရှာသည်။ ဗန်းမော်ရှိ မိခင်တဦးသည် အသက် ၂၅ နှစ်အရွယ်ရှိ သူ့သားက မော်တော်ဆိုင်ကယ် ခိုးခြင်းနှင့် ဆေးသုံးစွဲရန် ချေးထားသည့် အကြွေးများ ပေးဆပ်ရန် ကြံခင်းတွင် အလုပ်လုပ်နေရသည်။

လင်ယောကျ်ားများ (သို့) သားများက ၎င်းတို့လိုအပ်သည့် မူးယစ်ဆေးဝါးအတွက် မိသားစုပိုင်

မြေများ ကို ရောင်းချပိုင်ခွင့်ရှိသကဲ့သို့ သားများအား အမွေဆက်ခံခွင့်ပေးသည့် ရိုးရာအစဉ်အလာသည် အမှန်တကယ်တွင် ကချင် အမျိုးသမီးများအတွက် အခက်အခဲ၊ အားနည်းချက်များ ဖြစ်ပေါ်စေသည်။ ကလေးများအား ကြည့်ရှုရန် မိသားစုပိုင်မြေအား မှီခိုနေရသည့် နမ့်ဖတ်ကာရှိ မုဆိုးမတဦးအား မူးယစ်ဆေးစွဲနေသူ သူ့သားက သူဝေစုရမည့်မြေအား ရောင်းချမည်ဟု ခြိမ်းခြောက်ခြင်း ခံနေရသည်။ "ကျမသားက အိမ်က ရှိတဲ့ဟာ တော်တော်များများကို ခိုးတယ်။ မီးဖိုချောင်ထဲက ပစ္စည်းတွေ၊ မိသားစုပိုင်ပစ္စည်းတွေ၊ အစားအသောက်တွေ စသဖြင့်ပေါ့။ တရက်တော့ ကျမဒေါသအရမ်းထွက်လို့ သူ့ကို နှင်ချလိုက်တယ်။ ကိုယ့်ပိုက်ဆံကိုယ်ရှာလို့လည်း သူ့ကို ပြောလိုက်တယ်။ ကျမသားက သူ့မြေဝေစုကို မေးတယ်။ အဲဒီနောက် သူ့ကို ကျမစကားမပြောတော့ဘူး။ သူ့ကြောင့် ကျမ အရမ်းဒိုရတယ်"။

## မကျန်းမာသည့် မူးယစ်ဆေးဝါးသုံးစွဲသူများအပေါ် စောင့်ရှောက်ရန် လိုအပ်ခြင်း

*"ကျမမြေးလေး သူ့ဆွေမျိုးတွေနေရာမှာ မူးယစ်ဆေးအကြောထဲ ထိုးသွင်းရင်း၊ တခုခုမှားလို့ ဖြစ်မှာပေါ့၊ သူ့အရမ်းဖျားတယ်။ ပါးစပ်မှာ ပြည်တည်ပြီး ဝမ်းလည်းလျှောတယ်။ သူဘာမှကို မစားနိုင်တော့ဘူး။ အိပ်ယာထဲလဲနေပြီး အားလည်းမရှိတော့ အိမ်သာတောင် မသွားနိုင်ဘူး။ ဘိန်းဖြူတွေ အကြောထဲထိုးသွင်းတော့၊ သွေးကြောတွေပိတ်ကုန်ပြီး ဆေးထိုးလို့ မရတော့ဘူးလေ။ သူ့လက်မောင်းမှာ ဆေးထိုးအပ်ရာတွေချည်းဘဲ"။ (ဖန်းမော်၊ လိုင်ဂျီးရှိ မူးယစ်ဆေးစွဲသူ တဦး၏ အဖွား)*

မူးယစ်ဆေးသုံးသူများ၏ကျန်းမာရေးအွန္တရာယ်မှာအရမ်းကြီးသည်။ ၎င်းတို့နာမကျန်းဖြစ်သည့်အခါ၊ ထုံးစံအတိုင်း မိသားစုအတွင်းမှ မိန်းကလေးများက ပြုစု၊ စောင့်ရှောက် ပေးရသည့်အတွက် အမျိုးသမီးများအပေါ် ဝန်ပိုပိစေသည်။ ဖျားနာနေသည့် မူးယစ်ဆေးသုံးစွဲသူများကို ပြုစုရသည့် အလုပ်သည် လည်း အသိအမှတ်ပြု ခံရခြင်း မရှိတတ်ပေ။ "မူးယစ်ဆေးတွေထိုး သုံးစွဲတဲ့အတွက်၊ သူ့လက်က ယောင်နေတယ်။ မော်တော်ဆိုင်ကယ်ကို ထပ်ခိုးပြီး ထွက်ပြေးသွားတယ်။ အဲဒီအချိန်မှာ ဆိုင်ကယ်ပေါ်က ပြုတ်ကျပြီး သတိမေ့သွားတယ်။ သတိရတဲ့အခါ သူဘာမှ မမှတ်မိတော့ဘဲ သချိုင်း ကုန်းဘက် သွားတယ်။ အဲဒီမှာ ၃ ရက်လောက်နေတယ်။ နောက်တော့ တခြားလူတွေက သူ့ကိုမှတ်မိသွားပြီး အိမ်ကို ပြန်ပို့ပေးကြတယ်။ သူဘာမှ မမှတ်မိတော့ဘူး။ သူ့ကို ဆေးပြတ်ဖို့ ကုပေးရတယ်၊ ဒါပေမယ့် သူ အရက် စသောက်ပြန်တယ်။ သူအရက်ဝယ်ဖို့ ကျမဆီက ပိုက်ဆံတောင်းတယ်၊ ကျမ မပေးတဲ့အခါ၊ ကျမကို ထိုးတယ်"။

အမျိုးသမီးများသည် မူးယစ်ဆေး သုံးစွဲသည့် ၎င်းတို့၏ ဖခင်များ၊ လင်ယောကျာ်းနှင့် သားများအား ဆုံးရှုံးကြရသည်။ လင်ယောကျာ်းများ မူးယစ်ဆေးသုံးစွဲရာမှ HIV/AIDS နှင့် သေဆုံးသည့်အခါ၊ မိသားစုအတွင်း မိန်းမများ (သို့) ကလေးများအား ရောဂါစွဲကပ်နေမည်ကို စိုးရိမ်သောကဖြစ်ကာ၊ စိတ်ဒဏ်ရာများ ထပ်ဆင့်ရကြပြန်သည်။

မူဆယ်ရှိ၊ မုန်းပေါ်မှ ကျန်းမာရေးလုပ်သားတဦးက သူမ၏ နယ်မြေအတွင်း လူ ၁၅၀ ခန့် HIV ကူးစက်ခဲ့ပြီး၊ လူ ၅၀ မှာ သေဆုံးသွားကြပြီဟု ပြောသည်။ သူမသည်၊ မိဘများ HIV ကြောင့် သေဆုံးသွားသည့်အတွက် မိဘမဲ့ကလေး ၁၁ ယောက်ကို ပြုစု၊ စောင့်ရှောက်ခဲ့ရသည်။

## ကိုယ်ထိလက်ရောက် ကျူးလွန်မှု ခံရခြင်း

*"ကျမယောကျ်ား ဆေးသုံးဖို့လိုနေတဲ့အခါ၊ ကျမကို ဓားနဲ့ ခြိမ်းခြောက်တယ်။ အိမ်ထောင်မပြုခင်တုန်း ကလည်း ကျမအဖေက နှိပ်စက်တယ်။ အိမ်ထောင်ပြုပြီးတော့လည်း ကျမယောကျ်ားက အနိုင်ကျင့် ပြန်တယ်။ ကျမ ခန၊ ခန ထွက်ပြေးဖူးတယ်။ ကျမအရမ်းဆာပေမယ့် စားစရာမရှိဘူးဖြစ်ပါတယ်" (မူဆယ်ရှိ မူးယစ်ဆေးစွဲသူတဦး၏ ဇနီး)*

*"ကျမ ကိုယ်ဝန်ရှိတဲ့အချိန်မှာ၊ ကျမယောကျ်ား အိမ်ကပစ္စည်းတွေ စခိုးတယ်။ တခါတော့ သူ့ကို ဆန်အိတ်ဝက်လောက် ခိုးနေတာ ကျမမိဖူးတယ်။ ကျမတို့ ရန်ဖြစ်ကြတာပေါ့။ ကျမဆံပင်ကို သူဆွဲတော့၊ ကျမလည်း သူ့ကို တုတ်နဲ့ရိုက်တယ်။ တခါ သူကလည်း ကျမကို တုတ်နဲ့ပြန်ရိုက်တယ်။ ကျမ သတိတောင်လစ်သွားတယ်။ သတိရတော့ ဆန်အိတ်ဝက်က မရှိတော့ဘူး"(မူဆယ်ရှိ မူးယစ်ဆေးစွဲသူတဦး၏ ဇနီး)*

မိသားစုဝင်များက မူးယစ်ဆေးစွဲသူကို ပိုက်ဆံမပေးသည့်အခါ၊ ၎င်းတို့သည် ကြမ်းတမ်းခက်ထန်လာ ကြပြီး၊ တခါတရံတွင် ကိုယ်ထိလက်ရောက် ကျူးလွန်ကြသည်။ မိခင်များ၊ ဇနီးများနှင့် သမီးများသည် မူးယစ်ဆေးသုံးစွဲသူများ၏ ရိုက်နှက်ခြင်း၊ တိုက်ခိုက်ခြင်း ခံရသည်။

ဗန်းမော်ခရိုင်၊ မန်းစီ မြို့နယ်တွင်းရှိ ရွာတရွာမှ အသက် ၂၈ နှစ်အရွယ် အမျိုးသမီးတဦးက သူ့ ယောကျ်ားအနေဖြင့် မူးယစ်ဆေးသုံးစွဲရန်အတွက် သူနှင့် ကလေးများအား မည်သို့ ရိုက်နှက်၊ ငွေညှစ် သည်ကို ပြောပြသည်။ သူမသည် ကြံခင်းတွင် နေ့စားအလုပ်လုပ်ရပြီး မိသားစုတစုလုံး နှင့် ကလေး များ၏ ပညာရေးအတွက် တာဝန်ယူနေရသည်။

"သူ့မှာ မူးယစ်ဆေး အလုံအလောက်ရှိနေရင်၊ ဘာမှ မလုပ်တော့ဘူး။ ဒါပေမယ့် သူ့မှာ သုံးစရာ မူးယစ် ဆေးမရှိတော့ရင် နည်းအမျိုးမျိုးနဲ့ ကျမတို့ကို ရိုက်တော့တာဘဲ။ တညတော့ ပထမတန်းရောက်နေတဲ့ သမီးက စာဖတ်နေတယ်၊ ကျမနဲ့ ကျမသားက သူ့နားမှာ ထိုင်နေတာပေါ့။ ကျမ ယောကျ်ားပြန်လာတဲ့ အချိန်မှာ သားက သမီးဆီကနေ စာအုပ်တောင်းတယ် ပြီးတော့ သူငိုတယ်။ ဒါကို ကျမယောကျ်ား မြင်တော့၊ မင်းဘယ်လိုကလေးလဲ၊ သေသွားချင်လား ဆိုပြီးမေးတယ်။ သားကို ခြေထောက်နဲ့ ကန်ပြီး ခြေထောက်နဲ့ နင်းထားတယ်။ ကျမသားက ငိုတောင် မငိုတတ်တော့ဘူး။ သမီးတကိုယ်လုံးကိုလည်း တုတ်နဲ့ရိုက်တယ်။ ကျမက ကလေးတွေကို ဒီလိုမရိုက်ဖို့ ပြောပြီး၊ တောင်းပန်တယ်။ သူက နင်တို့ အားလုံး သေလိုက်ကြလို့ပြောတယ်။ သူက ပြောလည်းပြော၊ ဆံပင်ကိုလည်းဆွဲ၊ ကန်လည်းကန် တယ်။ ကျမတို့အားလုံး ငိုကြတာပေါ့။ အိမ်နီးချင်းတွေကလည်း ဘာမှမပြောရဲတော့၊ သူ့စိတ်ကြိုက် ကျမတို့ကို နှိပ်စက်တာပေါ့။ ကျမလည်း သားကို ဆွဲပြီး မီးဖိုထဲ ပြေးသွားလိုက်တယ်။ အဲဒီမှာ ကျမတို့ ငိုကြပြန်တယ်။ သူတော့ လိုက်မလာတော့ဘူး။ တညလုံး ကျမတို့ အိမ်ထဲ ပြန်မဝင်ရဲတော့ဘူး။ နောက် နေ့ကျတော့ ကလေးတွေ နံနက်စာတောင် မစားနိုင်ကြတော့ဘူး။ သူတို့ တကိုယ်လုံး ရိုက်ထားတဲ့ဒဏ် ကြောင့် အညို၊ အမဲစွဲနေတာဘဲ။

ကျမယောက်ျား ညဖက် ပြန်ရောက်တဲ့အခါ၊ ကလေး နှစ်ယောက်ကို နှိုးပါတယ်။ ကလေးတွေ နှာခေါင်း ကို ပိတ်လိုက်တော့၊ ကလေးတွေလည်း ငိုတဲ့အခါ။ ဘာလို့ငိုရလဲလို့ အော်ပြီး ကလေးတွေကို ပစ်ထုတ် လိုက်တယ်။ ကျမသားက ကြောက်နေပြီး၊ သေးထွက်တဲ့အထိ အရိုက်ခံရတယ်။

တညနေ အိမ်မှာ ကျမမရှိတုန်း၊ ကျမသားကို ခေါင်းလျှော်ဖို့ပြောတယ်။ ကလေးက မလျှော်ချင်တော့ထွက်ပြေးတယ်။ သူက ကလေးကို လိုက်ဖမ်း၊ အဝတ်တွေချွတ်၊ လဲ့ခိုင်းပြီး မျက်နှာပေါ် ရေလောင်းချတယ်။ ကလေးက ရေမွန်းပြီး အသက်ရှုကြပ်နေတယ်။ နောက်တော့ ရေပုံးကြီးကြီး တလုံးရပြီး ကလေးကို ရေထဲနှစ်ထားတယ်။ အဲဒီအချိန်မှာ ယောက်ခမက အဲလို မလုပ်ဖို့ ပြောတဲ့အခါ၊ ဒါ ငါ့သား၊ နင်တို့ အလုပ်မဟုတ်ဘူးလို့ ပြန်ပြောတယ်။ ဒါနဲ့ဘဲ သူတို့က ဘာမှမလုပ်ရဲတော့ဘူး။ ကျမ အလုပ်က ပြန်လာတဲ့အခါ သူတို့က ပြန်ပြောပြတယ်။ ကျမသားလည်း ကြောက်လန့်ပြီး၊ ဖြူဖတ်၊ ဖြူ ရော်တောင် ဖြစ်နေတယ်။

ကလေးတွေအပေါ် သူပြုမူနေတာတွေနဲ့ပတ်သက်ပြီး ကျမအနေနဲ့ စိတ်ဆင်းရဲရတယ်။ တကယ်လို့ ကျမအနေနဲ့ သူ့ကို ပိုက်ဆံမပေးနိုင်ရင် ကျမသားနဲ့ သမီးဘဲ နှိပ်စက်ခံရတယ်။ ကလေးတွေကို သူ နှိပ်စက်နေတာ ကျမအနေနဲ့ မခံစားနိုင်ဘူးဆိုတာသိတော့ ဒီနည်းနဲ့ဘဲ ကျမဆီက ပိုက်ဆံရအောင် ညှဉ်းတယ်"။

အကြမ်းဖက်မှုများသည် တခြားလူ့အဖွဲ့အစည်းများတွင်လည်း ပြန့်နှံ့ဖြစ်ပေါ်နေသည်။ အသက် ၂၃ နှစ် အရွယ် မူးယစ်ဆေးသုံးစွဲသူတဦး၏ မိခင်ကလည်း သူ့သားအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲပြီးနောက် မိန်းကလေးတဦးအား အဓမ္မပြုကျင့်သည့်အကြောင်းပြောပြသည်။

## အရှက်ရခြင်းနှင့် စိတ်ဒဏ်ရာများ

*""သူ့သားနဲ့ သူ့သူငယ်ချင်းတွေက မူးယစ်ဆေးဝါး ဝယ်ဖို့ လမ်းဘေးဆိုင်ကနေ မော်တော်ဆိုင်ကယ်တစီး ခိုးတယ်။ ဆိုင်ကယ်ကို တရုတ်ဖက်မှာ သွားရောင်းတယ်။ အဲဒီနောက် သူ့အမေက ဆိုင်ကိုသွားပြီး ငါသေသာ၊ သေလိုက်ချင်တယ်ဆိုပြီး ငိုယို၊ အော်ဟစ်နေတယ်"။ (ပန်းမော်ခရိုင်၊ လွိုင်ဂျေမြို့မှ မူးယစ်ဆေးသုံးစွဲသူ)*

အမျိုးသမီးများအနေဖြင့် မိသားစုဝင်များအတွင်း မူးယစ်ဆေးဝါးသုံးစွဲသူများရှိခြင်းကြောင့် အရှက်ရကြောင်း မကြာခဏ ပြောဆိုကြသည်။ "ကျမသားကြောင့် အိမ်နီးချင်းတွေနဲ့ ပတ်ဝန်းကျင်ကို ရှက်မိ ပါတယ်" ဟု အသက် ၅၅ နှစ်ရှိ၊ မူဆယ်မှ မူးယစ်ဆေးသုံးစွဲသူတဦး၏ မိခင်က ပြောသည်။ ထိုသို့ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်သည်ဟု ခံစားရသူ များကလည်း "ကျမအနေနဲ့ ဘာမှ မပြောချင်တော့ဘူး။ မူးယစ်ဆေးဝါးသုံးစွဲသူ တယောက်ရဲ့ မိန်းမအနေနဲ့ ကျမတော့ရှုံးနေပြီ"ဟု အမျိုးသမီးတဦးက ပြော သည်။

မိသားစုတွင်း မူးယစ်ဆေးစွဲသူများနှင့် ထိတွေ့ ဆက်ဆံရာမှ အမျိုးသမီးများအတွက် အရှက်ရမှုများ ဖိစီးမှုများ ထပ်ကာတလဲလဲ ရရှိခံစားရခြင်းကြောင့် တချို့ ဇနီးမယားများအား ၎င်းတို့၏ လင်ယောက်ျားများအား အကြမ်းဖက်တုန့်ပြန်သည့် နည်းများဖြင့် ဖြေရှင်းရန် တွန်းပို့ပေးသကဲ့သို့ ဖြစ်လာသည်။

မူဆယ်ရှိ အမျိုးသမီးတဦးက သူ့ယောကျာ်းအား သတ်ချင်သည့် ကိစ္စအား ယခုလိုပြောသည် "ကျမ ယောကျာ်းကို ကျမတို့ ဆောက်နေတဲ့ အဆောက်အဦးမှာ မူးယစ်ဆေးသုံးနေတာ တွေ့တော့၊ ကျမ အရမ်းဒေါသထွက်ပြီး သူ့ကို ကျောက်ခဲနဲ့ ပေါက်လိုက်တယ်။ ကျမယောကျာ်းကို ကျောက်ခဲနဲ့ ပစ်ပေါက် သတ်ချင်ပေမယ့်၊ ကျမသမီးကြီးက အမေ၊ အဖေ့ကို တယောက်တည်းထားလိုက်ပါ၊ သမီးတို့ အိမ်ကလည်း မပြီးသေးဘူးလို့ပြောတာနဲ့ ကျမလည်း သူ့ကို ခဲနဲ့ပေါက်ပြီး အသေမသတ်လိုက်တာ"

ယောကျာ်းဖြစ်သူအား ဓားဖြင့် တိုက်ခိုက်ခဲ့သည့် နမ့်ဖတ်ကာရှိ အမျိုးသမီးတဦးကလည်း "သူ မူးယစ်ဆေးကို စွဲစွဲလမ်းလမ်း ဖြစ်လာတော့၊ ကျမသူ့ကို ပြောမရတော့ဘူး။ တရက်တော့ ကျမ အရမ်း ဒေါသဖြစ်တာနဲ့ ဓားနဲ့ သူ့ကိုပေါက်လိုက်တယ်။ ဓားက သူ့ဘယ်ဘက် လက်မောင်းကို သွားစိုက်တယ်။ ဒါပေမယ့် သူ့ဆေးရှုတဲ့အိုးကိုတော့ ကိုင်ထားတုန်း။ သူက ကလေးတယောက်လို ငိုတော့ ကျမ ယောက္ခမတွေလည်း ကျမကို စိတ်တိုပြီး ကျမ မိဘတွေနဲ့ သွားနေဖို့ပြောတယ်"

## အဝေးသို့ သွားရောက်အလုပ်လုပ်ရခြင်းနှင့် ကလေးများနှင့် ကွဲကွာသွားခြင်း

မူးယစ်ဆေးစွဲသူ လင်ယောကျာ်းများကြောင့် မိသားစု ဆင်းရဲကြပ်တည်းမှုနှင့် ကြုံရသည့်အခါ၊ ဇနီးမယားများသည် တခါတရံတွင် တရုတ်ပြည် သို့မဟုတ် မြန်မာပြည် တခြားအရပ်ဒေသများသို့ သွားရောက် အလုပ်လုပ်ပြီး ကလေးများအား ထောက်ပံ့ကြရသည်။ KWAT မှ ထုတ်ပြန်ခဲ့သည့် အစီရင် ခံစာများအရ၊ တရုတ်ပြည်သို့ ရွှေ့ပြောင်းအလုပ်လုပ်ရသည့် ကချင်အမျိုးသမီးများသည် လူကုန်ကူးမှု အန္တရာယ်ကို ကြီးမားစွာ ရင်ဆိုင်ကြုံတွေ့ကြရသည်။

မူးယစ်ဆေးစွဲနေသူတဦး၏ အဖိုးဖြစ်သူက သူ့မြေး၏ မိန်းမသည် တရုတ်ပြည်သို့ သွားရောက် အလုပ်လုပ်ပြီး မိသားစုအား မည်သို့ ထောက်ပံ့ရသည်ကို ယခုလိုပြောသည်။ "ကလေးမလေးက သူ့ကလေးတွေကို နှစ်ခါလောက် ပြန်လာကြည့်ဖူးတယ်။ ဒါပေမယ့် နောက်ပိုင်းတော့ ပြန်မလာတော့ ဘူး။ အဲဒီအချိန်တုန်းက သူ့သားကြီးက ၅ နှစ်နဲ့ သားအငယ်လေးက ၃ နှစ်ဘဲရှိသေးတယ်"

မူဆယ်ရှိ နောက်ထပ် အမျိုးသမီးတဦးကလည်း တရုတ်ပြည်သို့ သွားရောက် အလုပ်မလုပ်ခင် သူ့သမီး အား မွေးစားမည့်သူများလက် အပ်ခဲ့ရသည်။ သူမအနေဖြင့် သင်းအုပ်ဆရာများနှင့် တိုင်ပင်ပြီးနောက် သူ့သားကို မွေးစားမည့် အမျိုးသမီးလက်သို့ အပ်ခဲ့ရသည်။ အပြန်အလှန်အနေဖြင့် ကျပ်ငွေ ရှစ် သောင်း၊ ကြက်ဥ ၁၀ လုံး၊ သကြား ၁ထုတ်နှင့် ကိတ်မုန့် ၁ ဗူး ရရှိသည်။ သူမ၏ လုပ်ရပ်နှင့် ပတ်သက် ပြီး အပြစ်ရှိသကဲ့သို့ ခံစားရကြောင်း ယခုလိုပြောသည်။ "ကျမကလေးကို အရမ်းစိတ်ပူတယ်။ ကျမ ကလေးကို တခြားလူတွေကို ပေးလိုက်လို့၊ ကျမ အပြစ်ပေးခံနေရပြီ ထင်တယ်။ ကျမသမီးလေး ကောင်းစားမယ်လို့ မျှော်လင့်ပါတယ်။ သမီးလေးကို ခေါ်ပြီး စကားပြောနိုင်မယ်လို့ ထင်ခဲ့တယ်။ ခုတော့ သူ့ကို ဘယ်လိုမှ မဆက်သွယ်နိုင်သေးဘူး။ သမီးလေးအတွက် စိတ်အရမ်းပူနေရတယ်"

မူးယစ်ဆေးသုံးစွဲသူတဦးနှင့် အိမ်ထောင်ကျနေသည့် နောက်ထပ်အမျိုးသမီးတဦးကလည်း သူမ၏ သား မူးယစ်ဆေးသုံးစွဲနေသည်ကို တွေ့ရှိသည့်အတွက် သူ့အဖေကဲ့သို့ မူးယစ်ဆေးစွဲသူတဦး မဖြစ်စေ ရန် မလေးရှားသို့ သွားရောက် အလုပ်လုပ်စေသည်။

## အမျိုးသမီးအများအပြား မူးယစ်ဆေး သုံးစွဲသူများ ဖြစ်လာကြခြင်း

ဗန်းမော်နှင့် မန်စီရှိ အမျိုးသမီးများအကြား အတော်များများ ရာမ စတင်သုံးစွဲလာကြသည်။ အသက် ၂၀နှင့် ၃၀ ရှိ အမျိုးသမီး အများအပြား၊ ရာမသုံးစွဲကြသည်ဟု ဗန်းမော်ရှိ လူမှုဝန်ထမ်းအမျိုးသမီးက ပြောသည်။ ယောကျာ်းနှင့် ဇနီး၊ မယားများပါ ရာမ ကို သုံးစွဲကြသည်ဟု ကုန်သွယ်ရေးအချက်အချာ ကျသည့် မန်စီရှိ မြို့မိ၊ မြို့ဖ တဦးကပြောသည်။ မူးယစ်ဆေးကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုကို သူက ယခုလို ရှင်းပြသည် "တချို့ မိသားစုတွေမှာဆိုရင် ဖအေရော၊ မအေပါ ရာမ သုံးကြတယ်။ ဆို တော့ သူတို့အလုပ်လည်း မလုပ်ကြတော့သလို၊ ကလေးတွေကိုလည်း မစောင့်ရှောက်နိုင်ကြတော့ဘူး။ သူတို့တွေ စိတ်ပိုင်းဆိုင်ရာ ဖောက်ပြန်မှုတွေဖြစ်လာပြီး အိမ်နဲ့ တောင်ယာ လောက်ဘဲ အသွား၊ အပြန် လုပ်ကြတော့တယ်"။

အမျိုးသမီးများ ဘိန်းဖြူနှင့် ဘိန်းသုံးစွဲသည့် ပမာဏ နည်းပါးသော်လည်း၊ တချို့အမျိုးသမီးများသည် ၄င်းတို့၏ မူးယစ်ဆေးသုံးစွဲသူ လင်၊ ယောကျာ်းများ ဆွဲဆောင်၊ သိမ်းသွင်းခြင်းကြောင့် ဖြစ်စေ၊ သို့မဟုတ်ပါကလည်း အမျိုးသမီးများကိုယ်တိုင် မူးယစ်ဆေးရောင်းချလာသူများ ဖြစ်လာသည့် အတွက် ရာမကို သုံးစွဲလာကြသည်။

မူဆယ်ရှိ၊ မူးယစ်ဆေးစွဲသူတဦး၏ ဇနီးဖြစ်ပြီး ယခုအခါ မုဆိုးမဖြစ်နေသူ အသက် ၃၂ နှစ်အရွယ် အမျိုးသမီးတဦးသည် ကလေး ၂ ယောက်အား ရှာဖွေကျွေးမွေးရန်အတွက် မူးယစ်ဆေးရောင်း ချရာမှ သူကိုယ်တိုင် မူးယစ်ဆေးစွဲသူတဦး ဖြစ်သွားသည်။ "ကျမ ယောကျာ်းဆုံးပြီးတာနဲ့၊ သမီးလေးကို ကျမ မွေးတယ်။ ကျမမှာ စားစရာတောင် မရှိဘူး။ ကလေး ၂ ယောက်နဲ့ဆိုတော့ ဘာအလုပ်မှလည်း မလုပ် နိုင်ဘူး။ ဒါနဲ့ဘဲ ဆေးရောင်းတဲ့သူဆီကနေ ကျမ ဆေးပြားတချို့ယူတယ်။ ပထမတော့ ကျမ ဆေးပြား ၁၀ ပြားလောက်ဘဲ ရောင်းတယ်။ နောက်တော့ ဆေးသုံးသူတွေက ကျမရောင်းမှန်းသိတော့ ကျမ လည်း တရက်၊ တရက်ကို ပို၊ ပို ရောင်းလာရတယ်။ ကျမ ဆိုင်လေးတဆိုင်တည်တယ်၊ ပြီးတော့ ဆေးပြားတွေရောင်းတယ်။ ဆေးပြားတွေ မရောင်းခင် ကျမ အရင်စမ်းကြည့်တယ်။ တဖြည်းဖြည်း နဲ့ ဆေးသုံးတာ များ၊ များ လာတယ်။ ကျမ မသုံးရရင်၊ မနေနိုင်အောင်ကို စွဲသွားတယ်။ တခါတလေ ဆို ကျမတို့ မလောက်မငှ၊ စားရတယ်။ ဘာမှ မစားရရင်ဖြစ်ပေမယ့်၊ ဆေးမသုံးဘဲတော့ မနေနိုင်တော့ ဘူး။ ကျမ ဆေးပြားတွေ ဆက်ရောင်းနေတုန်းဘဲ၊ ဒါပေမယ့် အမြတ်တော့ မကျန်ဘူး၊ ဘာလို့လဲဆို တော့ အဲဒါတွေနဲ့ ကျမဆေးပြားတွေ ပြန်သုံးနေလို့ဘဲ။ မူးယစ်ဆေးကြောင့် ကျမတို့ရဲ့ အရိပ်အမြုံလေး လည်း ဆုံးရှုံးခဲ့ရပါပြီ" ဟု သူမက ပြောသည်။



## အမျိုးသမီးများ တရုတ်ပြည်တွင် အလုပ်လုပ်ရာမှ ဘိန်းဖြူနှင့် ရာမ စတင်သုံးစွဲခြင်း

မူးယစ်ဆေးသုံးစွဲသူ အမျိုးသမီးအချို့နှင့် တွေ့ဆုံမေးမြန်းရာတွင် ၎င်းတို့၏ ပြောပြချက်အရ သူတို့အနေ ဖြင့် တရုတ်ပြည်တွင် သွားရောက် အလုပ်လုပ်ရာမှ မူးယစ်ဆေးဝါး စတင်သုံးစွဲလာကြခြင်းဖြစ်သည်။ ကချင်အမျိုးသမီးများနှင့် မိန်းကလေးငယ်များ စစ်ပွဲများကြောင့် နောက်ဆုံးတွင် တရုတ်ပြည်၌ သွားရောက် အလုပ်ရှာဖွေရသည့်အတွက် အဆိုပါ ပြောဆိုချက်မှာ စိုးရိမ်စရာ အချက်အဖြစ်ရှိနေ သည်။

### လိုင်ဖျော်ဖြေရေး လုပ်သားများ

"၂၀၀၉ ခုနှစ်မှာ၊ ကျမ အလုပ်မရှိဘူး။ အဲဒီအချိန်မှာ ဝမ်းကွဲ တယောက်က တရုတ်နယ်စပ်မှာ အလုပ် ရှာဖို့ ဆိုပြီး ပြောလာတယ်။ ကျမတို့ တရုတ်ပြည်ဘက်ခြမ်းက လိုင်ဇာကို သွားတယ်။ ကျမတို့ ဆိုင်အ သေးတဆိုင်မှာ စပါးအနှိပ်သည်အဖြစ် လုပ်ရတယ်။ အဲဒီမှာ မိန်းကလေး ၁၀ ယောက်လောက် ရှိ တယ်။ ပထမတော့ မူးယစ်ဆေးဝါး ဘယ်လိုသုံးရမှန်း ကျမမသိတော့ မသုံးဖြစ်ဘူး။ ဒါပေမယ့် ကျမ သူငယ်ချင်းတွေကတော့ ရာမရော ဘိန်းဖြူပါ သုံးတယ်။ ကျမကိုလည်း စမ်းကြည့်ဖို့နဲ့ တကယ်လို့ ကျမ မူးယစ်ဆေးသုံးလိုက်ရင် နေလို့၊ ထိုင်လို့ကောင်းသွားမယ်၊ အိပ်လို့လည်း ပျော်တယ်လို့ ပြောကြ တယ်။ ဒါနဲ့ဘဲ ကျမလည်း သုံးဖြစ်သွားတယ်။

ကျမ ညဘက် အိပ်လို့မရတာတွေရှိ တယ်။ ဆိုင်မှာလည်း တခါတလေ လူကျတယ်။ ကျမတို့က သီးသန့်နေရတာပေါ့။ တခါတလေလည်း ကျမတို့ကို တယောက်ယောက်က ညဖက်လာခေါ်တယ်။ ကျမ သူငယ်ချင်းတွေလည်း သူတို့နဲ့ လိုက်သွားတယ်။ ကျမသိတဲ့ ဖောက်သည်တွေဆိုရင် ကျမလည်း လိုက်သွားတယ်။ ကျမတို့အလုပ်က ညဖက်မှာ လုပ်ရတာဆိုတော့၊ ညဖက် မအိပ်ရဘူးလေ။

ကျမ ရာမကို စသုံးဖြစ်တယ်။ စစချင်းတော့ တရက်ကို ၂ ပြားကနေ ၃ ပြားသုံးတယ်။ နောက်တော့ တရက်ထဲကို အများကြီးသုံးဖြစ်လာတယ်။ ဆေးသုံးနေရတဲ့အချိန်ဆို ကျမအရမ်း ပျော်တယ်။ တခါတလေလည်း ဘိန်းဖြူသုံးပါတယ်။ တခါတလေ အလုပ်ရှင်ဆီကနေ ယွမ် ၅၀ လောက်ချေးဖို့ ပြောရတယ်။ တပတ် ကို ၂ ခါ၊ ၃ ခါလောက် တောင်းရတယ်။ အဲဒီငွေနဲ့ဘဲ ရာမ ဝယ်ရတာကိုး။ ကျမ သူငယ်ချင်းတွေတော့ ဆေးအတွက် ဘယ်လောက်ကုန်တယ်ဆိုတာ မသိဘူး။ ကျမ သူငယ်ချင်း ခပ်များများကတော့ ဘိန်းဖြူသုံးကြတယ်။

အဲဒီမှာ ကျမ ၄ နှစ်လောက် လုပ်ခဲ့တယ်။ တလ ဘယ်လောက်ဝင်ငွေရလဲ ကျမ မသိတော့ဘူး။ ဆိုင် ရှင်ကတော့ ကျမတို့ကို စားစရာနဲ့ အဝတ်အစားတွေတော့ ပေးတယ်။ ကျမတို့မှာ အဝတ်အစား နှစ်စုံ၊ သုံးစုံရှိရင် လုံလောက်ပါပြီ။ အဲဒီမှာလုပ်တဲ့ မိန်းကလေးတွေအားလုံး အသက် ၂၅ နှစ် အောက်တွေချည်းပါဘဲ။ ကျမ မူးယစ်ဆေးဝါးကို ၃နှစ်ခွဲလောက် သုံးခဲ့တယ်။ အဲဒီမှာလည်း ပျော်ခဲ့ပါတယ်။ ကျမ အတွက် ဘာမှ မလိုအပ်ခဲ့ပါဘူး။ အဲဒီမှာ ဒီလိုဆိုင်မျိုးတွေလည်း ရှိသေးတယ်။ ဆိုင်တွေမှာ အလုပ်သမားတွေက မြန်မာပြည်ကဆိုတော့ ကျမတို့ မြန်မာလို ပြောလို့ရတာပေါ့”

## အိမ်တွင်း အလုပ်သမားများ

“၂၀၀၅ ခုနှစ်မှာ ကျမ ယောကျ်ားက သစ်လုပ်ငန်းလုပ်တယ်။ တရက်တော့ မြန်မာစစ်သားတွေက သူ့ကိုဖမ်းပြီး ထောင်ချလိုက်တယ်။ နောက်တော့ ဝင်ငွေရအောင် ဘယ်လိုရှာရမယ်မှန်း ကျမမသိတော့ဘူး။ ဒါနဲ့ဘဲ ၂၀၀၈ ရောက်တော့၊ ကျမနဲ့ ကလေးတွေ လိုင်ဇာသွားပြီး ဝင်ငွေရှာကြတယ်။ လိုင်ဇာ ဘက်မှာ ကျမတို့အတွက် သင့်တော်တဲ့ အလုပ်မရတာနဲ့၊ နယ်စပ်တဖက်က တရုတ်ဘက်ကို သွားကြ တယ်။ အဲဒီမှာ အိမ်ငှားပြီး နေကြတာပေါ့။ ဝင်ငွေရဖို့ မုန်ညှင်းခင်းမှာ အလုပ်လုပ်တယ်။ တခါတလေ လည်း တရုတ် အမျိုးသမီးအိမ်တွေမှာ အဝတ်လျှော်တယ်။ တရက်တော့ ကျမခြေထောက်တွေ ယောင် လာပြီး၊ နာလည်း နာလာတယ်။ အဲဒီအချိန်မှာ ကျမတို့အိမ်နားက လိုင်ဖျော်ဖြေရေးလုပ်နေတဲ့ တ ယောက်က ရာမ သုံးဖို့ ပြောလာတယ်။ သူပြောတာက အဲဒါကို သုံးပြီးတာနဲ့ ကျမအတွက် ပျော်စရာ တွေဖြစ်လာမယ်တဲ့။ ဒါနဲ့ဘဲ ကျမ ဆေးပြားတွေ နေ့တိုင်း သုံးတော့တာဘဲ။ ကျမ ရာမ စွဲလာပြီး၊ ဘိန်းဖြူပါ စသုံးတတ်လာတယ်။ ကျမလည်း သမီးနှစ်ယောက်ကို ကြည့်ရှု၊ စောင့်ရှောက်ဖို့ ပိုက်ဆံမရှိတော့တာကြောင့် လိုင်ဖျော်ဖြေရေးလုပ်နေတဲ့ တယောက်ကာဘဲ ကျမတို့ မိသားစုကို ကြည့်ရှုပေးတယ်။ ၅ လခွဲလောက် ဒီလိုဘဲ ဖြတ်သန်းရတယ်။ ကျမ ကလေးတွေလည်း ကျောင်းမသွား နိုင်ကြပါဘူး။ နောက်တော့ ကျမခြေထောက် ပြန်ကောင်းလာတာနဲ့ ဟင်းချက်၊ အဝတ်လျှော်၊ တခြား အလုပ်တွေ အိမ်တွေမှာ လိုက်လုပ်ပါတယ်။ ပိုက်ဆံရရင်၊ ရာမဝယ်တယ်၊ ကလေးတွေအတွက် စားစ ရာတွေ ဝယ်တယ်။ ၂၀၁၀ မှာတော့ ကျမ လိုင်ဇာကို ပြန်လာပါတယ်”။

## ဆင်းရဲခြင်းကြောင့် ရပ်တည်ရေးအတွက် အမျိုးသမီးများ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု တွင် ပတ်သက်လာရခြင်း

စစ်ပွဲကြောင့် ဆင်းရဲကြပ်တည်းမှု ပိုမိုဖြစ်ပေါ်စေခြင်းက၊ တချို့အမျိုးသမီးများကို မူးယစ်ဆေးဝါး ရောင်းဝယ်သူများ ဖြစ်လာစေရန် တွန်းပို့လျှက်ရှိသည်။ ၂၀၁၁ ခုနှစ်တွင် တိုက်ပွဲများ ပြန်လည် ဖြစ်ပွား ပြီးသည့်နောက် ဗန်းမော်ရှိ ကျေးရွာတရွာမှ မူးယစ်ဆေးရောင်းသူ အမျိုးသမီးတဦးက " စစ်မဖြစ်ခင် တုန်းက ကျမလယ်လုပ်တယ်။ ကျမ လယ်မလုပ်ရဲတော့ဘူး၊ အဲဒီမှာ မိုင်းတွေထောင်ထားလို့။ တိုက်ပွဲ တွေ ဖြစ်လာတော့ ကျမအတွက် ဝင်ငွေလည်း ရပ်သွားတယ်။ ကျမရဲ့ ဒုတိယသားက အစာအိမ်ရောဂါ ခံစားနေရပြီး၊ အိမ်ပြင်ဖို့လည်း ငွေလိုတယ်။ ဒါကြောင့် ငွေကို အမြန်ဆုံးရအောင် ရှာရတယ်။ ပထမဆုံး မူးယစ်ဆေးတွေ သယ်ပေးတယ်။ ကျမ ရာမ ၉ ထုတ်သယ်ခဲ့တယ်။ တထုတ်မှာ ဆေးပြား ၂၀၀ ပါ တယ်။ ဒါပေမယ့် ကျမ KIA ဖမ်းတာကို ခံရတယ်။ ကျမယောကျ်ားက အရမ်းရက်တယ်။ ကျမ အဖမ်းခံရပြီး တလအကြာမှာ ကျမယောကျ်ားဆုံးသွားတယ်" ဟု ပြောသည်။

မြစ်ကြီးနားမှ နောက်ထပ် အမျိုးသမီးတဦးကလည်း ဘိန်းဖြူစွဲနေပြီး နာမကျန်းဖြစ်နေသည့် ယောကျ်ား ဖြစ်သူ၏ သူငယ်ချင်းမှ ကလေး ၃ ယောက်ကို ထောက်ပံ့နိုင်ရန်အတွက် မူးဆစ်ဆေးရောင်းရန် သိမ်း သွင်းခဲ့သည်။ သူမအနေဖြင့် ပယ်နယ်စလင် တလုံးစာဘိန်းဖြူ အား ၄၀,၀၀၀ ကျပ်ဖြင့် ဝယ်ယူပြီး၊ ၈ ပုလင်းရအောင် ပြန်လုပ်၍ ၁ ပုလင်းလျှင် ၁၀,၀၀၀ ကျပ်ဖြင့် ပြန်ရောင်းသည်။ ထိုအချိန်က အမြတ်အနေဖြင့် ၄၀,၀၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၄၀ ခန့်) ပြန်ရသည်။

ရရှိသည့်အမြတ်သည် ရင်းနှီးရသည့် အန္တရယ်နှင့် နှိုင်းစာလျှင် နည်းပါးသည်။ နမ့်ဖတ်ကာမှ ဘိန်း ရောင်းသူအမျိုးသမီးတဦးက သူမအနေဖြင့် ကျပ် ၁၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁၀၀) မှ ကျပ် ၂၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၂၀၀) အထိ ဘိန်းအရည်အသွေးပေါ် မူတည်ပြီး အမြတ်ရသည်။ သို့သော် သူမအနေဖြင့် ဘိန်းကို ဘိန်းစိုက်ပျိုးရာဒေသမှ တခြားဘိန်းရောင်းသူထံမှ ဝယ်ယူရသည်။ ထို့နောက် ဘိန်းများကို ရဲစစ်ဆေးရေးစခန်းများကို ဖြတ်ကျော်ပြီး ရွာအရောက် သယ်ယူ၊ ရောင်းချရ သည်။ သူမအနေဖြင့် နမ့်ဖတ်ကာ လမ်းပေါ်တွင် ရဲ၏ ဖမ်းဆီးခြင်းခံရပြီး၊ ထောင်ဒဏ် ၁၈ နှစ် ချမှတ်ခံ ရသည်။ ယခုအခါတွင် ထောင်ဒဏ် ၆ နှစ်ပြည့်သွားပြီဖြစ်သည်။ အဖမ်းခံရစဉ်က ကိုယ်ဝန်ရှိနေပြီး ကလေးကို လားရှိုးအကျဉ်းထောင်တွင်ပင် မွေးဖွားခဲ့သည်။ နှစ်ရှည်ထောင်ဒဏ်များချမှတ်လိုက်သော် လည်း သူမအနေဖြင့် ပြန်လည်လွတ်မြောက်လာပါက ဘိန်းထွက်ရှိသည့် ဒေသများသို့သွားရောက်ပြီး မိသားစုအတွက် ဝင်ငွေရှာရမည့် လုပ်ငန်းအား တားဆီး၊ ဟန့်တားနိုင်မည် မဟုတ်ပေ။

## လာရှိုးအချုပ်ခန်းအတွင်း မူးယစ်ဆေးဝါးမှုဖြင့် အရေးယူခံထားရသည့် အမျိုးသမီးများ အခြေအနေ

မူးယစ်ဆေးဝါးမှုဖြင့် မှားယွင်းစွာ ထောင်ဒဏ် ၁၄ နှစ် အပြစ်ပေးခံရပြီး ထောင်အတွင်း ၇ နှစ်နေခဲ့ရသူ ကိုယ်ဝန်ဆောင်အမျိုးသမီးတဦးက "၂၀၀၆ ခုနှစ်မှာ ကချင် တိုင်းရင်းဆေးတွေကို တရုတ်မှာ သွားရောင်းပါတယ်။ တရက်တော့ နမ့်ဖက်ကာမှာနေတဲ့ တရုတ်တယောက်က ဘိန်းတွေဝယ်လာပြီး၊ ကျမကို ရောင်းမယ်လို့ပြောပါတယ်။ကျမကလည်းဝယ်ဖို့ပိုက်ဆံမရှိဘူးလို့ပြောလိုက်တယ်။သူထွက်သွားပြီးတဲ့နောက် မူဆယ်က မူးယစ်အထူးရဲတွေနဲ့ တိုးပါတယ်။ သူက ဒီဘိန်းတွေဟာ ကျမဟာ တွေလို့ ပြောလိုက်တယ်။ ဒါနဲ့ဘဲ ကျမအဖမ်းခံရပြီး ကွတ်ခိုင်ထောင်ကို ပို့လိုက်တယ်။ အဲဒီအချိန်မှာ ကျမ ကိုယ်ဝန်ရှိနေတယ်။ ကျမ စားစရာတွေအတွက် ၆ သောင်းဖိုးလောက် သုံးလိုက်တယ်။ သူတို့ ကျမကို မနှိပ်စက်ပါဘူး၊ ဘာလို့လဲဆိုတော့ ကျမက ကိုယ်ဝန်သည်ကိုး။ ရဲတွေက ထွက်ပြေးနေတဲ့ တရုတ်အမျိုးသားရဲ့ မိန်းမကို သူ့ယောကျ်ားအစား ဖမ်းလိုက်တယ်။ ရဲတွေက အဲဒီမိန်းမကို ပါးတွေရိုက် ပြီး၊ သူ့ယောကျ်ားဘယ်မှာလဲလို့ စစ်ကြတယ်။ သူတို့က အဲဒီတရုတ်ကို တရုတ်ပြည်မှာ ဖမ်းပြီး နှိပ်စက် ကြတာ၊ ခေါင်းမှာ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားပြီး၊ ၅ ချက်လောက် ချုပ်လိုက်ရတယ်။ ကျမ မိသားစုကလည်း ကျမအတွက် ရှေ့နေမငှားနိုင်ကြဘူး။ ကျမကို ဆီးစစ်တော့လည်း မူးယစ်ဆေးသုံး တာ တွေ့တယ်တဲ့။ ဒါနဲ့ဘဲ ကျမကို မူးယစ်ဆေးဝါး ရောင်းချတယ်၊ သုံးစွဲတယ်ဆိုပြီး ထောင်ဒဏ် ၁၄ နှစ် ချမှတ်ခံရတယ်။ တရုတ်မကတော့ ထောင် ၁၂ နှစ်ကျတယ်၊ သူ့ဆီးစစ်ချက်အရ မူးယစ်ဆေး သုံးစွဲတာ မတွေ့ရလို့တဲ့။ တရုတ်ကြီးကတော့ ထောင် ၅ နှစ် ကျသွားပြီး ထောင်ထဲမှာဘဲ ဆုံးသွား တယ်။ ကျမ ကွတ်ခိုင်ထောင်မှာ ၅ လနေခဲ့ပြီး အဲဒီမှာဘဲ ကလေးမွေးခဲ့တယ်။ နောက်တော့ လားရှိုး ထောင်ကို ပြောင်းရွှေ့ခဲ့ရတယ်။ ကျမ ခြေကျင်းခတ်ခံရတယ်။ မနက် ၈ နာရီကနေ ၉ နာရီအထိ သင်တန်းဆရာတွေနဲ့ လေ့ကျင့်ရတယ်။ တကယ်လို့ သူတို့အမိန့်ကို မနာခံရင်၊ အရိုက်ခံရတယ်။ ကျမ စရောက်ရောက်ချင်း အိမ်သာဆေးရတယ်။ ထောင်ထဲမှာ ကိုယ့်အိပ်ယာ ကိုယ်ဝယ်ရတယ်။ တံမြက် စည်းဝယ်ဖို့လည်း ပြောတယ်၊ ကျမကလေးသိပ်ဖို့ ၅ ထပ်သားလည်း ပေးတယ်။ တချို့ တတ်နိုင်တဲ့သူ တွေက ထောင်ဝန်ထမ်းတွေကို ကျပ် တသိန်းပေးပြီး လွတ်လွတ်လပ်လပ် နေနိုင်ကြတယ်။ တကယ်လို့ ကျမအနနဲ့ တံမြက်စည်း မဝယ်ဘူးလို့ ပြောရင်အိမ်သာနားမှာ အတင်းအိပ်ခိုင်းလိမ့်မယ်။ ကျမကိုမိန်းမဝတ် အင်္ကျီချုပ်ဖို့နဲ့ စီးကရက်လုပ်ဖို့ အမိန့်ပေးကြတယ်။ ထောင်ထဲမှာကျင့်သုံးတဲ့ လုပ်နည်း၊ လုပ်ဟန်တွေရှိတယ်။ ကျမအနေနဲ့ ကော်ဖီမစ် ၃ ထုတ်လောက်ပေးရင်၊ အိမ်သာသုံးဖို့ ရရတယ်။ တနင်္လာနေ့တိုင်း ထောင်စည်းကမ်းတွေကို မနက် ၁၀ နာရီကနေ ၁၁ နာရီအထိ ဖတ်ပြကြတယ်။ ထောင်အမှုထမ်းတွေက ကျမတို့ကို အမြဲစောင့်ကြည့်နေတယ်။ ကျမတို့ မနက်ဆို ၄ နာရီ ၄၅ မိနစ် မှာ အိပ်ရာ ထရတယ်။ အိပ်ယာတွေသိမ်းပြီး ဗုဒ္ဓ ဆင်းတုရှေ့မှာ ဘုရားရှိခိုးရတယ်။  မနက် ၆ နာရီလောက် ထောင်အမှုထမ်းတွေ လူစစ်ပြီးရင် ကျမတို့ အပြင်ထွက်ခွင့်ရတယ်။ ကျမ မိသားစုက ကျမအတွက် ငွေကုန်ရတယ်။ ကလေးရှိတော့ ထောင်ထဲမှာ အခက်အခဲတွေ ကြုံရတယ်။ ကျမ မိသားစုက ကျမအတွက် ကျပ် တသန်း (အမေရိကန် ဒေါ်လာ တထောင်)လောက် ကုန်တယ်။ ၂၀၁၃ မှာတော့ ကျမ ပြန်လွတ်လာတယ်" ဟု ပြောသည်။

မူးယစ်ဆေးဝါးမှုဖြင့် ထောင်ဒဏ် ၁၈ နှစ် ချမှတ်ခံရပြီး ထောင်တွင်း ၉ နှစ်နေခဲ့ရသူ နောက်ထပ်

ကိုယ်ဝန်ဆောင် အမျိုးသမီးတဦးကလည်း "ဇူလိုင်လ ၂ ရက် ၂၀၁၄ ခုနှစ်မှာ ကျမနဲ့ ကျမယောကျ်ားဟာ ဘိန်းတွေကို လွိုင်ကန်-ကောင်ခါး ကနေ သယ်လာတုန်း၊ ကွတ်ခိုင်က မူးယစ်အထူးရဲရဲ့ ဖမ်းဆီးခြင်းခံရတယ်။ သူတို့က လမ်းတဖက်ခြမ်းကနေ စောင့်နေတာပေါ့။ ကျမကို ကွတ်ခိုင်ထောင်မှာ ၂၈ ရက်ထားတယ်။ နောက်တော့ မူဆယ်ထောင်ကို ပို့လိုက်ပြီး အဲဒီမှာ ၄လကျော် ထပ်နေရတယ်။ ကျမကို ထောင် ၁၈ နှစ် ချလိုက်တယ်။ ကျမ ယောကျ်ားကတော့ ဆီးစစ်တာ မူးယစ်ဆေးဝါးသုံးစွဲတာတွေ့ပြီး ထောင် ၂၂ နှစ် ကျသွားတယ်။ အဲဒီအချိန်က ကျမကိုယ်ဝန်ရှိနေပြီး၊ ကလေးကို ထောင်ထဲမှာဘဲ မွေးခဲ့ တယ်။ ကလေးနဲ့အတူ ကျမ ထောင်ထဲမှာ၂နှစ် နေရတယ်။ဆွယ်တာ အင်္ကျီတွေထိုးဖို့ ကျမကို အမိန့်ပေးတယ်၊ ကျမသားလေး ၂ နှစ်ပြည့်တော့ တခြားအလုပ်တွေ ပြောင်းလုပ်ရတယ်။ ထောင်က မလွတ်ခင် တလလောက်ဘဲ အဲဒီအလုပ်တွေကနေ ကျမ အနားရခဲ့တယ်။ ကျမ ၂၀၁၃ ခုနှစ်မှာ ပြန်လွတ်လာပါတယ်။ ၂၀၁၂ ခုနှစ်မှာ ထောင်ပိုင်မှူး အသစ်ပြောင်းလာတော့ ထောင်ကျတွေအပေါ် အနိုင်ကျင့်တာတွေကလွဲရင် ကျန်တဲ့ထောင်အမှုထမ်းတွေက ကျမကို ဒုက္ခမပေးခဲ့ပါဘူး။ အဲဒီ ထောင်ပိုင်မှူးကတော့ သူတယောက်ယောက်ကို မကြိုက်တော့ဘူးဆိုရင် သက်ကြီး၊ ရွယ်အိုဖြစ်နေပါစေ၊ ကန်တာ၊ ပါးရိုက်တာတွေ လုပ်လေ့ရှိတယ်"။





# ၃။ မူးယစ်ဆေးဝါးပြဿနာအားကိုင်တွယ်ဖြေရှင်းခြင်း

## မြန်မာအစိုးရ ဥပဒေအရ တားဆီးခြင်း

မြန်မာအစိုးရအနေဖြင့် တိုင်းရင်းသားဒေသများရှိ မူးယစ်ဆေးဝါးပြဿနာကို နိုင်ငံရေးဆန္ဒအရသာ ကိုင်တွယ်ဖြေရှင်းလိုသည်ကို သိသာစွာ မြင်တွေ့ရသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အစိုးရ၏ လက်တလော ဖြေရှင်းရန် ဦးစားပေးမှုမှာ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့များအား ချေမှုန်းပစ်ရေးပင် ဖြစ်သည်။ ထို့ကြောင့် အစိုးရမှ ဒေသခံ ပြည်သူ့စစ်များကို မူးယစ်ဆေးဝါးလုပ်ငန်းများ လုပ်ခွင့်ပြု၍ ဘဏ္ဍာရေးဆိုင်ရာ မက်လုံးပေးပြီး၊ တော်လှန်ရေးအင်အားစုများအား တိုက်ခိုက်နိုင်ရန်ဖြစ်သည်။ မူးယစ်ဆေးလုပ်ငန်းမှ အမြောက်အများရရှိသည့် အမြတ်အစွန်းများဖြင့် သက်ဆိုင်ရာ အာဏာပိုင် အသီးသီးအား လာဘ်ထိုးထားခြင်းသည်လည်း မူးယစ်ဆေးကုန်သွယ်မှုလုပ်ငန်းအား နှိမ်နင်းရန် အဟန့်အတား ဖြစ်စေသည်။

သို့သော်လည်း၊ ပြည်တွင်း၊ ပြည်ပ လူထုဆက်ဆံရေး ရည်ရွယ်ချက်ဖြင့် မြန်မာအစိုးရသည် မူးယစ် ဆေး ပြဿနာကို ကိုင်တွင်ဖြေရှင်းနေသည်ကို ပြသရန် လိုအပ်သည်။ ထို့ကြောင့် အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် "မူးယစ်ဆေးဝါး ပပျောက်ရေး" အတွက် လုပ်ဆောင်နေသည်ဟု ဆက်လက်ကြွေး ကြော်လျှက်ရှိပြီး (၂၀၁၄ ခုနှစ်မှ ၂၀၁၉ အထိ ရွှေ့ဆိုင်းပြီးဖြစ်သည်)၊ မူးယစ်ဆေးဝါး သိမ်းဆည်းမှုများ နှင့် မူးယစ်ဆေးဝါး ရောင်းဝယ်သူများအား ဖမ်းဆီးအရေးယူနေသည်ဟု အခါအားလျော်စွာ ထုတ်ပြန်၊ ကြေငြာလေ့ရှိသည်။

အမှန်တကယ်တွင်မူ၊ မူးယစ်ဆေးဝါးအနည်းငယ်ရောင်းဝယ် သူနှင့်အသုံးပြု သူများကိုသာ လာဘ်ပေး၊လာဘ်ယူရန် ရည်ရွယ်ချက်ဖြင့် ဖမ်းဆီးနေခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးလုပ်ငန်း အကြီးအကျယ် လုပ်ကိုင် နေသူများမှာ ဖမ်းဆီးအရေးယူခံရခြင်းမရှိဘဲ၊ စစ်ပွဲများ အသစ်တဖန် ပြန်လည်ဖြစ်ပေါ်ပြီး နောက် လုံခြုံရေးတင်းကြပ်ထားသည့် ကာလတွင်ပင် မူးယစ်ဆေးများကို ကချင်လူ့အသိုင်းအဝိုင်း အတွင်း အဆီးအတားမရှိ ဖြန့်ဖြူးနိုင်ကြသည်။

## မြန်မာ စစ်ထောက်လှမ်းရေးမှ ကချင်လူငယ်များအား မူးယစ်ဆေးဝါး ရောင်းချပေးရန် စီစဉ်ပုံ

မြန်မာအစိုးရအနေဖြင့် ကချင်လူငယ်ထုအတွင်း မူးယစ်ဆေးဝါးကို ဖြန့်ဖြူးပေးပြီး ဆေးစွဲသူဦးရေ မြင့်တက်လာခြင်းဖြင့် ၎င်းတို့အား နိုင်ငံရေးလှုပ်ရှားမှုများမှ အဆက်ဖြတ်ရန် လုပ်ဆောင်နေသည်ဟု ကချင်လူမျိုး အများအပြားက သံသယဖြစ်ကြသည်။ ထိုသို့ တရားဝင် မှုဝါဒချမှတ် လုပ်ဆောင်နေ ကြောင်းကို သက်သေအထောက်အထား ရှာဖွေ၊ တင်ပြရန်ခက်ခဲသော်လည်း၊ ကချင်ပြည်နယ်၊ မန်ဝင်း ကြီး၊ မန်စီ မြို့နယ်များရှိ မြန်မာ မူးယစ်ဆေးရောင်းဝယ်သူနှင့် တွေ့ဆုံမေးမြန်းမှုအရ ၎င်းအား မြန်မာ စစ်ထောက်လှမ်းရေး အရာရှိ (စရဖ) မှ မူးယစ်ဆေးဝါးလုပ်ငန်း လုပ်ဆောင်ရန် ငှားရမ်းခြင်း ခံရသည်ဟု ပြောသည်။

အသက် ၄၁ နှစ်အရွယ်ရှိ မြန်မာစစ်တပ်မှ စစ်သားဟောင်းဖြစ်သူ မူးယစ်ဆေးရောင်းဝယ်သူသည် ဗန်းမော်အကျဉ်းထောင်တွင် မူးယစ်ဆေးသုံးစွဲမှုဖြင့် ထောင် ၁၀ နှစ် ကျခဲ့သည်။ ၂၀၁၀ ခုနှစ် သူ ထောင်မှ လွတ်မြောက်လာပြီးနောက်၊ ၎င်းအား စစ်ထောက်လှမ်းရေးမှ ဘိန်းဖြူနှင့် စိတ်ကြွဆေးပြား၊ ရောင်းဝယ်ဖောက်ကားရန် ငှားရမ်းခဲ့သည်။ "စရဖ က ကိုလတ်ဆိုတဲ့သူက ကျနော့်ကို မူးယစ်ဆေးဝါး ဝယ်ဖို့နဲ့၊ ရောင်းချဖို့ ပိုက်ဆံထုတ်ပေးတယ်။ မူးယစ်ဆေးဝါးကို ကျနော့် လက်ဖက်ရည်ဆိုင်နဲ့ တခြား လူတွေဆီကနေ ဖြန့်တယ်။ ကျနော့်အနေနဲ့ အဲဒါတွေကို လွယ်လွယ်ဘဲ ဖြန့်နိုင်ပြီးတော့ သူ့အနေနဲ့ (ကိုလတ်) လည်း သူ့ပိုက်ဆံကို ပြန်မတောင်းပါဘူး။ မူးယစ်ဆေးဝါးတွေကို ကချင် လူငယ်တွေ၊ ကျောင်းသားတွေနဲ့ ကျနော့်ဖောက်သည်တွေကို (လက်ဖက်ရည်ဆိုင်ကနေ) ရောင်းပါတယ်"။

## မူးယစ်ဆေးဝါး အနည်းအကျဉ်းရောင်းဝယ်သူနှင့် သုံးစွဲသူများသာ ဖမ်းဆီးခံနေရခြင်း

ကချင်လူမျိုး မူးယစ်ဆေးဝါး အနည်းငယ်သုံးစွဲသူနှင့် ရောင်းဝယ်သူ အချို့က လမ်းပေါ်တွင် ရှောင်တခင် စစ်ဆေးခံရခြင်း (သို့) နေအိမ်တွင် ဝင်ရောက်ရှာဖွေရာမှ ဖမ်းဆီးခံရသည်ဟု ပြောကြသည်။ တချို့မှာ မူးယစ်ဆေးဝါးမှုနှင့် ထောင်ဒဏ် ၂၂ နှစ်ကျော် ချမှတ်ခံရသည်။ အကျဉ်းထောင်အတွင်း နှိပ်စက်ခံရမှုကြောင့် သေဆုံးသွားသည့် တရုတ် မူးယစ်ဆေးရောင်းဝယ်သူ တဦးအပါအဝင် တချို့ မူးယစ်ဆေးသုံးစွဲသူ အမျိုးသားများ ထောင်အတွင်းမှာပင် သေဆုံးသွားကြသည် (စာမျက်နှာ- ၄၀ ရှိ လေးထောင့်ကွက်အတွင်း ကြည့်)။

အမျိုးသမီးများလည်း ထိုသို့ ဖမ်းဆီး၊ အရေးယူခံရခြင်းများ ရှိသည်။ KWAT မှ မှတ်တမ်းတင်ထားမှု များအရ ကိုယ်ဝန်ဆောင် အမျိုးသမီး သုံးဦးသည် မူးယစ်ဆေးဝါး သုံးစွဲ (သို့) ရောင်းဝယ်မှုကြောင့် ထောင်ဒဏ် ၄နှစ်မှ ၁၈ နှစ်အထိ ချမှတ်ခံရပြီး၊ ကလေးများကို ထောင်အတွင်းတွင်ပင် မွေးဖွားခဲ့ကြ သည်။

၎င်းတို့ထဲမှာ တဦးမှာ မူးယစ်ဆေးဝါး ရောင်းဝယ်သူမဟုတ်ဘဲ၊ မှားယွင်း၊ ဖမ်းဆီး အပြစ်ပေးခံရခြင်း ဖြစ်သည်။ သို့သော်လည်း သူမအနေဖြင့် ရှေ့နေငှားရန် ငွေကြေးမတတ်နိုင်သဖြင့် ထောင်ဒဏ် ၁၄ နှစ်

ချမှတ်ခံလိုက်ရသည် (စာမျက်နှာ-၄၀ ရှိ လေးထောင့်ကွက်တွင်ကြည့်)။

လွန်ခဲ့သည့် နှစ်များကထက်စာလျှင် ကချင်လူမျိုးများ မူးယစ်ဆေးဝါးမှုနှင့် ဖမ်းဆီးအရေးယူခံရမှု ၃ဆခန့် မြင့်တက်လာသည်ဟု လားရှိုးမှ ကချင် ရှေ့နေတဦးက ပြောသည်။ "၂၀၁၁ မတိုင်မီက၊ တရားရုံးမှာ မူးယစ်ဆေးအမှု ၃၀ ဒါမှမဟုတ် ၄၀ လောက်ဘဲရှိတယ်။ တနှစ်လုံးမှ အမှု ၆၀ လောက်ဘဲ ရှိနိုင်တယ်။ အမှုပြီးဖို့၊ အမှုတခုချင်းစီအတွက် ၃ လနဲ့ ၅ လလောက်ဘဲ အချိန်ယူရတယ်။ ဒါပေမယ့် အဲဒီနောက်ပိုင်းတော့ အရေအတွက်က များလာတယ်။ အရင်က အမှုတွေဆို ရှမ်းပြည်မှာနေတဲ့ ဂျိန်းဖော (ကချင်) တွေဘဲများတယ်။ အခုတော့ ကချင်ပြည်နယ်က ဂျိန်းဖော အမှုတွေက များသထက်၊ များလာနေတယ်။ သူတို့တွေအနေနဲ့ မူးယစ်ဆေးဝါးဥပဒေကို နားလည်ကြတယ်။ ဒါပေမယ့် မိသားစုကို ကျွေးမွေးဖို့အတွက် ပိုက်ဆံလိုတယ်။ ဒါနဲ့ဘဲ ဒီအလုပ်ကို လုပ်ကြတော့တာပေါ့။ အခုဆိုရင် တရားရုံးမှာ မူးယစ်ဆေးဝါး အမှုပေါင်း ၁၀၀ ကျော်ရှိလာပြီ။ အစိုးရအနေနဲ့လည်း မူးယစ်ဆေးဝါး၊ တားဆီး၊ နှိမ်နင်းရေးအပေါ် အလေးအနက်မထားပါဘူး" ဟု သူက ပြောသည်။

လာဘ်ပေးခြင်းဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ ရှောင်ရှားနိုင်သည်။ ဗန်းမော်ရှိ မူးယစ်ဆေးသုံးစွဲသူတဦးက၎င်းအနေဖြင့်မူးယစ်ရဲများမှဖမ်းဆီးခြင်းခံရစဉ်ပြန်လည်လွတ်မြောက်ရန်အတွက် ၎င်းပိုင်မြေ၃ဧက ရောင်းချလိုက်ရသည်ဟုပြောသည်။



သားနှစ်ဦးအား မူးယစ်ဆေးဝါးရောင်းချရန် အိမ်နီးချင်းမှ သိမ်းသွင်းခံရပြီး၊ ၎င်းတို့မှာ ဖမ်းဆီးခံရကာ ထောင်ဒဏ် ၁၅ နှစ်နှင့် ၇ နှစ် အပြစ် ပေးခံလိုက်ရသည့်အတွက် မိခင်ဖြစ်သူက အိမ်နီးချင်းအား ရဲထံတိုင်ကြား သတင်းပို့ခဲ့သည်။ အဆိုပါ မူးယစ်ဆေးရောင်းချသူ အမျိုးသမီးအား မူးယစ်ဆေးများနှင့် အတူ လက်ပူးလက်ကြပ် ဖမ်းဆီးမိသော်လည်း၊ သူမအနေဖြင့် ရဲအရာရှိအား လာဘ်ထိုးပြီးနောက် ပြန်လွတ်လာသည်။ ထို့ကြောင့် သားနှစ်ဦး၏ မိခင်က ဒေါသဖြစ်ပြီး ရဲများအား "နင်တို့က မူးယစ်ဆေးဝါး နည်းနည်းဘဲ ရောင်းတဲ့သူတွေကိုဘဲ ဖမ်းနေတယ်။ အကြီးအကျယ်ရောင်းနေတဲ့ သူတွေတော့ မဖမ်းဘူး"ဟု ပြောဆိုသည်။

ဖားကန့်ရှိ မူးယစ်ဆေးသုံးစွဲသူတဦးက "မိုင်းတွင်းတွေမှာက မူးယစ်ဆေးဝါးကို လွယ်လွယ်ရတယ်လေ။ အစိုးရကိုယ်တိုင်က မူးယစ်ဆေးဝါး ရောင်း၊ ဝယ်တာတွေကို မတားဆီးဘူး။ တခါတလေဆိုရင် မူးယစ်ဆေးရောင်းသူတွေက အမြန်ဆုံးရောင်းလိုက်ကြလို့၊ သူတို့ဆီမှာ ရောင်းစရာတောင် မကျန်တော့ဘူး" ဟု ပြောသည်။

## နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ထိခိုက်မှုများ လျော့နည်းအောင် ဆောင်ရွက်ခြင်း

*"NGO တွေက ဆေးထိုးအပ်တွေကို မူးယစ်ဆေးသုံးစွဲသူတွေကို ဝေတာ၊ ကောင်းပါတယ်။ ဒါပေမယ့် မူးယစ်ဆေးသုံးသူတွေ ဆေးထိုးအပ်တွေ ရတဲ့အခါ၊ ပို၊ ပိုပြီး သုံးလာကြတယ်။ အဲဒါတော့ မကောင်း ဘူး။ NGO တွေအနေနဲ့ AIDS ရောဂါသည်တွေ နည်းသွားအောင် ရည်ရွယ်တာဘဲ၊ မူးယစ်ဆေးသုံးစွဲ သူတွေ လျော့နည်းသွားအောင်တော့ မဟုတ်ဘူးလို့ ကျနော်ထင်တယ်" (မြစ်ကြီးနားရှိ ဘိန်းဖြူသုံးစွဲ သူ)။*

နိုင်ငံတကာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ (INGO) များသည် ဆေးထိုးအပ်များ ဖြန့်ဝေခြင်းနှင့် အသုံးပြုပြီးသား ဆေးထိုးအပ်များအား ပြန်လည် သိမ်းဆည်းခြင်းဖြင့် HIV/AIDS ရောဂါ ကူးစက်ပျံ့နှံ့မှု အား အဓိက တားဆီးရန် ရည်ရွယ်လုပ်ဆောင်သည့် ထိခိုက်မှုလျော့နည်းစေရေး အစီအစဉ်ဖြင့် ကချင် ဒေသများအတွင်း မူးယစ်ဆေးဝါးပြဿနာကို တုန့်ပြန်ဆောင်ရွက်ကြသည်။

ဥပမာအနေဖြင့် ASIN သည် AZG (နယ်စည်းမခြား ဆရာဝန်များအဖွဲ့ MSF) နှင့်အတူ ဖားကန့်တွင် ထိခိုက်မှုလျော့နည်းရေး အစီအစဉ်ကို အကောင်အထည်ဖော်နေသည်။ ၎င်းအဖွဲ့များအနေဖြင့် မူးယစ် ဆေးသုံးစွဲသူများ ဆေးထိုးအပ်များ အပ်နှံ၊ အသစ်ထုတ်ပေးရာ နားခိုရာဌာနများ ထားရှိကြသည်။ HIV စွဲကပ်နေသူ ဝေဒနာရှင်များအား ကူညီထောက်ပံ့ခြင်းနှင့် တရားထိုင်၍ ကုသနိုင်ရန်အတွက် AZG သို့ လွှဲပြောင်းပေးသည်။

KWAT မှ တွေ့ဆုံမေးမြန်းခဲ့သူများမှာ ထိခိုက်မှုလျော့နည်းရေး အစီအစဉ်အပေါ် ဒွိဟဖြစ်နေသည့် အမြင်များရှိကြသည်။ ၎င်းတို့အနေဖြင့် NGO များ မှ HIV ရှိသူ မူးယစ်ဆေးဝါးသုံးစွဲသူများအပေါ် ကူညီမှုအပေါ် ကျေးဇူးတင်ကြသော်လည်း၊ ဆေးထိုးအပ်များ ဝေငှခြင်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲစေရန် အားပေးရာရောက်ပြီး HIV ကူးစက်ပျံ့နှံ့မှုအပေါ် ထိန်းချုပ်ရန် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိမည်မဟုတ်ဟု စိုးရိမ်ကြသည်။ ဖားကန့်ရှိ လူမှုဝန်ထမ်းတဦးက "အဲဒီ (ဆေးထိုးအပ် လဲလှယ်ရေး) အစီအစဉ်က ၂၀၁၀ မှာစပြီး ဒီနေ့အချိန်ထိ ဆက်လုပ်နေတုန်းဘဲ။ ဒါပေမယ့် HIV/AIDS ဝေဒနာရှင် တွေကတော့ တနေ့ပြီးတနေ့ တိုးတိုးလာနေတယ်။ (ဖားကန့်ရှိ) မူးယစ်ဆေးသုံးသူ ၈၀ ရာခိုင်နှုန်း လောက်က HIV ပိုးရှိသူတွေဘဲ" ဟု ပြောသည်။

လားရှိုးရှိ သင်းအုပ်ဆရာတဦးကလည်း "၂၀၁၁ ခုနှစ်ကတည်း လားရှိုးမြို့မှာ မူးယစ်ဆေး ရောင်း၊ ဝယ်မှုတွေ များပြားလာတယ်။ ဆေးထိုးသုံးစွဲတဲ့သူတွေ ပိုများလာတယ်။ NGO တွေကလည်း မူးယစ်ဆေးသုံးသူတွေကို ဆေးထိုးအပ်တွေ ဝေပေးနေတယ်။ ရွာထဲက ကလေးတွေတောင် ဆေးထိုးအပ်တွေနဲ့ ကစားနေတာ တွေ့နေရပြီ"

# ဒေသခံကချင်အသိုင်းအဝိုင်းမှ ကိုင်တွယ်ဖြေရှင်းချက်များ

မြန်မာအစိုးရအနေဖြင့် မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် နိုင်ငံရေးအရ စိတ်ဆန္ဒမရှိမှုအ ပြင်၊ NGO များမှ ထိခိုက်မှုလျော့နည်းရေးကိုသာ အဓိက အာရုံစိုက်လုပ်ကိုင်နေသဖြင့်၊ ကချင်ပြည်သူ များအနေဖြင့် မူးယစ်ဆေးကိစ္စကို ၄င်းတို့ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိဘဲ ဖြစ်နေရသည်။

## KIO မှ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါး ဆန့်ကျင့်ရေးလုပ်ငန်း

ကချင်လူ့အဖွဲ့အစည်းတွင်း ကျန်းမာရေးနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာအရ ထိခိုက်၊ ပျက်စီးမှုများအရ၊ KIO သည် နိုင်ငံရေးလှုံ့ဆော်မှု အရှိန်အဟုန်ဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ထုတ်လုပ်မှု တားဆီး၊ ဆန့်ကျင် ရေးများ ပြုလုပ်နေသည်။ KIA တပ်မဟာ ၃ မှ၊ တပ်မှူးတဦး၏ အဆိုအရ "ကချင် လူငယ် အများအ ပြားဟာ စစ်တိုက်လို့ထက်၊ မူးယစ်ဆေးဝါးသုံးစွဲလို့ သေဆုံးရတာ ပိုများတယ်" ဟု ပြောသည်။

၁၉၉၄-၂၀၁၁ အပစ်အခတ်ရပ်စဲရေးကာလအတွင်း KIO အနေဖြင့် မူးယစ်ဆေးဝါး တားဆီး၊ နှိမ်နင်း ရေးအား မြန်မာအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း၊ မြန်မာအာဏာပိုင်များအနေဖြင့် မူးယစ်ဆေးဝါး တားဆီး၊ နှိမ်နင်းရေးအပေါ် ရိုးသားမှုမရှိသည်ကို မြင်တွေ့ခဲ့ရသည်။ ထို့ကြောင့် အောက်တိုဘာ ၂၀၁၀ ခုနှစ်တွင်၊ KIO အနေဖြင့် မူးယစ်ဆေးဝါးကိစ္စကို မိမိတို့ဘာသာ ကိုင်တွယ် ဆောင်ရွက်ရန် ဆုံးဖြတ်ပြီး၊ မူးယစ်ဆေးဝါး နှိမ်နင်းရေး ကော်မတီ အသစ်ကို ဖွဲ့စည်းခဲ့သည်။ အဆိုပါ အဖွဲ့အနေဖြင့် ဘိန်းနှိမ်နင်းခြင်း၊ ရောင်းဝယ်သူများအား အရေးယူခြင်းနှင့် ၄င်းတို့ ထိန်းချုပ်ထားရာ ဒေသအတွင်းရှိ မူးယစ်ဆေးသုံးစွဲသူများအတွက် ပြန်လည်ပြုစုပျိုးထောင်ရေး အစီအစဉ်များ လုပ်ဆောင်ခဲ့သည်။

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ပျိုးရာသီအတွင်း KIO သည် ကချင်ပြည်နယ်အရှေ့ပိုင်းရှိ ၄င်းတို့ ထိန်းချုပ်ရာဒေသအတွင်း ဘိန်းခင်း ဧက ၆,၀၀၀ ကို ဖျက်ဆီးခဲ့သည်။ တရုတ်အစိုးရ၏ အကူအညီဖြင့် ဘိန်းတောင်သူများအားလည်း ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရန် ထောက်ပံ့ခဲ့ပြီး၊ ဘိန်းခင်းများ ဖျက်ဆီးခံရသည့် ဘိန်းတောင်သူများအားလည်း ဆန်များ ကူညီထောက်ပံ့ခဲ့သည်။

နောက်နှစ်တွင် အဆိုပါဒေသတွင် ဘိန်းခင်း ၁,၄၄၀ ဧက ထပ်မံစိုက်ပျိုးသည်ကို တွေ့ရှိသည့် အတွက် ဖျက်ဆီးပစ်ခဲ့သည်။ ၂၀၁၂-၂၀၁၃ ခုနှစ် ဘိန်းစိုက်ရာသီတွင် တိုက်ပွဲများ အသစ်တဖန် ဖြစ်ပေါ်ခြင်းကြောင့် လူဦးရေ အများအပြားလျော့နည်းသွားသည့် အဆိုပါဒေသတွင် ဘိန်းစိုက်ပျိုးသည့် မှတ်တမ်းများ မတွေ့ရတော့ပေ။

အောက်တိုဘာ ၂၀၁၀ မှစပြီး KIO သည် ဒေသခံ လူငယ်များ၊ လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မူးယစ်ဆေးဝါး ရောင်းဝယ်၊ သုံးစွဲသူများအား ဖမ်းဆီး အရေးယူခြင်းများ ပြုလုပ်ခဲ့သည်။ မူးယစ်ဆေး ရောင်းဝယ်သူများအား ထောင်ဒဏ်ကျခံနေရစဉ်၊ သုံးစွဲသူများအား ၆လကြာ၊ ပြန်လည်ပြုစုပျိုးထောင် ရေး အစီအစဉ်တွင် ပါဝင်စေသည်။ KIO အနေဖြင့် လိုင်ဇာတွင် ပြန်လည်ပြုစုပျိုးထောင်ရေးစခန်း ၂ ခု ရှိသည်။ တခုမှာ သူနာပြုများ ဝန်ထမ်းအဖြစ်ဆောင်ရွက်သည့် ထိန်းသိမ်းရေး စခန်းဖြစ်ပြီး၊ နောက်တ ခုမှာ ဆေးစွဲသူများအား စိုက်ပျိုးရေးနှင့် တိရိ စ္ဆာန်မွေးမြူရေး နည်းလမ်းများအား သင်ကြားပေးရာ၊ စိုက်ပျိုးရေး သင်တန်းကျောင်းဖြစ်သည်။ KWAT မှ မူးယစ်ဆေးစွဲနေရာမှ KIO ၏ ပြန်လည်ပြုစုပျိုး ထောင်ရေး အစီအစဉ်များကြောင့် ဆေးဖြတ်နိုင်ခဲ့သူ အချို့နှင့်၊ အလားတူ KIO စခန်းများသို့ သွားရောက်ခဲ့သော်လည်း မူးယစ်ဆေး ပြန်လည်သုံးစွဲသူအချို့အား တွေ့ဆုံမေးမြန်းခဲ့သည်။

KIO အနေဖြင့် လူများ စိတ်ဝင်စားစေမည့် လှုပ်ရှားမှုများ လုပ်ဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဧပြီလ ၂၅ ရက်နေ့အား ကချင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးနေ့အဖြစ် သတ်မှတ်ကာ၊ မြစ်ကြီးနားမြို့တွင် အခမ်းအနား အကြီးအကျယ်ပြုလုပ်ခဲ့ပြီး လူထု ရာနှင့်ချီ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ဘာသာရေးခေါင်းဆောင်များမှ မိန့်ခွန်းပြောခြင်း၊ ကချင်နာမည်ကြီး အဆိုတော်များမှ သီချင်းများဖြင့် ဖျော်ဖြေခြင်း၊ မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း ဓာတ်ပုံပြပွဲနှင့် လက်ကမ်းစာစောင်များ၊ တီရှပ် များ ဝေငှသည်။

## ဘုရားကျောင်းများမှ မြို့ပေါ်တွင် ဆောင်ရွက်နေသည့် ပြန်လည်ပြုစုပျိုး ထောင်ရေး လုပ်ငန်းများ

ဒေသခံ ကချင် ဘုရားကျောင်းများမှလည်း ၎င်းတို့၏ ကိုယ်ပိုင် ပြန်လည်ပြုစုပျိုးထောင်ရေး အစီအစဉ်များကို ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ မြို့များတွင် အထူးသဖြင့် တိုက်ပွဲများ ပြန်လည် ဖြစ်ပွားပြီးသည့်နောက် စတင်တည်ထောင်ကြသည်။ ၎င်းတို့အား ဒေသခံ လူမှုအသိုင်းအဝိုင်းများမှ ငွေကြေးလှူဒါန်းကြပြီး၊ ဆေးစွဲမှုကို သခင်ယေရှု၏ ဒေသနာတော်များ ဝေငှပေးခြင်းဖြင့် ကုသကြ သည်။ ဘိန်းဖြူစွဲသူ အမျိုးသားများကို အဓိကထား ကုသကြသည်။ ၎င်းတို့ဆောင်ရွက်နေသည့် အစီအစဉ် အချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

### ပိုင်းမော်နှင့် မြစ်ကြီးနားရှိ “ဓာတုဆေးဝါးများအပေါ် အမှီပြုနေရသူများအဖွဲ့ အစည်း”

၎င်းအစီအစဉ်ကို ၂၀၀၈ ခုနှစ်တွင် ပထမဆုံး စတင်ခဲ့ပြီး နိုင်ငံရေး အကြောင်းအရာများကြောင့် ရပ်နားခဲ့ရပြီး၊ မေလ ၂၀၁၃ ခုနှစ်တွင် ပြန်လည်စတင်ခဲ့သည်။ မြို့မိမြို့ဖများနှင့် ဘုရားကျောင်း ခေါင်းဆောင်များက ဦးစီး၊ ဦးဆောင်ပြုကြသည်။ ၎င်းတို့အနေဖြင့် ဘိန်းဖြူသုံးစွဲသူများ၏ စာရင်း ကောက်ယူခြင်း၊ ဆေးစွဲသူများအား ပြန်လည်ပြုစုပျိုးထောင်ရေးစခန်းများသို့ လွှဲပြောင်းပေးခြင်းနှင့် ဆေးစွဲသူများအား ထောက်ပံ့ခြင်း၊ အဟာရကျွေးမွေးခြင်းတို့ ဆောင်ရွက်သည်။ အနာဂတ်တွင် ၎င်းတို့ ၏ ကိုယ်ပိုင် ပြန်လည်ပြုစုပျိုးထောင်ရေးစခန်းများ ဖွင့်လှစ်၍ ကျမ်းစာသင်ကြားပေးပြီး ပြန်လည် ကောင်းမွန်လာစေရန် စီစဉ်ထားသည်။

**ရှမ်းပြည်မြောက်ပိုင်းရှိ နမ့်ဖတ်ကာ ဘုရားကျောင်း၏ "မူးယစ်ဆေးဝါး နှိမ်နင်းရေး အစီအစဉ်"**

၂၀၁၂ ဒီဇင်ဘာမှစပြီး ရှမ်းပြည်မြောက်ပိုင်းရှိ နမ့်ဖတ်ကာ ဘုရားကျောင်းမှ "ကမ္ဘာ့ရည်ရွယ်ချက် အလင်းရောင်" အစီအစဉ်ဖြင့် "မူးယစ်ဆေးဝါး နှိမ်နင်းရေး အစီအစဉ်" ကို စတင် ဆောင်ရွက်သည်။ ဒေသတွင်းရှိ မူးယစ်ဆေးဝါးသုံးစွဲသူများအား ဖိတ်ခေါ်ကာ သခင်ယေရှု၏ ဒေသနာတော်များ ၃ လတာ သင်ကြားပေးပြီး မူးယစ်ဆေးဝါးပြတ်သွားစေရန် တိုက်တွန်း၊ အားပေး ဆောင်ရွက်ကြသည်။ လူ ၃၀ အား လက်ခံပြီး ဒေသခံ ဘုရားကျောင်းများမှတဆင့် လွှဲပြောင်းပေးခဲ့သည်။ စားသောက်စားရိတ် ပေးရန်အ တွက် ဆေးစွဲသူ တဦးလျှင် ၂ သောင်းကျပ် (အမေရိကန်ဒေါ်လာ ၂၀) ရရှိသည်။ သို့သော်လည်း ကုန်ကျစားရိတ် အများစုကို နမ့်ဖတ်ကာ ဘုရားကျောင်း အဖွဲ့ဝင်များက ကျခံသည်။

**မြစ်ကြီးနားရှိ ကချင် နှစ်ချင်းကွန်ဗင့်ရှင်း ပြန်လည်ပြုစုပျိုးထောင်ရေးဌာန**

၂၀၁၂ ခုနှစ်တွင် ကချင်နှစ်ချင်းကွန်ဗင့်ရှင်း က မြစ်ကြီးနားတွင် ပြန်လည်ပြုစုပျိုးထောင်ရေးဌာနကို ဖွင့်လှစ်သည်။ တကြိမ်လျှင် လူ ၅၅ ဦးအား လက်ခံပြီး ပြန်လည်ပြုစုပျိုးထောင်ရေး သင်ခန်းစာကို ၃ လကြာ ဆောင်ရွက်ပေးသည်။ ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွဆေး၊ "ဖော်မြူလာ" (ချောင်းဆိုးပျောက်ဆေး နှင့် ဘိန်းရောစပ်ထား) စွဲသူများအား ပုံမှန်အားဖြင့် မိသားစုဝင်များက အဆိုပါဌာနသို့ ပို့ဆောင်ပေး သည်။ ပထမ ၂ကြိမ်တွင်၊ သင်ခန်းစာများ မပြီးဆုံးခင် ဆေးစွဲသူ ၂၀ မှာ အဆိုပါ ဌာနမှ ထွက်ပြေးသွား သည်။

**မြစ်ကြီးနားရှိ "ရမ်ခေး" ပြန်လည်ပြုစုပျိုးထောင်ရေးစခန်း**

ယခုစခန်းအား အသက် ၁၅ နှစ်ခန့်ကစပြီး မူးယစ်ဆေးဝါးသုံးစွဲခဲ့သူနှင့် သူ၏ အကို ၄ ယောက်လုံး မူးယစ်ဆေးကြောင့် သေဆုံးသွားသူမှ တည်ထောင်ထားသည်။ ၄င်းအနေဖြင့် ရန်ကုန်ရှိ ကျမ်းစာသင် ကျောင်းတွင် လေ့လာသင်ယူပြီး မူးယစ်ဆေးဝါးပြတ်သွားသူဖြစ်ပြီး၊ ၂၀၁၁ ခုနှစ်တွင် မူးယစ်ဆေးစွဲသူ အမျိုးသားများအတွက် ရမ်ခေး ဘိန်းနှိမ်နင်းရေးစခန်းကိုဖွင့်လှစ်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ဆေးစွဲသူ ၃၇ ဦး ဆေးပြတ်သွားခဲ့သည်။ တချို့မှာ ကျမ်းစာသင်ကြားကြသည်။

ဆေးစွဲသူတဦးက မူးယစ်ဆေးနှိမ်နင်းရေးစခန်းတွင် တက်ရောက်ပြီးနောက်၊ ဆေးပြတ်သွားပုံကို ယခုလိုပြောသည်။ *"အဲဒီစခန်းကို မဝင်ခင်၊ နံပတ် (၄) စွဲနေတာကို ကျနော် ကြိုးစားဖြတ်ခဲ့ပါတယ်။ အင်္ဂလိပ်ဆေးတွေ သုံးကြည့်တယ်၊ အသုံးမဝင်ဘူး။ ဒါနဲ့ဘဲ ဆေးပြန်စွဲပြန်တယ်။ ရမ်ခေး စခန်းကို ရောက်တော့၊ ကျမ်းစာ ဖတ်ပြီး ကျနော့်ရဲ့ စိတ်ဓာတ်ကို ပြုပြင်တယ်။ သူတို့က ဘယ်ဆေးဝါးမှ အသုံးမပြုဘူး။ ကျနော် မူးယစ်ဆေး သုံးချင်တဲ့အခါ သူတို့က ကျနော့်ကို ရေထဲ နှစ်လိုက်တယ်။ အဲဒီနောက် ကျနော့်တကိုယ်လုံး ကိုက်ခဲလာတဲ့အခါ၊ သူငယ်ချင်းတွေက နှိပ်နယ်ပေးကြတယ်"။*

## ကျေးလက်တောရွာများရှိ လူထုမှ မူးယစ်ဆေးဝါးဆန့်ကျင်ရေး လှုပ်ရှားမှု

ကျေးလက်တောရွာရှိ လူထုက မူးယစ်ဆေးပြဿနာကို ဆန့်ကျင်ရန် ၎င်းတို့ကိုယ်တိုင် ဆောင်ရွက်မှုများ တိုးပွားလျက်ရှိသည်။ ဥပမာအားဖြင့် ဘိန်းဖြူထိုးသွင်း သုံးစွဲသူဦးရေ များပြားသည့် လားရှိုးရှိ လွိုင်ဝေါ ဖွမ်ရာရွာတွင်၊ ဒေသခံ သင်းအုပ်ဆရာနှင့် တခြားရွာသားများ စုပေါင်းပြီး၊ လူ ၂၆ ဦး လက်မှတ်ရေးထိုး ထားသည့် မူးယစ်ဆေးပြဿနာ ဖြေရှင်းပေးရန် အသနားခံစာကို တောင်ကြီးရှိ ရှမ်းပြည်နယ်အစိုးရ အား ပေးပို့သည်။ ရလဒ်အနေဖြင့် ရဲများက မူးယစ်ဆေးရောင်းသူများအား နှိမ်နင်းသော်လည်း ယာယီအားဖြင့်သာ ထိရောက်မှုရှိသည်။

## မုန်းပေါ်ရှိ အမျိုးသမီးများဦးဆောင်ပြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေး လှုပ်ရှားမှု

*"ကျမတို့အဖွဲ့ကို ဖွဲ့စည်းလိုက်တယ်၊ ဘာလို့လဲဆိုတော့ ဒေသခံ လူအတော်များများက မူးယစ်ဆေးဝါးသုံး ကြတယ်။ အထူးသဖြင့် မိခင်တွေနဲ့ ဇနီးသည်တွေဘဲ အကျိုးဆက်တွေ ခံစားရတယ်။ သူတို့အနေနဲ့ ပိုက်ဆံနဲ့ ပစ္စည်းအသစ်တွေကို သူတို့ လင်ယောကျ်ားတွေ၊ သားတွေ ရောင်းချပြီး မူးယစ်ဆေးသုံးစွဲမှာ စိုးတာကြောင့် အိမ်နဲ့ အနီးတဝိုက်မှာ မထားရဲကြဘူး။ အမေတွေက ရေချိုးခန်းဝင်ရင်တောင်မှ သူတို့ ပိုက်ဆံတွေကို တချိန်လုံး ကိုယ်နဲ့မကွာ ထားရတယ်။ တချို့ ဆေးစွဲသူတွေဆိုရင် အိမ်ခေါင်မိုးသွပ် တွေပါ ခွာရောင်းတယ်။ မိသားစုတွေ ကွဲကွာနေကြတယ်။ ကလေးတွေ ကျောင်းထွက်လိုက်ရတယ်။ ဘာလို့လဲဆိုတော့ ကျောင်းစားရိတ် မပေးနိုင်ကြလို့" ဟု မုန်းပေါ်ရှိ လူထုစည်းရုံးရေးမှူး အက်စသာ က ပြောသည်။*

အသက် ၅၀ ရှိ ကချင် သူနာပြုတဦးဖြစ်သူ အက်စသာ သည် မူဆယ်ခရိုင်၊ မုန်းပေါ် ရှိ "လူထုအဖွဲ့ ဝင်များ မူးယစ်ဆေးဝါးဆန့်ကျင်ရေး လှုပ်ရှားမှုအဖွဲ့" ကို ဦးဆောင်နေပြီး၊ အဖွဲ့ကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းခဲ့သည်။ အဆိုပါ အဖွဲ့အား မဖွဲ့မီက အက်စသာနှင့် တခြားဒေသခံ အမျိုးသမီးများ စုပေါင်းပြီး "ဒုက္ခခံစားရသည့် အမျိုးသမီးများအသံ" ဆိုသည့် အဖွဲ့ကို ဖွဲ့စည်းပြီး တိုးပွားလာသည့် မူးယစ်ဆေးစွဲ ပြဿနာအား ဆန့်ကျင်သည့် လှုပ်ရှားမှုများ ဆောင်ရွက်သည်။ သို့သော်လည်း ၎င်းတို့အဖွဲ့တွင် အမျိုး သားများပါ ပါဝင်လာစေရန် သဘောပေါက်လာသည်။ ထို့ကြောင့် လက်ရှိဆောင်ရွက်နေသည့် အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ မုန်းပေါ် ဒေသရှိ ရှမ်းနှင့် ကချင် ကျေးရွာ ၂၀ မှ အမျိုးသား၊ အမျိုးသမီး ၂၀၀ ခန့် ပါဝင်သည်။

၎င်းအဖွဲ့သည် ၂၀၁၂ မှ ၂၀၁၅ အထိ ၃ နှစ်တာ ကာလအတွင်း ၎င်းတို့၏ ကျေးရွာများတွင် မူးယစ် ဆေးဝါး ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်း ပပျောက်စေရန် ဦးတည်ထားသည်။ ဒေသခံ ဘာသာရေး၊ ယဉ်ကျေးမှုအဖွဲ့များနှင့် ပူးပေါင်းပြီး ဝတ်ပြု၊ ဆုတောင်းပွဲများ၊ ဂီတဖျော်ဖြေပွဲနှင့် တခြား လူထုအခမ်းအနားများမှတဆင့် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်များအကြောင်း ပညာပေးကြသည်။ မူးယစ်ဆေးသုံးစွဲသူများကို တွေ့ပါက ဆွေးနွေးပညာပေးခြင်းနှင့် ဒေသခံ ပြန်လည်ပြုစုပျိုးထောင်ရေး အစီအစဉ်များသို့ လွှဲပြောင်းပေးသည်။ HIV ရှိသူ ဆေးသုံးသူများအား ကျန်းမာရေး စောင့်ရှောက်ခံရ ရန် အတွက် အကူအညီပေးသည်။




**မုန်းပေါ်ပြည်သူလူထုမူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး အသင်းမှ မူးယစ်ဆေးဝါး ပပြောက်ရေးဟောပြောပွဲ ပြုလုပ်စဉ်**

သူတို့အနေဖြင့် မူးယစ်ဆေးရောင်းဝယ်သူများကိုလည်း ဦးတည်လုပ်ဆောင်သည်။ မူးယစ်ဆေးရောင်း သူတဦးဦးကို တွေ့ရှိပါက ကျပ် တသန်း (အမေရိကန်ဒေါ်လာ ၁၀၀၀) ဒဏ်တပ်သည်။ မူးယစ်ဆေး ရောင်းချခြင်းကို ၃ ကြိမ်ဖမ်းဆီးမိပါက၊ ရဲလက်သို့ အပ်မည်ဟုလည်း သတိပေးထားသည်။ တစုံတယောက်ကို ဖမ်းဆီးရန်လိုအပ်ပါက သူတို့အဖွဲ့အနေဖြင့် တူညီဝတ်စုံ (ရရှိထားသည့် ဒဏ်ကြေးဖြင့်ဝယ်)၊ လက်ထိပ်အပါအဝင် လိုအပ်သည့် ကရိယာများ ပြင်ဆင်သည် (လက်နက် မပါ)။ အကယ်၍ သံသယရှိသူများ တောထဲတွင် မူးယစ်ဆေးရောင်းဝယ်ပါက တခါတရံတွင် ဆန်၊ ပလပ်စတစ်စ၊ ဓာတ်မီးနှင့် ရေဗူးများ ပြင်ဆင်ယူဆောင်ကြသည်။

၂၀၁၃ နှစ်လည်တွင် အဆိုပါအဖွဲ့အနေဖြင့် မူးယစ်ဆေးရောင်းဝယ်သူ ၆၉ ဦးမှ ၅၇ ဦးအထိ လျော့ နည်းသွားစေသည့် အောင်မြင်မှုများ ရရှိခဲ့သည်။ မူးယစ်ဆေးသုံးစွဲသူ အရေအတွက်လည်း ထက်ဝက်ခန့်လျော့ နည်းသွားသည်။

အက်စသာ အနေဖြင့် သူမအဖွဲ့၏ လှုပ်ရှားမှုများနှင့် ပတ်သက်ပြီး ဒေသခံ မြန်မာရဲနှင့် အစိုးရအရာရှိ များထံ အမြဲခွင့်ပြုချက်တောင်းခြင်း၊ မြို့နယ်ရုံးသို့ အစီရင်ခံစာများ ပေးပို့သော်လည်း၊ အာဏာပိုင်များ ဘက်မှ အမြဲတစေ ပူးပေါင်းဆောင်ရွက်မှု မရှိပေ။ အက်စသာနှင့် အဖွဲ့က မူးယစ်ဆေးရောင်းသူများ အား ဖမ်းဆီးမှုများ မလုပ်ခင်၊ အစိုးရ အာဏာပိုင်များအား လာဘ်ပေးထားသည့် မူးယစ်ဆေး ရောင်း ဝယ်သူများ ရှိခဲ့ပြီး၊ ၎င်းတို့အား တံစိုးလက်ဆောင်ယူ၍ ပြန်လွှတ်ပေးလေ့ရှိသည်။

အဆိုပါအလုပ်မှာ အလွန်အန္တရာယ်များပြားသည်။ အက်စသာအနေဖြင့် အသတ်ခံရမည်ဟု

ခြိမ်းခြောက်ခံရခြင်းနှင့် ၂၀၁၂ ခုနှစ်တွင် သူမခြံဝင်းအရှေ့တံခါးတွင် ဗုံးထောင်ခံရပြီး အဆိုပါ ဗုံးကို သူမ၏မြေးငယ်က ဆော့ကစားနေသော်လည်း ကံကောင်းထောက်မစွာ ပေါက်ကွဲခြင်း မရှိခဲ့ပေ။ အက်စသာအနေဖြင့် ခြိမ်းခြောက်မှုများကို အလေးမထားဘဲ "လူ့အဖွဲ့အစည်းက ကျမဘာဝထက် ပိုတန်ဖိုးရှိပါတယ်" ဟု ပြောသည်။




ကျွနုပ်တို့၏ တွေ့ရှိချက်အရ မြန်မာပြည်မြောက်ပိုင်းတွင် တိုက်ပွဲများ ပြန်လည် ဖြစ်ပေါ်နေခြင်းက မူးယစ်ဆေးဝါး ထုတ်လုပ်မှုကို ပိုမိုအားဖြည့်ရာရောက်ပြီး၊ ကချင်လူ့အဖွဲ့အစည်းအတွက်လက်ရှိ ဖြစ်ပေါ်နေသည့် မူးယစ်ဆေး အလွဲသုံးမှုကို ပိုမို ဆိုးရွားစေသည်။ အထူးသဖြင့် အစိုးရ၏ သောင်းကျန်းသူဆန့်ကျင်ရေး မူဝါဒက ယခုပြဿနာကို ပိုမိုကြီးထွားစေသည်။ သို့သော်လည်း ထိုသို့ ဖြစ်ပျက်နေမှုကို နိုင်ငံတကာ အလှူရှင်အဖွဲ့အစည်းများမှ လျစ်လျူရှုနေပြီး အစိုးရအား "မူးယစ်ဆေးဝါး တန်ပြန်ဆန့်ကျင် လှုပ်ရှားမှုများ" အပါအဝင် အကူအညီများ ထောက်ပံ့ခြင်းနှင့် ထိတွေ့ဆက်ဆံမှုများ ပိုမို လုပ်ဆောင်နေသည်။ အမှန်တကယ်တွင် အစိုးရအား အကူအညီအထောက်အပံ့များ ပိုမိုပေးအပ်ချင်းပါက ကချင်လူမျိုးများအပါအဝင် တိုင်းရင်းသားပြည်သူများအား ဆက်လက်စစ်ဆင်နိုင်စေရန်နှင့် စစ်ပွဲဆိုင်ရာနှင့် မူးယစ်ဆေးဝါး ပြဿနာများ ဖောက်ဖျက်၊ ကျူးလွန်သူများဖြစ်လာစေရန် အားပေးအားမြှောက် ပြုရာရောက်စေသည်။

ထို့ကြောင့် KWAT အနေဖြင့် နိုင်ငံတကာ အလှူရှင်များအပါအဝင် ရင်းနှီးမြှုပ်နှံသူများအား ပဋိပက္ခများ ပြေလည်စေရန် နိုင်ငံရေးအရ တွေ့ဆုံအဖြေရှာသကဲ့သို့ မြန်မာနိုင်ငံရှိ မူးယစ် ဆေးဝါးပြဿနာကို အထူးဦးစားပေး အလေးထားဖြေရှင်းပေးရန် တိုက်တွန်းပါသည်။ မိမိတို့အနေဖြင့် အောက်ပါ အကြံပြုချက်များ တိုက်တွန်းတောင်းဆိုပါသည်။

မိမိတို့အနေဖြင့် အောက်ပါအတိုင်း အကြံပြုတိုက်တွန်းပါသည်။

**မြန်မာအစိုးရသို့**

- စစ်ရေးအရ ကျူးကျော်နေမှုများ အဆုံးသတ်ရန်၊ မြန်မာပြည်ရှိ တိုင်းရင်းသားဒေသ အသီးသီးမှ စစ်တပ်များရုပ်သိမ်းရန်နှင့် ဖက်ဒရယ် ဒီမိုကရေစနစ် တည်ဆောက်ရေး အပေါ် အခြေခံသည့် စစ်မှန်သော နိုင်ငံရေးတွေ့ဆုံမှုများကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် စတင်ရန်။ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်အတွက် အာမခံချက်ပေးရန်။
- တိုင်းရင်းသား ပဋိပက္ခအား နိုင်ငံရေးအရ ပြေလည်စေရန် ညှိနှိုင်းဆွေးနွေးရာတွင် မြန်မာပြည်ရှိ မူးယစ် ဆေးဝါး အမြစ်ပြတ်ချေမှုန်းရေးကိစ္စအားလည်း မဖြစ်မနေထည့်သွင်းဆွေးနွေးရေးအတွက် အသိအမှတ်ပြု လက်ခံရန်
- တော်လှန်ရေးအဖွဲ့အစည်းများအား တိုက်ခိုက်နိုင်ရန်အတွက် အစိုးရလိုလားသည့်၊ ဒေသခံ ပြည်သူ့စစ်များအား လွတ်လပ်စွာ မူးယစ်ဆေးဝါး ထုတ်လုပ်ခွင့်ပေးနေသည့် မူဝါဒအား ရပ်ဆိုင်းရန်။
- ဒေသခံ လူမှုအဖွဲ့အစည်းများမှ ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အစီအစဉ်များအား အစိုးရမှ နှောင့်ယှက်ခြင်း မပြုလုပ်ရန်။
- မူးယစ်ဆေးဝါး အလွဲသုံးမှုများ နောက်ထပ် ပျံ့နှံ့မှုမှ တားဆီးကာကွယ်ရန်အတွက် လူသားချင်း စာနာထောက်ထားသည့် အကူအညီများ ပေးနေသည့် အဖွဲ့အစည်းများ နေရာဒေသအသီး သီးရှိ စစ်ပြေးဒုက္ခသည်များအား ကူညီထောက်ပံ့ခွင့်ပြုရန်။

**နိုင်ငံတကာအစိုးရများအနေဖြင့်**

- မြန်မာအစိုးရမှ စစ်ရေးအရ ကျူးကျော်နေမှုများ အဆုံးသတ်ရန်၊ မြန်မာပြည်ရှိ တိုင်းရင်းသားဒေသ အသီးသီးမှ စစ်တပ်များရုပ်သိမ်းရန်နှင့် ဖက်ဒရယ် ဒီမိုကရေစနစ် တည်ဆောက်ရေး အပေါ် အခြေခံသည့် စစ်မှန်သော နိုင်ငံရေးတွေ့ဆုံမှုများကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် စတင်ရန်။ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်အတွက် အာမခံချက်ပေးရန်တို့အတွက် ဖိအားပေးရန်။
- တော်လှန်ရေးအဖွဲ့အစည်းများအား တိုက်ခိုက်နိုင်ရန်အတွက် ပြည်သူ့စစ် များအား လွတ်လပ်စွာ မူးယစ်ဆေးဝါး ထုတ်လုပ်ခွင့်ပေးနေသည့် မူဝါဒအား လူသိရှင်ကြား ပြစ်တင်ရှုံချရန်။
- အစိုးရနှင့် KIA တို့ နှစ်ဖက်လုံးမှ ထိန်းချုပ်ထားသည့် မြန်မာပြည် မြောက်ပိုင်းရှိ စစ်ပြေးဒုက္ခသည်များ အား လုံလောက်သည့် လူသားချင်းစာနာသည့် အကူအညီများ အလျင်အမြန် ထောက်ပံ့ရန်။ အဆိုပါ အကူအညီများအား အကုန်အကျသက်သာစေရန်နှင့် ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် ဒေသခံ လူမှုအဖွဲ့အစည်းများသို့ တိုက်ရိုက် ထောက်ပံ့ရန်။

**ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (UNODC) အနေဖြင့်**

- UNODC မှ နှစ်စဉ်ဘိန်းတိုင်းတာရေးလုပ်ငန်း နည်းနာကို ပြန်လည်ဆန်းစစ်ရန်၊ သို့မှသာ အောက်ခြေတွင် လက်တွေ့ ဘိန်းစိုက်ပျိုးမှု အခြေအနေမှန်ကို ထင်ဟပ်ဖော်ပြနိုင်မည်ဖြစ်ပြီး တိုင်းတာရေးလုပ်ငန်းတွင်

အစိုးရ၏ ပြည်သူ့စစ်များ ထိန်းချုပ်ထားသည့် ဒေသများပါ ပါဝင်စေရန်။

- UNODC ၏ ဘိန်းတိုင်းတာရေးနှင့် အခြားသော မူးယစ်ဆေးဝါး အစီရင်ခံစာများတွင် ဘိန်းစိုက်ပျိုးသည့် ဒေသများတွင် မည်သူက နိုင်ငံရေးအရ ထိန်းချုပ်ထားသည်ကို မြေပုံဖြင့် ဖော်ပြမှုမျိုးအပါအဝင် နိုင်ငံရေး အရင်းခံအကြောင်းများကြောင့် ဘိန်းထုတ်လုပ်မှုအပေါ် သြဇာသက်ရောက်မှုကို သုံးသပ် ထည့်သွင်းဖော်ပြရန်။
- UNODC အနေဖြင့် လုပ်ငန်းများ တိုးတက်လာစေသင့်ပြီး ၄င်း၏ လုပ်ငန်းစဉ်များအား ဒေသခံ လူထုအခြေပြုအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားရန်။


# နောက်ဆက်တွဲ

ယခုအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် လူစာရင်း

| စဉ် | ကျား/မ | အသက် | တွေ့ဆုံမေးမြန်းခဲ့သူ | နေရာ |
|---|---|---|---|---|
| ၁ | ကျား | ၂၃ | အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး နှိမ်နင်းရေးကော်မတီ | လိုင်ဇာ၊ ဒေါဖုန်းယာန် မြို့နယ်ခွဲ၊ ဗန်းမော် ခရိုင် |
| ၂ | မ | ၂၇ | ဗန်းမော်မှ လူငယ်တဦး | ဗန်းမော် မြို့နယ် |
| ၃ | ကျား | ၅၁ | မူးယစ်ဆေးဝါး နှိမ်နင်းရေးကော်မတီဝင် | ကွန်လောပါ၊ ဗန်းမော်မြို့နယ် |
| ၄ | မ | မသိ | ဖိုင်အောင်၊ ဒုက္ခစခန်း ခေါင်းဆောင် | ဖိုင်အောင်ဒုက္ခသည်စခန်း၊ လိုင်ဇာ၊ ဒေါဖုန်းယာန်မြို့နယ်ခွဲ၊ ဗန်းမော် ခရိုင် |
| ၅ | ကျား | မသိ | ကချင်ရေးရာ သုတေသန နီးနှောဖလှယ်အဖွဲ့ ခေါင်းဆောင် | ဝိုင်းမော်၊ မြစ်ကြီးနား မြို့နယ် |
| ၆ | မ | ၄၂ | မူးယစ်ဆေးဝါး ကုန်သွယ်သူ | နမ့်ဖတ်ကာရွာ၊ ကွတ်ခိုင် မြို့နယ် |
| ၇ | မ | ၆၀ | မူးယစ်ဆေးသုံးသူ၏ မိခင် | နမ့်ဖတ်ကာရွာ၊ ကွတ်ခိုင် မြို့နယ် |
| ၈ | ကျား | ၂၂ | မူးယစ်ဆေးသုံးစွဲသူ | မော်ဖောင်၊ မြစ်ကြီးနား မြို့နယ် |
| ၉ | မ | ၅၅ | မူးယစ်ဆေးသုံးစွဲသူ၏ ဇနီး | ဟန်ကိုင်၊ မူဆယ် မြို့နယ် |
| ၁၀ | ကျား | ၃၆ | ရွာသား | ဆိုင်းတောင်၊ ဖားကန့်မြို့နယ် |
| ၁၁ | မ | ၃၂ | မူးယစ်ဆေးသုံးစွဲသူ၏ ဇနီး | ဟန်ကိုင်၊ မူဆယ်မြို့နယ် |
| ၁၂ | ကျား | ၄၁ | မူးယစ်ဆေးဝါး ကုန်သွယ်သူ | မန်းဝင်း၊ မန်စီ မြို့နယ် |
| ၁၃ | ကျား | ၂၃ | မူးယစ်ဆေးသုံးစွဲသူ | ကြိုင်လန်ရွာ၊ မူဆယ် မြို့နယ် |
| ၁၄ | ကျား | ၄၇ | မူးယစ်ဆေးဝါး ကုန်သွယ်သူ | နမ့်ဖတ်ကာရွာ၊ ကွတ်ခိုင် မြို့နယ် |
| ၁၅ | မ | ၂၉ | မူးယစ်ဆေးဝါး ကုန်သွယ်သူ | ကချင်စု ရပ်ကွက်၊ မြစ်ကြီးနား မြို့နယ် |
| ၁၆ | မ | ၅၃ | မူးယစ်ဆေးသုံးစွဲသူ၏ မိခင် | ကြိုင်လန်းရွာ၊ မူဆယ် မြို့နယ် |
| ၁၇ | မ | ၂၃ | မူးယစ်ဆေးသုံးစွဲသူ၏ ဇနီး | ဟန်ကိုင်၊ မူဆယ်မြို့နယ် |
| ၁၈ | ကျား | ၃၄ | မူးယစ်ဆေးသုံးစွဲသူ | ဖားကန့်မြို့နယ် |
| ၁၉ | ကျား | ၁၉ | မူးယစ်ဆေးသုံးစွဲသူ | မော်မူဘွမ်၊ ဖားကန့်မြို့နယ် |
| ၂၀ | ကျား | ၅၁ | မူးယစ်ဆေးသုံးစွဲသူ | မန်ဆိုင်ရွာ၊ မန်စီမြို့နယ် |
| ၂၁ | ကျား | ၄၅ | မူးယစ်ဆေးသုံးစွဲသူ | မော်မူဘွမ်၊ ဖားကန့်မြို့နယ် |
| ၂၂ | ကျား | ၂၂ | မူးယစ်ဆေးသုံးစွဲသူ | လိုင်ဇာ၊ ဒေါဖုန်းယာန် မြို့နယ်ခွဲ၊ ဗန်းမော်ခရိုင် |
| ၂၃ | မ | ၃၇ | မူးယစ်ဆေးသုံးစွဲသူ၏ ဇနီး | ကြိုင်လန်းရွာ၊ မူယယ်မြို့နယ် |
| ၂၄ | မ | ၆၅ | မူးယစ်ဆေးသုံးစွဲသူ၏ ဇနီး | ခူးမှန်း၊ မူဆယ်မြို့နယ် |

| စဉ် | ကျား/မ | အသက် | တွေ့ဆုံမေးမြန်းခဲ့သူ | နေရာ |
|---|---|---|---|---|
| ၂၅ | မ | ၃၈ | မူးယစ်ဆေးသုံးသူ၏ ဇနီး | ကြိုင်လန်း၊ မူဆယ်မြို့နယ် |
| ၂၆ | မ | ၂၉ | မူးယစ်ဆေးသုံးသူ၏ ဇနီး | ဒီမာ၊ မူဆယ်မြို့နယ် |
| ၂၇ | ကျား | မသိ | သင်းအုပ်ဆရာ (ကချင်နှစ်ချင်းအသင်းတော်) | မြစ်ကြီးနားမြို့နယ် |
| ၂၈ | မ | ၇၅ | မူးယစ်ဆေးသုံးစွဲသူ၏ မိခင် | ကြိုင်လန်း၊ မူဆယ်မြို့နယ် |
| ၂၉ | မ | ၂၂ | မူးယစ်ဆေးသုံးစွဲသူ | ဝိုင်းမော်ရွာ၊ မြစ်ကြီးနား မြို့နယ် |
| ၃၀ | မ | ၃၈ | မူးယစ်ဆေးသုံးစွဲသူ | လဂျားယန် ဒုက္ခသည်စခန်း၊ ဒေါ့ဖုန်းယန် မြို့နယ်ခွဲ၊ ဗန်းမော်ခရိုင် |
| ၃၁ | မ | ၃၂ | မူးယစ်ဆေးသုံးစွဲသူ၏ အဒေါ် | စီတာပူ ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ် |
| ၃၂ | ကျား/မ | မသိ | ပြန်လည်ပြုစုပျိုးထောင် ရေးစခန်း ခေါင်းဆောင်များ | ဒူကထောင် ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ် |
| ၃၃ | ကျား | ၂၃ | မူးယစ်ဆေးသုံးစွဲသူ | နမ့်ဂွန်၊ ဗန်းမော်မြို့နယ် |
| ၃၄ | ကျား | ၂၉ | မြစ်ကြီးနား တက္ကသိုလ်ကျောင်းဆရာ | မြစ်ကြီးနားမြို့နယ် |
| ၃၅ | ကျား | ၃၆ | သင်းအုပ်ဆရာ | လွိုင်ဝေါ်ဖွမ်ရွာ၊ လားရှိုးမြို့နယ် |
| ၃၆ | ကျား | ၃၉ | မူးယစ်ဆေးသုံးစွဲသူ | ကချင်စု ရပ်ကွက်၊ မြစ်ကြီးနား မြို့နယ် |
| ၃၇ | ကျား | ၂၅ | မူးယစ်ဆေးသုံးစွဲသူ | လွိုင်ဂျယ်၊ ဗန်းမော်မြို့နယ် |
| ၃၈ | ကျား | ၆၅ | သင်းအုပ်ဆရာ | ဖိုင်ကောင်း၊ ကွတ်ခိုင် မြို့နယ် |
| ၃၉ | ကျား/မ | မသိ | ကွင်းလင်းလုပ်သား၊ ဓာတုဆေးဝါးအပေါ် မှီခိုနေရသူများ (PCD) | မြစ်ကြီးနားမြို့နယ် |
| ၄၀ | ကျား/မ | မသိ | ကျောင်းကော်မတီအဖွဲ့ဝင် | လရီမာဂါယန်၊ ချီဖွေ မြို့နယ် |
| ၄၁ | မ | ၂၈ | မူးယစ်ဆေးသုံးသူ၏ ဇနီး | အင်ဘာပါ၊ မန်စီမြို့နယ် |
| ၄၂ | ကျား | ၄၃ | မူးယစ်ဆေးသုံးစွဲသူနှင့် ကုန်သွယ်သူ | ဂတ်ချန်ယန်၊ မြစ်ကြီးနားမြို့နယ် |
| ၄၃ | ကျား | ၂၇ | မူးယစ်ဆေးသုံးစွဲသူ | မြစ်ကြီးနားမြို့နယ် |
| ၄၄ | မ | မသိ | မူးယစ်ဆေးသုံးစွဲသူ၏အဒေါ် | စီတာပူ ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ် |
| ၄၅ | ကျား | မသိ | ဥပဒေကျောင်းသား (ဗန်းမော်တက္ကသိုလ်) | ဗန်းမော်မြို့နယ် |
| ၄၆ | ကျား | ၂၂ | မူးယစ်ဆေးသုံးစွဲသူ | လိုင်ဇာ၊ ဒေါ်ဖုန်းယာန် မြို့နယ်ခွဲ၊ ဗန်းမော် ခရိုင် |
| ၄၇ | ကျား | ၆၄ | မူးယစ်ဆေးသုံးစွဲသူ | နမ့်ဖတ်ကာရွာ၊ ကွတ်ခိုင် မြို့နယ် |
| ၄၈ | မ | ၃၈ | မူးယစ်ဆေးသုံးစွဲသူ | လိုင်ဇာ၊ ဒေါ်ဖုန်းယာန် မြို့နယ်ခွဲ၊ ဗန်းမော် ခရိုင် |

| စဉ် | ကျား/မ | အသက် | တွေ့ဆုံမေးမြန်းခဲ့သူ | နေရာ |
|---|---|---|---|---|
| ၄၉ | မ | ၈ | မူးယစ်ဆေးသုံးစွဲသူ | လိုင်ဇာ၊ ဒေါဖုန်းယာန် မြို့နယ်ခွဲ၊ ဗန်းမော်ခရိုင် |
| ၅၀ | ကျား | ၄၃ | မူးယစ်ဆေးသုံးစွဲသူ | နမ့်ဖတ်ကာရွာ၊ ကွတ်ခိုင် မြို့နယ် |
| ၅၁ | မ | မသိ | ဖိုင်အောင် စခန်းကော်မတီ ခေါင်းဆောင် | လိုင်ဇာ၊ ဒေါဖုန်းယာန် မြို့နယ်ခွဲ၊ ဗန်းမော် ခရိုင် |
| ၅၂ | ကျား | ၆၃ | မူးယစ်ဆေးသုံးစွဲသူ | ဖားကန့်မြို့နယ် |
| ၅၃ | မ | မသိ | မူးယစ်ဆေးဝါးဆန့်ကျင် ရေးအဖွဲ့ ခေါင်းဆောင် | ဂျန်မိုင်ကောင်ရပ်ကွက်၊ မြစ်ကြီးနား မြို့နယ် |
| ၅၄ | ကျား | မသိ | ပါမောက္ခ၊ ဗန်းမော်တက္ကသိုလ် | ဗန်းမော်မြို့နယ် |
| ၅၅ | မ | ၆၀ | အမျိုးသမီးအစည်းအရုံး ခေါင်းဆောင်၊ မုန်းပေါ | မုန်းပေါ်၊ ပန်ဆန်း မြို့နယ်ခွဲ၊ မူဆယ်ခရိုင် |
| ၅၆ | ကျား | ၅၁ | မူးယစ်ဆေးသုံးစွဲသူ | ပန်ဆေး၊ ကွတ်ခိုင် မြို့နယ်ခွဲ၊ မူဆယ်ခရိုင် |
| ၅၇ | မ | ၃၂ | မူးယစ်ဆေးသုံးသူ၏ ဇနီး | မော်မူဘွမ်၊ ဖားကန့်မြို့နယ် |
| ၅၈ | မ | ၃၇ | မူးယစ်ဆေးသုံးသူ၏ ဇနီး | စီတာပူ ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ် |
| ၅၉ | မ | ၂၂ | မူးယစ်ဆေးသုံးသူ၏ ဇနီး | စီတာပူ ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ် |
| ၆၀ | မ | ၁၅ | မူးယစ်ဆေးသုံးသူ၏ အစ်မ | စီတာပူ ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ် |
| ၆၁ | မ | ၂၀ | မူးယစ်ဆေးသုံးသူ၏ အစ်မ | စီတာပူ ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ် |
| ၆၂ | ကျား | ၃၆ | သင်းအုပ်ဆရာ | လားရှိုးမြို့နယ် |
| ၆၃ | ကျား | ၃၀ | ရှေ့နေ | လားရှိုးမြို့နယ် |
| ၆၄ | ကျား | ၄၃ | ကချင်ယဉ်ကျေးမှုအဖွဲ့ဝင် | လားရှိုးမြို့နယ် |
| ၆၅ | မ | ၆၈ | မူးယစ်ဆေးကုန်သွယ်သူနှင့် သုံးစွဲသူ | လားရှိုးမြို့နယ် |
| ၆၆ | ကျား | ၃၉ | ဘိန်းခင်းပိုင်ရှင် | ဆဒုံ မြို့နယ် |
| ၆၇ | ကျား | မသိ | ဘိန်းခင်းပိုင်ရှင် | ပန်းဝါ၊ ချီဖွေမြို့နယ် |
| ၆၈ | ကျား | မသိ | လူထုခေါင်းဆောင် | ဆဒုံ မြို့နယ် |
| ၆၉ | ကျား | ၁၉ | မူးယစ်ဆေးသုံးစွဲသူ | နမ္မတီးရွာ၊ မြစ်ကြီးနားမြို့နယ် |
| ၇၀ | မ | ၅၈ | မူးယစ်ဆေးသုံးစွဲသူ၏ မိခင် | မော်မူဘွမ်၊ ဖားကန့်မြို့နယ် |
| ၇၁ | မ | ၅၆ | မူးယစ်ဆေးသုံးစွဲသူ၏ မိခင် | မော်မူဘွမ်၊ ဖားကန့်မြို့နယ် |
| ၇၂ | မ | ၃၆ | မူးယစ်ဆေးသုံးသူ၏ ဇနီး | မော်မူဘွမ်၊ ဖားကန့်မြို့နယ် |
| ၇၃ | မ | ၃၇ | မူးယစ်ဆေးသုံးသူ၏ ဇနီး | မော်မူဘွမ်၊ ဖားကန့်မြို့နယ် |
| ၇၄ | ကျား | ၇၀ | တာမိုးညဲရွာ အုပ်ချုပ်ရေးမှူး | တားမိုးညဲ၊ ကွတ်ခိုင်မြို့နယ် |
| ၇၅ | ကျား | ၃၀ | ရွာသား | တားမိုးညဲ၊ ကွတ်ခိုင်မြို့နယ် |




မြေပုံ ၊ အစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့သည့် ဒေသများ

*ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) သည်ကချင်အမျိုးသမီးများအရေးလုပ်ဆောင်နေသောလူမှု အဖွဲ့အစည်းတရပ်ဖြစ်သည်။ မိမိတို့သည် ဒေသအဆင့်၊နိုင်ငံအဆင့်၊နိုင်ငံတကာအဆင့်အသီးသီးရှိဆုံးဖြတ်ချက်ချသောနေရာများတွင်ပါဝင်ဆုံးဖြတ်နိုင်ရန်အမျိုးသမီးများအားလုံးစွမ်းရည်မြင့်မားပြီးကချင်ကလေးငယ်များအားလုံးမှာလည်းငှင်းတို့၏စွမ်းရည်များကိုဖြည့်စွမ်းနိုင်မည့်အခွင့်အလမ်းရှိ၍နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုများအားလုံးပပျောက်သောကချင်ပြည်နယ်တခုဖြစ်ပေါ်လာရေးအတွက်မျှော်မှန်းသည်။*

## ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)


Email: kwat.secretariat@gmail.com
kwat.office@gmail.com
website: www.kachinwomen.com



အောက်တိုဘာ ၂၀၁၄